The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

# စီးပွားရေးသတင်းဂျာနယ်

**VOL. 23, NO. 11** | တနင်္လာနေ့တိုင်းထုတ်ဝေသည် | **June 5, 2023**



# မြန်မာ – တရုတ် စီးပွားရေးကုန်စည်ပြပွဲ နေပြည်တော်တွင်ပြုလုပ် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ကိုးခု လက်မှတ်ရေးထိုး

စာမျက်နှာ ၃

**စာကြည့်တိုက်တွေ ရှိဖို့လိုသည်**

၈

**ငါးမွေးမြူရေးကန်များကို တစ်ဧက ကျပ်သိန်း ၂၀၀ နှုန်းဖြင့် အရစ်ကျ ရောင်းချမည်**

၁၈

**ငွေချေးစာချုပ်များ ထုတ်ဝေကာ ရင်းနှီးငွေ ရှာဖွေခြင်း**

၂၅





Thit Shwe Sin I.C.D (Ahlone)
"TSS Depot Facilities"
Welcome to our Depot
Equipment
2 Empty Container Handler
(Kalmar DCF 80-45E7)
Storage Capacity
Initial 2,000 TEU with additional 2,000 TEU after expansion
Land Area - 5 Acres
Reefer Point - 24 points
Operation Hours - 24 hours/day
Depot Owner
Thit Shwe Sin Group of Company
MPA permit No.
HAS Ka/Permit/8/2023
Supporting system
EDI system as our customer wants.
Depot Location
New Strand Road & Ahlone Road Corner (Gate 3) between Adani & Ahlone YCDC Port, Ahlone Township, Yangon, Myanmar.
Our Service
Empty container Storage
- Lift-On / Lift-Off service
- M&R Service including Surveying, Washing and Repairing Container
- Reefer and Tank-tainer Handling



wilmar
MYANMAR
Meizan
Peanut Oil
Meizan
ဆီ | ဆန် | ဂျုံ | သကြား
Meizan Myanmar
Plot No.20/21, Thilawa Port Development Zone, Kyauktan Township, Yangon, Myanmar. Ph : +959 33162666

# မြန်မာ-တရုတ် စီးပွားရေးကုန်စည်ပြပွဲ နေပြည်တော်တွင်ပြုလုပ် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ကိုးခု လက်မှတ်ရေးထိုး

တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) တွင် မေ ၂၅ ရက်မှစ၍ ပြုလုပ်ခဲ့သည်။ အဆိုပါကုန်စည်ပြပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai၊ လင်ချန်းမြို့ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားခဲ့သည်။



မြန်မာ(နေပြည်တော်)- တရုတ်( လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သည်များအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး၊ ကုန်သွယ်လုပ်ငန်းရှင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိရေး၊ စီးပွားလုပ်ငန်းနှင့် စက်မှုအနုပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး စသည့် ရည်ရွယ်ချက်များချမှတ်၍ ကျင်းပဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

"ကုန်စည်ပြပွဲကာလအတွင်းမှာ နှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပမည့်အပြင် သဘောတူညီမှု စာချွန်လွှာပါ MoU များကိုလည်း လက်မှတ်ရေးထိုးသွားကြမှာ ဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း ကုန်စည်ပြပွဲများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲများ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းလိုပါတယ်"ဟု ၎င်းကပြောသည်။

ယခုကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ စုစုပေါင်း ၆၀ ကျော်မှ ပြခန်းပေါင်း ၇၀ ကျော်တွင် ဒေသထွက် စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင် ပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ လက်ဖက်နှင့် ကော်ဖီ၊ လယ်ယာထွက်ကုန်များ၊ ကြိမ်နှင့် ဝါးထွက်ကုန်များ၊ သစ်သားပန်းပုများ၊ ပရိဘောဂများနှင့် ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ပါဝင်ပြသသွားကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံဘက်မှလည်း ကုန်သည်လုပ်ငန်းရှင်၊ ကုမ္ပဏီ ၇၀ ကျော် ပြခန်းပေါင်း ၄၀ ကျော်တွင် စားသောက်ကုန်များ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ပါဝင်ပြသကြောင်း သိရသည်။

"ဒီနေ့ စတုတ္ထအကြိမ်မြောက် နယ်စပ်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အားသစ်လောင်းပေးမှာဖြစ်တယ်။ နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲဆိုတဲ့ ပလက်ဖောင်းကို နှစ်ဦးနှစ်ဖက်မှ ကောင်းမွန်စွာ အသုံးပြုပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ စီးပွားကုန်သွယ်မှု အခွင့်အလမ်းကိုဖော်ထုတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကိုနက်ရှိုင်းလာခြင်းဖြင့် ဘက်ပေါင်းစုံတဲ့ နယ်ပယ်အသီးသီးမှ လက်တွေ့ကျတဲ့ အောင်မြင်မှုရလဒ်များကို ရရှိနိုင်ဖို့ ကြိုးစားဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက်မှ လူမှုစီးပွားဖွံ့ဖြိုးမြှင့်တင်စေရန် ပြည်သူလူထုတို့ရဲ့ ချမ်းမြေ့မှုကို ပိုမိုဖန်တီးရန် မျှော်လင့်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ပြောသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် မြန်မာဘက်နှင့် အတူ အပြန်အလှန် သင်ယူလေ့လာမှုကို အားကောင်းလာစေရန်၊ ချစ်ခင်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းလာစေရန်၊ မြန်မာဘက်ကို ထောက်ခံအားပေးရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ ဖြိုးတိုးတက်မှုအတွက် တရုတ်ဘက်၏ ဉာဏ်ရည်နှင့်အင်အားဖြင့် ပံ့ပိုးကူညီပေးရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

မြန်မာ -တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်စည်ပြပွဲများကို မြန်မာနိုင်ငံ မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တို့တွင် မူဆယ်-ရွှေလီ နယ်စပ်ကုန်စည်ပြပွဲအဖြစ် ပုံမှန်ကျင်းပလျက်ရှိကြောင်း၊ အလားတူ မြန်မာနိုင်ငံ လားရှိုးမြို့နှင့် တရုတ်နိုင်ငံ လင်ချန်းမြို့တို့ကြား နှစ်နိုင်ငံကုန်စည်ပြပွဲ အလှည့်ကျကျင်းပရေး သဘောတူညီမှု စာချွန်လွှာကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် တရုတ်နိုင်ငံ လန်ချန်းမြို့ ပြည်သူ့အစိုးရတို့အကြား Virtual စနစ်ဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်အရ လားရှိုးမြို့နှင့် လင်ချန်းမြို့တို့တွင် လားရှိုး-လင်ချန်း နယ်စပ်ကုန်စည်ပြပွဲအဖြစ် နှစ်နိုင်ငံ အလှည့်ကျ ကျင်းပလာခဲ့ကြောင်း၊ ယခုကုန်စည်ပြပွဲကို ပုံမှန်ကျင်းပရမည့် မြန်မာနိုင်ငံ လားရှိုးမြို့အစား နှစ်ဖက်ကုန်သည်လုပ်ငန်းရှင်များ၏ အမြော်အမြင်ကြီးစွာ ပူးပေါင်းဆောင်ရွက်လိုမှု၊ နယ်ပယ်စုံ၊ ကဏ္ဍစုံမြှင့်တင်ဆောင်ရွက်လိုမှု စသည့် ကြီးမားတဲ့ ရည်မှန်းချက်များကို တည်တံ့စေရန်အတွက် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်တွင် လာရောက်ကျင်းပနိုင်ခြင်းသည် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားသည့် ရလဒ်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြောသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန် ပုဂ္ဂလိကလုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကလုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2) ၌ မေ ၂၅ ရက်တွင်ပြုလုပ်ခဲ့သည့် မြန်မာ(နေပြည်တော်) - တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ အဖွင့်အမှာစကား ပြောကြားရာတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးတွင် မြန်မာနိုင်ငံက အဓိကတင်ပို့နေသည့် ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ ဈေးကွက်အတွင်း ကျယ်ပြန့်စွာတင်ပို့နိုင်ရေးသည်လည်း အရေးကြီးသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် ဒေသအတွင်း သဘောတူညီ ချက်များအပြင် နှစ်နိုင်ငံသဘောတူညီချက်များကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်၍ မြန်မာ့ပို့ကုန်များ ဈေးကွက် ပိုမိုရရှိရေး အကန့်အသတ်များ၊ အတားအဆီးများ လျှော့ချပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

ထို့ပြင် နှစ်ဖက် နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်စပ်ဒေသများတွင် ဘဏ်လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရေးတို့ကိုလည်း နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ကြရန်လည်း ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ကုန်သွယ်ဖက်နိုင်ငံများအကြားတွင် တရုတ်နိုင်ငံသည် အဓိက ကုန်သွယ်ဖက်နိုင်ငံတစ်ခုအဖြစ် နှစ်စဉ်ရပ်တည်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုမှာ နယ်စပ်ကုန်သွယ်ရေးသည် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ကိုဗစ်ကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှု ကျဆင်းသွားခဲ့သော်လည်း ကိုဗစ်အလွန်ကာလဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ- တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၈၃၃ သန်းကျော်၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၄၄၆ သန်းကျော်၊ ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၉၁၈၀ ကျော်ရရှိအောင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ယူနန်ပြည်နယ်သို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်းတွင် နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်နိုင်ရန် အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးကို ကိုဗစ်ကာလမတိုင်မီ ယခင်အခြေအနေများထက် ကျော်လွန်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**စာမျက်နှာ ၄ သို့**

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

စာတည်းမှူးချုပ်
ရန်နိုင်လွင်

အုပ်ချုပ်ရေးမှူး
မြမြစိန်

တာဝန်ခံစာတည်း
စိန်သံ

စာတည်းအဖွဲ့
ရဲမင်းနိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး

သတင်းထောက်များ
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
အိမ့်သဇင်ခိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

ထုတ်ဝေသူ
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချီရေး
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
မေသန္တာမိုး

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# ဆန်နှင့်ဆန်ကွဲ တန်ချိန်နှစ်သောင်းငါးထောင်ကျော် တင်ပို့

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၇၂ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၇၉၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၉၆၀၀ ကျော်နှင့် အာရှနိုင်ငံများသို့ တန်တန်ချိန် ၁၁၉၀ကျော် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆန်တင်ပို့သောနိုင်ငံများမှာ တူကီးယေးနိုင်ငံသို့ဆန်တန်ချိန် ၃၃၄၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၅၀၊ အင်္ဂလန်နိုင်ငံသို့ ဆန် ၁၂၇၅ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်၈၇၅ တန်၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၈၀၀၊ အီတလီနိုင်ငံသို့ ဆန် ၆၂၅ တန်၊ ချက်နိုင်ငံသို့ ဆန် ၃၅၄ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန်၂၅၀၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ စလိုဗေးနီးယားနိုင်ငံသို့ဆန် ၁၂၅ တန်နှင့် ရိုမေးနီးယားနိုင်ငံသို့ ဆန် ၁၀၄ တန် အသီးသီးတင် ပို့ခဲ့သည်။ဆန်တင်ပို့သော အာရှနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၅၂၀၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၅၂၀၊ ဟောင်ကောင်သို့ ဆန် ၁၀၃ တန်နှင့် ဩစတြေးလျနိုင်ငံသို့ ဆန်တန် ၅၀ ကျော် တင်ပို့သည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၃၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၀၀ ရှိသဖြင့် ယခင်တစ်ပတ် ဆန်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တန် ၃၅၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၃၁ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၂၈၉၀ ကျော် တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ တန်ချိန် ၅၂၀၊ စင်ကာပူသို့ ၇၅ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ တန်ချိန် ၅၀၀၀၊ စပိန်နိုင်ငံသို့ ၄၃၇၅ တန်၊ နယ်သာလန်နိုင်ငံသို့ ၁၃၇၅ တန်၊ အင်္ဂလန်နိုင်ငံသို့ တန်ချိန် ၇၅၀၊ ပိုလန်နိုင်ငံသို့ တန်ချိန် ၅၅၀၊ လစ်သူရေးနီးယားနိုင်ငံသို့ တန်ချိန် ၂၀၀ ခန့်နှင့် ဟန်ဂေရီနိုင်ငံသို့ တန်ချိန် ၅၀ နီးပါးတင်ပို့ကြောင်း သိရသည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၆၁ သန်း တန်ဖိုးရှိဆန်ကွဲ တန်ချိန်၁၇၁၀ ကျော် တင်ပို့နိုင်ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၁၄၆၀၀ ကျော်ရှိသဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၃၀၀ နီးပါးပိုမို တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတန်ချိန် ၂၅၆၀၀ ကျော်ရှိကြောင်း သိရသည်။

**အေးအေးသန့် (DOT)**

## အာရှနိုင်ငံများ၏ FOB ဆန်စျေးနှုန်းများ

၂-၆-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၁၈ | ၅၂၅ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၀၃ | ၅၁၁ | ↑ | ၄၈၇ | ၅၀၂ | ↑ | ၄၅၇ | ၄၅၇ | - | ၅၂၇ | ၅၄၂ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၄၉၁ | ၄၉၄ | ↑ | ၄၆၇ | ၄၈၇ | ↑ | ၄၄၂ | ၄၃၂ | ↓ | ၄၉၁ | ၄၃၂ | ↓ |
| ပေါင်းဆန် | ၅၁၅ | ၅၂၃ | ↑ | - | - | - | - | - | - | - | - | - |

***Source: thairiceexporters***

## ပြည်တွင်းမြို့ကြီး(၂-၆-၂၀၂၃)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညွှန့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၁၇၀၀၀ | ↑ | ၆၃၀၀၀ | ↑ | | | | |
| ပုသိမ် | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ပဲခူး | ၁၄၇၂၀ | ↑ | ၅၇၅၀၀ | ↑ | | | | |
| ရွှေဘို | ၁၉၅၀၀ | - | ၈၀၀၀၀ | - | ၂၈၅၀၀ | - | ၉၀၀၀၀ | - |
| စစ်တွေ | ၁၆၇၀၀ | ↑ | ၇၃၀၀၀ | ↑ | ၁၉၈၀၀ | ↑ | ၈၂၀၀၀ | ↑ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၁၈၀၀၀ | - | ၆၈၀၀၀ | - | | | ၇၇၀၀၀ | - |
| ရန်ကုန်(ဝါးတန်း) | ၁၅၀၀၀ | - | ၆၈၀၀၀ | - | | | ၇၇၀၀၀ | - |
| မန္တလေး | ၁၈၀၀၀ | - | ၆၅၀၀၀ | - | | | ၈၅၀၀၀ | - |
| မကွေး | ၁၆၀၀၀ | - | ၆၅၀၀၀ | - | | | ၁၀၅၀၀၀ | - |
| မော်လမြိုင် | ၁၆၅၀၀ | ↑ | ၆၄၀၀၀ | ↓ | ၂၀၀၀၀၀ | ↑ | ၈၁၅၀၀ | - |
| မြိတ် | ၁၅၃၀၀ | - | ၇၀၀၀၀ | - | | | ၉၈၀၀၀ | - |
| ဘားအံ | ၁၇၀၀၀ | - | ၆၃၅၀၀ | - | | | ၉၀၀၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ညွှန့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေးတို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန် စျေးနှုန်းများ

စစ်ကိုင်းတိုင်း ဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူနှင့် ရွှေဘိုခရိုင်များ အနေဖြင့် ကန့်ဘလူခရိုင်တွင် ဧရာမင်း စပါးစျေး အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် စျေးအေးနေကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မေလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် စျေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဧရာမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၉၅၀၀၀၀၊ ဧရာ မင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၈၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ပေါ်ဆန်း(ဆန်) တစ်အိတ်လျှင်ကျပ် ၉၀၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ၁၉၅၀၀၀၀၊ ဧရာမင်း (ဆန်)၂၄ ပြည်ပါ တစ်အိတ် ၈၀၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ညွှန့်မထ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ညွှန့်မထ (ဆန်) ၂၄ပြည်ပါ တစ်အိတ်မှာ ကျပ် ၇၀၀၀၀၊ ငစိန်(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ငစိန် (ဆန်)၂၄ပြည်ပါ တစ်အိတ်မှာ ၆၈၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ဧရာမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၇၇၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ မှော်ဘီ(၂)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆၅၀၀၀၀၊ မှော်ဘီ(၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ဆင်းဧကရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀၀၀၊ ဆင်းဧကရီ-၃ ဆန် ၂၄ ပြည်တစ်အိတ်မှာ ကျပ် ၆၃၀၀၀၊ ဧရာမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၇၅၀၀၀၀၊ ဧရာမင်း(ဆန်) ၂၄ပြည် ဆန် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ဧရာမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ မနောသုခ (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၅၀၀၀၀၊ ဧရာမင်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ မေလ စတုတ္ထပတ်တွင် အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၂၆၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၈၄၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၇၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ၇၅၀၀၊ ကချင်သို့ အိတ်ရေ ၁၅၀၀၊ စုစုပေါင်း အိတ်ရေ ၉၀၅၀၀ အိတ်၊ တန်အားဖြင့် ၄၅၂၅ စီးထွက်ခဲ့ပြီး မေလနောက်ဆုံးပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၂၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၆၉၀၀၊ မကွေး သို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၀၀၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၈၀၀၀၊ ရှမ်း(မြောက်)သို့အိတ်ရေ ၈၀၀၀၊ ကချင်သို့ အိတ်ရေ ၁၅၀၀၊ စုစုပေါင်းအိတ်ရေ ၈၉၀၀၀ အိတ်၊ တန်အားဖြင့် ၄၄၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အိတ်ရေ ၁၅၀၀၊ တန်အားဖြင့် ၇၅ လျော့နည်း စီးထွက်ခဲ့ကြောင်း သိရသည်။

**တင်မာဝေ(မုံရွာ)**

**စာမျက်နှာ (၃) မြန်မာ-တရုတ် စီးပွားရေးကုန်စည်ပြပွဲ ... မှအဆက်**

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ကမကထပြု၍အကောင်အထည်ဖော်ဆောင်ရွက်နေသည့် "ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း" အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တရုတ်- မြန်မာစီးပွားရေးစင်္ကြံကို နှစ်နိုင်ငံပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် သဘောတူညီထားပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောသည်။

အဆိုပါသဘောတူညီချက်အရ အခြေခံအဆောက်အအုံ တည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများ စတင်နိုင်ရန် အစပျိုးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းအစီအစဉ်အရ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကိုလည်း တည်ထောင်သွားရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu၊ လင်ချန်းမြို့ စီးပွားရေးဌာန၊ ညွှန်ကြားရေးမှူး Mr.Zhou Yongzhi တို့က အမှာစကားများ အသီးသီး ပြောကြားခဲ့ကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံမှ ကုမ္ပဏီများက နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး နှစ်နိုင်ငံမှ ကုမ္ပဏီ ၁၇ ခုသည် လယ်ယာထွက်ကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ အချိုရည်နှင့် အဖျော်ယမကာ၊ ဆေးဝါးပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ကိုးခုကို လက် မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း သိရသည်။ လေးရက်ကြာပြုလုပ်ခဲ့သည့် အဆိုပါကုန်စည်ပြပွဲ၌ လာရောက်ပြသကြသည့် နှစ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ/ကုမ္ပဏီများအကြား ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများကျင်းပခြင်း၊ နားလည်မှုစာချွန်လွှာနှင့် ကုန်သွယ်မှုသဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းတို့ကိုလည်း နေ့စဉ်ဆောင်ရွက်ခဲ့သည်။

ကုန်စည်ပြပွဲနောက်ဆုံးရက်တွင် AJ Myanmar Co., Ltd. နှင့် Shenyang Tianfeng Bio-Pharm Co., Ltd တို့အကြား ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ Yoma Bank Limited Fully Light Group of Companies နှင့် Kokang Ethnic Entrepreneurs Association Incorporated (KKEEA) တို့အကြား ဘဏ်ငွေပေးချေမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

**MOC (IR)၊ မိုးထက်**

# မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံနှင့် ကြက်သွန်နီ ဈေးနှုန်း/ဈေးကွက် အခြေအနေ

မေလကုန်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ဂျုံဖြူသန့် ဈေးငြိမ်၍ CPပြောင်းဖူးစေ့နှင့် ပဲတီစိမ်းကြီး ဈေးနှုန်းကျဆင်းသွားပြီး ပဲတီစိမ်း သေး၊ ပဲစင်းငုံ၊ ပဲနီလုံးကျား၊ ပဲကြီး၊ မတ်ပဲ၊ 929၊ ကုလားပဲဖြူလုံးသေးနှင့် ကုလားပဲဖြူလုံးကြီး ဈေးနှုန်းများ မြင့်တက်သွားသည်။ မေလကုန်တွင် သီးနှံများ တစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် တစ်တင်းလျှင် ကျပ် ၅၃၅၀၀၊ ပဲစင်းငုံ ကျပ် ၉၂၀၀၀၊ မတ်ပဲ ကျပ် ၇၄၀၀၀၊ ပဲတီစိမ်း (ကြီး) ကျပ် ၆၀၀၀၀-၄၅၀၀၀၊ ပဲတီစိမ်း(သေး)ကျပ် ၄၄၀၀၀၊ ပဲနီလုံးကျား ကျပ် ၅၀၀၀၀ နှင့် ပဲကြီးတစ်တင်းလျှင် ကျပ် ၉၁၀၀၀ ပေါက်ဈေးရှိသည်။ ယခင်လကုန်တွင် ကာလတူပေါက် ဈေးနှုန်းများမှာ ဂျုံဖြူသန့် တစ်တင်းလျှင် ကျပ် ၅၃၅၀၀၊ ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၇၇၀၀၀၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၇၀၀၀၀၊ ပဲတီစိမ်း(ကြီး) ကျပ် ၆၈၀၀၀၊ ပဲတီစိမ်း(သေး) ကျပ် ၄၂၀၀၀၊ ပဲနီလုံးကျား တစ်တင်းလျှင် ကျပ် ၄၅၀၀၀ နှင့် ပဲကြီးတစ်တင်းလျှင် ကျပ် ၈၇၀၀၀ ပေါက်ဈေးရှိ၍ ကာလတူနှင့်နှိုင်းယှဉ်ပါက ဂျုံဖြူသန့် ဈေးငြိမ်၍ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၈၀၀၀ နှုန်းကျဆင်းသွားပြီး၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၀၀၀၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၄၀၀၀၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၄၀၀၀ ၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၅၀၀၀ နှင့် ပဲနီလုံးကျား တစ်တင်းလျှင် ကျပ် ၅၀၀၀ မြင့်တက်နေကြောင်း သိရသည်။

ကုလားပဲ(မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၈၄၅၀၀၊ ကုလားပဲဖြူလုံးသေး ကျပ် ၈၄၅၀၀၊ 929 တစ်တင်းလျှင် ကျပ် ၈၁၅၀၀ ပေါက်ဈေးရှိပြီး ယခင်လကုန် ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၇၂၅၀၀၊ ကုလားပဲဖြူလုံးသေး ကျပ် ၇၂၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၇၁၀၀၀ ပေါက်ဈေးရှိ၍ ယခင်လကုန် ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက 929 တစ်တင်းလျှင် ကျပ် ၁၀၅၀၀၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ကျပ် ၁၂၅၀၀ နှင့် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၁၂၀၀၀ ဈေးနှုန်းများ မြင့်တက်သွားကြောင်း သိရသည်။ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၁၉၇၀၀ ပေါက်ဈေးရှိသည်။ ယခင်လကုန် ကာလတူပေါက်ဈေးနှုန်းမှာ CPပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၂၀၃၀၀ ရှိ၍ ယခင်လကုန်နှင့် နှိုင်းယှဉ်ပါက CPပြောင်းဖူးစေ့ ဈေးအနည်းငယ် ကျဆင်းသွားကြောင်း သိရသည်။

မေလနောက်ဆုံးပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၂၀၀၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။ ပွဲရုံသို့ ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်း အဆွဲများရှိခြင်း၊ ရန်ကုန်-မန္တလေးနှင့် ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော ကြက်သွန်နီ ပေါက်ဈေးနှုန်းများမှာ တစ်ပိဿာ ပေါက်ဈေးနှုန်းများမှာ လက်ကား(ကြီး) ကျပ် ၂၂၀၀-၂၁၀၀၊ (လတ်) ကျပ် ၂၀၀၀-၁၈၅၀၊ (သေး) ကျပ် ၁၇၀၀-၁၄၀၀ ပေါက်ဈေးရှိပြီး အလုံးဆိုဒ် အစိုခြောက် အရောင်အသွေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှုများ ရှိနေသည်။ ကြက်သွန်နီ လက်လီဈေးနှုန်းများမှာ (ကြီး) ကျပ် ၂၆၀၀- ၂၄၀၀၊ (လတ်) ကျပ် ၂၃၀၀- ၂၀၀၀၊ (သေး) ကျပ် ၁၉၀၀- ၁၆၀၀ရှိသည်။ ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ)ကျပ် ၈၀၀၀-၈၅၀၀၊ (ရှမ်းစ) ကျပ် ၆၅၀၀-၇၀၀၀၊ ကြူကုတ် ကျပ် ၅၅၀၀-၆၀၀၀ ဖြင့် ပစ္စည်းအရည်အသွေးပေါ် မူတည်ပြီး အသီးသီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ဇေယျာကုန်သွယ်မှုဗဟိုဌာန**

# မိုးမြေပဲများ စတင်စိုက်ပျိုး


မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မေ ၁၈ ရက်၌ ရွာသွန်းခဲ့သော မိုးကြောင့် မိုးမျှော်နေသော တောင်သူများမှာ မိုးမြေပဲများကို စတင်စိုက်ပျိုးနိုင်ခဲ့ကြသည်။

ငါန်းဇွန်မြို့နယ်အနေဖြင့် ယခင်နှစ် မိုးမြေပဲကို စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ၁၈၂၆၀ ဧကရှိခဲ့ပြီး စိုက်ပျိုးမှုအနေဖြင့် ၁၈၃၁၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၄၇ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင် စိုက်ပျိုးရန် လျာထားဧက ၁၈၂၆၅ ဧကရှိကြောင်း သိရှိရသည်။ တောင်သူများမှာ မိမိတို့၏ မြေယာဖြစ်ထွန်းမှု၊ ရာသီဥတုအခြေအနေနှင့် တိရစ္ဆာန်များ ဖျက်ဆီးစားသောက်မှု အခြေအနေများပေါ် မူတည်၍ စိုက်ပျိုးကြသည်။ နေရာဒေသနှင့် မြေအခြေအနေပေါ် မူတည်၍ တချို့မှာ ပင်ပြားပဲမျိုးကို စိုက်ကျင်းဖော်၍ စိုက်ပင်တစ်ကျင်းလျှင် မြေပဲဆံ စေ့ ၄၊ ၅ စေ့ နှုန်းဖြင့် ထည့်သွင်းစိုက်ပျိုးကြပြီး တချို့မှာလည်း ပင်ထောင်မျိုးကို တန်းဆွဲ၍ စိုက်ပျိုးမှုများလည်းရှိသည်။ ယခင်နှစ် ပဲစိုက်ရာသီတွင် မျိုးပဲဈေးနှုန်းအနေဖြင့် ပဲဆံတစ်ပြည်လျှင် ကျပ် ၅၀၀၀၊ အတောင့်တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဝန်းကျင်သာ ရှိခဲ့ပြီး ယခုနှစ်တွင် မျိုးပဲဆန်တစ်ပြည်လျှင် ကျပ် ၇၀၀၀၊ အတောင့် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်များရှိကြောင်း သရက္ကန်အုပ်စု အောင်ချမ်းသာကျေးရွာ ပဲစိုက်တောင်သူများထံမှ သိရှိရသည်။

အုပ်စုအတွင်းရှိ ကျေးရွာများအနေဖြင့် ပင်ထောင်မျိုးများကို အတန်းဆွဲ၍ အတန်းချစိုက်ပျိုးကြပြီး မိုးမြေပဲနှင့်အတူ ပဲစင်းငုံသီးနှံကိုလည်း မြေပဲစိုက်တန်း လေးတန်းလျှင် ပဲစင်းငုံတစ်တန်းဖြင့် သီးညှပ်ထည့်သွင်း စိုက်ပျိုးကြသည်။ မိုးမြေပဲကို နှစ်စဉ် မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ရိတ်သိမ်းထွက်ပေါ်သည်။ တောင်သူများအနေဖြင့် မိုးသီးနှံများ စိုက်ပျိုးချိန်ရောက်လျှင် မိုးကိုမျှော်လင့်နေရကြောင်း၊ ယခုတွင် မိုးရွာသွန်းခဲ့၍ မိမိတို့ဒေသတွင် တောင်သူများလုပ်ငန်းခွင် စတင်နိုင်သော်လည်း မုန်တိုင်းတိုက်ရိုက်ကျရောက်ခဲ့သည့် ဒေသများအတွက်လည်း စိတ်မကောင်းဖြစ်မိပါကြောင်း၊ ယခင်နှစ်တွင် တောင်သူစိုက်ကွက် တစ်ဧကအထွက်နှုန်း အနေဖြင့် တင်း ၃၀ နှင့် ၄၀ နှုန်းခန့် ထွက်ရှိကြောင်း၊ စိုက်ပျိုးသည့် ယာမြေ၊ ရာသီဥတုနှင့် အပင်ပြုစုမှုအပေါ် မူတည်၍ အထွက်နှုန်းများ ပြောင်းလဲကွာခြားမှုရှိကြောင်း၊ ယခင်နှစ် မြေပဲပေါ်ချိန် အဖွင့်၊ အပိတ် ရွာဈေးအနေဖြင့် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း၊ အစစအရာရာ ဈေးနှုန်းများ မြင့်တက်နေပြီး စိုက်ပျိုးမှုတွင်လည်း ထည့်သွင်းရသည့် သွင်းအားစုဈေးနှုန်းများ ကြီးမားသည့်အတွက် ရာသီဥတုကောင်းမွန်စေရန်နှင့် သီးနှံပေါ်ချိန်မှာလည်း ဈေးနှုန်း ဈေးကွက်များ ကောင်းရန်မျှော်လင့်ကြောင်း အောင်ချမ်းသာကျေးရွာ မြေပဲစိုက်တောင်သူ ဦးသဲဇော်က ပြောသည်။

**စောသန်းအောင်**

# ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော်ရရှိ



မေ၁၃ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း ပြည်ပနိုင်ငံများသို့ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ စုစုပေါင်း တန်ချိန် ၆၇၃၈၀ ကျော်တင်ပို့ခဲ့ ပြီး တရုတ်နိုင်ငံ၊ အိန္ဒိယ၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။

**ပဲတီစိမ်း**

မေ ၁၃ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၁၄ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၃၁၉၀၀ ကျော် တင်ပို့ခဲ့သည်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ တန်ချိန် ၁၉၁၇၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၈၀၀၀ ကျော်၊ မလေးရှားသို့ ၂၇၅ တန်နှင့် ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

ပဲတီစိမ်းကို ပင်လယ်ရေကြောင်းအပြင် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှလည်း တန်ချိန် ၃၀၂၀ တင်ပို့ခဲ့သဖြင့် ပဲတီစိမ်းတင်ပို့မှု တန်ချိန် စုစုပေါင်း ၃၄၉၂၀ ကျော်ရှိကြောင်း သိရှိရသည်။

**မတ်ပဲ**

မေ ၁၃ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၀၁၃ သန်းတန်ဖိုးရှိ မတ်ပဲတန်ချိန် ၂၅၅၆၀ ကျော် တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၅၈၀၀၊ မလေးရှားသို့ တန်ချိန် ၁၃၇၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၄၈၀ ကျော်တင်ပို့ပြီး အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ထိုင်းနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ထို့ပြင် မြန်မာ- ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ မတ်ပဲတန်ချိန် ၁၂၈ တန် တင်ပို့ခဲ့သဖြင့် မတ်ပဲတန်ချိန် စုစုပေါင်း ၂၅၆၀၀ ကျော် တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

မေ ၁၃ ရက်မှ ၂၆ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၂၃ သန်းတန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၆၈၆၀ ကျော် တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၆၇၀၀ ကျော် တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ ၁၂၅ တန် တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပဲမျိုးစုံတင်ပို့မှုမှာ တန်ချိန် ၆၇၃၈၀ ကျော်ရှိပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅၆၇ သန်းကျော်ရရှိခဲ့သည်။ **CJ**

# မေလအတွင်း သိမ်ဖြူဈေးတွင် ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ/နီ လက်ကားဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးကြီးအတွင်း ကြက်သွန်ဖြူနှင့် ကြက်သွန်နီများအား ကား၊ ရထားတို့ဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ရှမ်းပြည်နယ်တို့မှ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး လက်လီလက်ကား ပြန်လည်ရောင်းချလျက်ရှိရာ မေလပထမပတ်တွင် ကြက်သွန်နီ(ဆိပ်ဖြူ)အဝင် ၃၉၁၅၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) ပိဿာ ၅၅၅၀ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ(ဆိပ်ဖြူ)လက်ကားဈေးမှာ ၁ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၂၅၀၀ ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ၇၀၀၀ ထိရှိခဲ့သည်။ မေလ ဒုတိယပတ်အတွင်း ကြက်သွန်နီ(ဆိပ်ဖြူ)အဝင် ပိဿာ ၃၄၉၀၀ နှင့် ကြက်သွန်ဖြူ(ကြူကုတ်) ပိဿာ ၁၁၅၀၀ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ(ဆိပ်ဖြူ) လက်ကားဈေးမှာ တစ် ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၁၀၀ ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၇၅၀၀ ထိဖြစ်ခဲ့သည်။ မေလ တတိယပတ်အတွင်း ကြက်သွန်နီ(ဆိပ်ဖြူ)အဝင် ပိဿာ ၃၅၉၀၀ နှင့် ကြက်သွန်ဖြူ(ကြူကုတ်) ပိဿာ ၁၁၂၀၀ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ(ဆိပ်ဖြူ) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၂၆၀၀ ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၆၅၀၀ ထိရှိခဲ့သည်။ မေလ စတုတ္ထပတ်အတွင်း ကြက်သွန်နီ(ဆိပ်ဖြူ)အဝင် ၃၅၀၀၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) (၉၈၅၀) ပိဿာဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ(ဆိပ်ဖြူ) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၂၀၀ ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ၇၂၀၀ ထိဖြစ်ပေါ်ခဲ့ပြီး ကြက်သွန်နီဈေးနှုန်းမှာ အနည်းငယ် ကျဆင်းလျက်ရှိပြီး ကြက်သွန်ဖြူဈေးနှုန်းမှာ အတက်အကျဖြစ်လျက်ရှိကြောင်း ဈေးတာဝန်ခံရုံးမှ သိရသည်။

**နှင်းနွယ် (DOCA YGN)**

# Hydrogen Electrical Energy Exhibition 2023 (HEY 2023) သို့ မြန်မာမှလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

ကိုရီးယားသမ္မတနိုင်ငံ Ulsan NrdKU, Ulsan Exhibition Convention Center (UECO) ၌ နိုဝင်ဘာ ၁ ရက် မှ ၃ ရက်အထိ ပြုလုပ်မည့် Hydrogen Electric Energy Exhibition 2023 (HEY 2023)သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသည် အနာဂတ်တွင် Hydrogen၊ Electric၊ Energy နှင့် Full Cell Industries တို့အကြား အပြန်အလှန်မှီခိုသည့် ဂေဟစနစ်တစ်ခုကို ဖန်တီးပေးကာ ယင်းကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်ပေးနိုင်မည့် ပြပွဲတစ်ခုဖြစ်ကြောင်း၊ ပြပွဲသို့ ကုမ္ပဏီစုစုပေါင်း ၁၀၀ ခန့်မှ ပြခန်း ၄၀၀ ခန့် လာရောက်ခင်းကျင်းပြသရန် စီစဉ်ထားရှိပြီး ဧည့်သည်ဦးရေ ၁၀၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ်- moctradefair@myantrade.gov.mm, ဖုန်း-၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။ **MOC (IR)**

# ဂျပန်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန် ဖိတ်ကြား

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Big Sight East Hall 5 ၌ ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိကျင်းပမည့် 35th Manufacturing World Japan- New Value Creation Exhibition in Mechanical Components and Materials Technology Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ကိုယ်စားလှယ်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသည် ဂျပန်နိုင်ငံ၏ အကြီးဆုံးဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပြပွဲတစ်ခုဖြစ်ကြောင်း၊ ယင်းပြပွဲတွင် စက်နှင့် စက်ကိရိယာ အပိုပစ္စည်းများနှင့် ထုတ်လုပ်မှု နည်းပညာများကို ပြသမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပြခန်းပေါင်း ၁၇၅၀ ခန်း ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြခန်းများ ပြသလိုပါက ပါဝင်ပြသနိုင်ရန် SME Support Japan က ဖိတ်ကြားထားကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ်- moctradefair@myantrade.gov.mm ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

**MOC (IR)**

# Guangdong and Macao Branded Products Fair 2023 (GMBPF) သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

မကာအိုအထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့ရှိ Galaxy International Convention Center ၌ ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ (၁၅) ကြိမ်မြောက် ကျင်းပပြုလုပ်မည့် မကာအိုနှင့် ကွမ်တုံဒေသ ကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲ - ၂၀၂၃ (15th Guangdong and Macao Branded Products Fair 2023 – GMBPF ) သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲ၌ မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်ကုန်များ၊ အိမ်သုံးပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာနှင့် အခြားကုန်စည်များအား လာရောက်ပြသနိုင်မည်ဖြစ်ပြီး ကွမ်တုံ-ဟောင်ကောင်-မကာအိုဒေသနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်မည်ဖြစ်ကာ အပြန်အလှန် စီးပွားရေးချိတ်ဆက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းအား ဗဟိုပြု၍ တရုတ်နိုင်ငံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတစ်လျှောက်ရှိ အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ် GMBPF ပြပွဲ၏ မြန်မာနိုင်ငံဆိုင်ရာပြခန်းတွင် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းပေါင်း ၂၀ ခန်း ရရှိမည်ဖြစ်ကြောင်း၊ ပြခန်းတစ်ခန်းအတွက် မကာအိုဒေါ်လာ ၁၄၀၀ (အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၄၅) ကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပါဝင်ပြသသူ တစ်ဦးလျှင် ပြခန်းတစ်ခန်းရရှိမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုထားသော ပြခန်းတစ်ခန်းစီအတွက် လာရောက်ပြသမည့် ကုန်စည်များတင်ပို့ရန် (အပြန်သယ်ယူပို့ဆောင်စရိတ်မပါ) မကာအိုဒေါ်လာ ၃၀၀၀ ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အဆိုပါထောက်ပံ့ငွေများအား ပြပွဲစီစဉ်သူများထံ ကုန်တင်ပို့မှု ပြေစာများ ပြသ၍ ပြန်လည်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

ပြပွဲလာရောက်သူများအတွက် သတ်မှတ်ထားသည့် ဟိုတယ်များတွင် ငါးညတာ တည်းခိုနေထိုင်ရန်နှင့် သတ်မှတ်ဟိုတယ်နှင့် ပြပွဲခန်းမအကြားသွားရောက်ရန် မော်တော်ယာဉ်စီစဉ်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် -moctradefair@myantrade.gov.mm ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။ **MOC(IR)**

# ဟိုင်နန် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ အစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် Hainan International Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက် မှ ၁၅ ရက်အထိ ပထမအကြိမ် ကျင်းပပြုလုပ်မည့် ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသအစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲ၌ နိုင်ငံတကာအဆင့်မီ ပြခန်းပေါင်း ၂၅၀၀ ပါဝင်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ဒေသထွက်စားသောက်ကုန်များ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် -moctradefair@myantrade.gov.mm၊ ဖုန်း -၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။ **MOC(IR)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂.၆.၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | MSC DHANTIA | ကုန်သေတ္တာ၄၄၄ တင် ၅၀၆ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | AS SOPHIA | ကုန်သေတ္တာ၁၃၄၀တင် ၉၁၈ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | YANGTAZE CLASSIC | Urea ၂၄၉၂၆ တန်ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | QUANG HAI-09 | Urea ၅၇၀၀ တန်ချဆဲ |
| Wilmar Myanmar Port Terminal | MV MCL-20 | Fertilizer ၂၄၀၀ တန်ချဆဲ |
| International Bulk Terminal Thilawa | JUPITER | Fertilizer တန်ချိန် ၂၀၀၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHARITY | ပြောင်းဖူးတန်ချိန် ၂၄၉၅ တန်တင်ရန် | - | ၃.၆.၂၀၂၃ |
| 21 LUCKY | Steel &Equipment ၂၄၉၄၃ တန်ချရန် | - | ၃.၆.၂၀၂၃ |
| UNION LUCKY | D Bars , တန်ချိန် ၁၂၀၀၀ တန်ချရန် | MALAYSIA | ၇.၆.၂၀၂၃ |
| GENESSIS | Urea (In Bulk) တန်ချိန် ၁၈၀၀၀ တန်ချရန် | CHINA | ၁၃.၆.၂၀၂၃ |
| INLACO ACCORD | Steel ၂၂၀၀၀ တန်ချရန် | CHINA | ၁၅.၆.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SITC HAIPHONE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၆.၂၀၂၃ |
| HANSA SIEGBURG | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၆.၂၀၂၃ |
| ISEACO WISDON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၆.၂၀၂၃ |
| BLPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၆.၂၀၂၃ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၆.၂၀၂၃ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၆.၂၀၂၃ |
| CHERRY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၆.၂၀၂၃ |
| YANTRA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅.၆.၂၀၂၃ |
| SINAR BANDUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၃ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၃ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၃ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၂၃ |
| MAERSK MONGLA | SINGAPORE | သီလဝါဆိပ်ကမ်း | ၇.၆.၂၀၂၃ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၆.၂၀၂၃ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၆.၂၀၂၃ |
| KOTA HAPAS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၆.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၆.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၆.၂၀၂၃ |

## ၁၈-၅-၂၀၂၃ မှ ၃၁-၅-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 474 | 6 | - | - | - | 480 |
| | Form AANZ | 13 | - | - | - | - | 13 |
| | Form AHK | 9 | - | - | - | - | 9 |
| | Form AI | 191 | 7 | - | - | - | 198 |
| | Form AJ | 35 | 3 | - | - | - | 38 |
| | Form AK | 181 | 1 | - | - | - | 182 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 10 | - | - | - | - | 10 |
| | Form E | 590 | 20 | - | - | - | 610 |
| | Form Korea | 10 | - | - | - | - | 10 |
| | E Form D | 302 | - | - | - | - | 302 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 1815 | 37 | - | - | - | 1852 |

# ပခုက္ကူကုန်စည်ဒိုင်တွင် မေလစတုတ္ထပတ် ပဲမျိုးစုံနှင့် ကြက်သွန်နီ/ဖြူ ဈေးနှုန်းဈေးကွက်

ပခုက္ကူကုန်စည်ဒိုင်တွင် ပခုက္ကူဒေသမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံနီ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲယင်း၊ စွန်တာနီ၊ ပဲလွမ်းပြာနှင့် အခြားပဲမျိုးစုံများ အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် ပဲဈေးနှုန်းများမှာ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၈၄၀၀၀-၈၅၀၀၀- ၈၅၃၀၀ ၊ ကုလားပဲဝါလုံးကြီး (929) တစ်တင်းလျှင် ကျပ် ၇၇၁၀၀-၇၈၅၀၀ ၊ ကုလားပဲဖြူလုံး (V2/V6) တစ်တင်းလျှင် ကျပ် ၇၉၀၀၀၊ ပဲတီစိမ်းကြီးမှာ အရည်အသွေးပေါ် မူတည်ပြီး တစ်တင်းလျှင် ကျပ် ၄၅၀၀၀-၆၆၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၄၂၀၀၀-၄၂၆၀၀-၄၃၇၀၀ ၊ ပဲယင်းနီ တစ်တင်းလျှင် ကျပ် ၇၂၈၀၀ ပဲယင်း (မြစ်ခြေ) တစ်တင်းလျှင် ကျပ် ၄၉၂၀၀၊ ပြောင်းဖူးစေ့(CP) တစ်တင်းလျှင် ကျပ် ၂၀၃၀၀၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၇၉၀၀၀-၈၀၀၀၀ နှင့် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၉၄၀-၉၅၀-၉၆၀ဖြင့် ဥပုသ်နေ့မှလွဲ၍ နေ့စဉ် ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်နေသည်။

ယခုတစ်ပတ်၏ အရောင်းအဝယ်ဖြစ်မှု အိတ်ရေမှာ ပဲစင်းငုံနီ ၉၀၀ အိတ်၊ ကုလားပဲဝါ လုံးကြီး(929) ၂၅၀ အိတ်၊ ကုလားပဲဖြူလုံး (V2/V6) ၂၀၀၊ ပဲတီစိမ်းကြီး ၄၁၀၀၊ ပဲဇီးကွက် အိတ် ၃၀၀၊ ပဲယင်းနီ အိတ် ၁၀၀၊ ပဲယင်း(မြစ်ခြေ) အိတ် ၅၀၊ ပြောင်းဖူးစေ့(CP) အိတ် ၁၀၀၀၊ ထောပတ်ပဲဖြူ အိတ် ၄၅၀ နှင့် မန်ကျည်းတောင့် ကုန်ချိန် ၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပြီး တင်ပို့မှုအနေဖြင့် မြန်မာပြည်အောက်ပိုင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေကြောင်း ကုန်သည်များထံမှ သိရှိရသည်။

ယခုတစ်ပတ် ကြက်သွန်နီ ကုန်စည်ဒိုင်တွင် ကြက်သွန်နီ စိုက်ပျိုးရာ ဒေသများဖြစ်ကြသော ပေါက်၊ ဆိပ်ဖြူ ရေပြာ၊ ကမ္မ၊ ရေစကြိုနှင့် ပခုက္ကူကျွန်းများမှဆောင်းစိုက်ပင်စိုက်များ အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အပြင် အခြားဒေသများဖြစ်သော ပုလဲ၊ မြင်းခြံမြို့ တောင်သာနယ်၊ ညောင်ဦးမှ ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများအပြင် ကြက်သွန်ဖြူများလည်း ဝင်ရောက် အရောင်းအဝယ် ဖြစ်နေသည်။

ပခုက္ကူ ကြက်သွန်နီ ကုန်စည်ဒိုင်၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဒိုင်ပြတ်ဈေးမှာ ပေါက်နယ်(ယောစ) ထိပ်စ တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၁၃၀၀၊ ပုလဲ ကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၂၀၅၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဖြင့် နေ့စဉ် ကုန်ချိန် ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ အရောင်းအဝယ်ဖြစ်နေပြီး တင်ပို့မှုအနေဖြင့် ရန်ကုန် ဘုရင့်နောင်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသို့လည်း တင်ပို့နေကြောင်း ကုန်သည်များထံမှ သိရှိရသည်။

ကြက်သွန်ဖြူ(ဗမာ) ဒိုင်ပြတ်လက်ကားဈေးမှာ အရည်အသွေးပေါ်မူတည်၍ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၅၉၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၅၇၀၀၊ အနိမ့် တစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဖြစ်ပြီး ကြက်သွန်ဖြူ(ရှမ်းစ) ထိပ်စ တစ်ပိဿာလျှင် ကျပ် ၄၇၀၀ ၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ အနိမ့် တစ်ပိဿာလျှင် ကျပ် ၃၈၀၀ ဖြင့် ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေသော တောင်ပို့မှို

တောင်ပို့မှိုကို အချို့က ခြမှိုဟုလည်းခေါ်ကြသည်။ တောင်ပို့မှိုဟုဆိုသည့်အတိုင်း ခြကောင်ရှိသော တောင်ပို့နေရာတွင် နွေအကုန် မိုးဦးအစ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာအပြီးတွင် ပေါက်ရောက်တတ်သည်။ တောင်ပို့မှိုသည် ဈေးကောင်းသော အစားအစာတစ်မျိုးဖြစ်သည်။ တောင်ပို့မှိုကို သဘာဝအတိုင်း တူးယူ၍ရသလို သဘာဝနည်းဖြင့်လည်း စိုက်ပျိုး၍ရကြောင်းလည်း သိရှိရသည်။ စိုက်ပျိုးနည်းမှာ ပါဝင် ပစ္စည်းသုံးမျိုးသာရှိပြီး မိမိပတ်ဝန်းကျင်တွင် အလွယ်တကူရှာဖွေရသော ပစ္စည်းများဖြစ်သည်။

ခြတောင်ပို့အတွင်းပိုင်းမှ မြေသား ၂၀ ကျပ်သားခန့်၊ ထမင်းဖြူ ၆၅ ကျပ်သားနှင့် ရေနှစ်လီတာတို့ဖြစ်သည်။ ပထမဦးစွာ တောင်ပို့မြေနှင့် ထမင်းဖြူကို ဇလုံတစ်ခုထဲတွင် သမအောင် မွှေပေးရပါမည်။ ထို့နောက် ရေကိုဖျန်းလိုက် မွှေလိုက်ဖြင့် ရေသန့်ဘူး နှစ်ဘူးကုန်သည်အထိ မွှေပေးရပါမည်။

ထို့နောက် ဇလုံကိုနေရောင်ခြည်တိုက်ရိုက်မကျသော မပူလွန်း၊ မအေးလွန်းသောနေရာတွင် ရွှေ့ပြောင်းခြင်းမပြုဘဲ ခုနစ်ရက်ခန့် ထားရပါမည်။ ခုနစ်ရက်ကျော်သောအခါ ဇလုံ၏မျက်နှာပြင်ပေါ်တွင် အမြှုပ်အဖတ် ဖြူဖြူမည်းမည်းလေးများ တက်လာသည်ကို တွေ့ရသည်။ ထိုအဖတ်များသည် မှိုဖောက်ရန် ကျူလွှင်ဆီ (မှိုမျိုးစေ့)များဖြစ်သည်။ ထိုမှိုမျိုးများကို ခပ်ယူ၍ အစိုဓာတ်ရှိသော မြေဆွေးပုံ၊ ကောက်ရိုးဆွေးပုံ၊ သစ်ပင်အောက်ရှိ မြေဆွေးပုံအပေါ် နှံ့စပ်အောင်ချထားပေးရမည်။ မှိုမျိုးစေ့များ ချထားသောနေရာအား ခုနစ်ရက်၊ ရှစ်ရက် တစ်ကြိမ်ရေစိုရုံသာ ဖျန်းပေးရုံဖြင့် မှိုဖူးလေးများ ထွက်လာမည်ဖြစ်သည်။ ယခုအချိန် ပေါ်ဦးပေါ်ဖျား တောင်ပို့မှိုများဈေးကွက်တွင် ရောင်းချနေပြီဖြစ်သည်။ အဖူးများဖြစ်သောကြောင့် ပိုချို၊ ပိုနူ၍ စားရန်အလွန်ကောင်းသည်။ တောင်ပို့မှို ၅၀ ကျပ်သားလျှင် ကျပ် ၁၅၀၀၀၊ တစ်ပိဿာလျှင် သုံးသောင်းကျပ်ဖြင့် ရောင်းချကြောင်း သိရသည်။

တောင်ပို့မှိုကို သဘာဝနည်းဖြင့် အလွယ်ကူဆုံးနှင့်ကုန်ကျစရိတ်နည်းနည်းဖြင့် မြေအများကြီးရှိဖို့မလိုဘဲ အိမ်တွင်းတိုက်ခန်း၊ကွန်ဒိုနေသူများပါ ပန်းအိုးအတွင်း မြေဆွေးထည့်၍ စိုက်ပျိုးနိုင်သည်။ ထို့ကြောင့် တောင်ပို့မှိုသည် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သလို တစ်နိုင်တစ်ပိုင် စိုက်ပျိုး၍မိသားစုဝင်ငွေရရှိအောင် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သဖြင့် စိုက်ပျိုးသင့်သော ဟင်းအမယ်တစ်မျိုးဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

**ယဉ်သိမ့်နွေး(ပြည်)**



# မြန်မာ့စိန်တလုံး သရက်သီးများ စင်ကာပူသို့ ရောက်ရှိ

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသော အဓိကသီးနှံများ၏ စတင်စိုက်ပျိုးမှုမှသည် ဈေးကွက်တင်ပို့ရောင်းချမှု အခြေအနေများအား သိရှိနိုင်ရေးအတွက် စဉ့်ကိုင်မြို့နယ် ပလိပ်ရှိ သဇင်နွယ် သရက်ခြံ၌ ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းဆွေနှင့်တွေ့ဆုံ၍ သရက်သီးများ၏ ဈေးနှုန်းဈေးကွက် အခြေအနေများအား မေးမြန်းခဲ့သည်။

မေးမြန်းမှုအရ သဇင်နွယ် သရက်ခြံမှာ ၂၂ ဧကရှိပြီး စိန်တလုံး ၃၈၄ ပင်၊ ရွှေဟင်္သာ ၆၅ ပင်၊ ဦးမေရိယ ၁၉၁ ပင်၊ ရင်ကွဲ ၁၇ ပင်၊ အကြမ်း ၉၇ ပင် စိုက်ပျိုးထားကြောင်း၊ ၎င်းခြံမှထွက်ရှိသော သရက်သီးများအပြင် ဒေသထွက် စိန်တစ်လုံး သရက်သီးများအား စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ကွန်တိန်နာများဖြင့် မေ ၄ ရက်မှစပြီး တင်ပို့လျက်ရှိရာ ယနေ့အချိန်အထိ ကွန်တိန်နာငါးစီး ပေးပို့ပြီးဖြစ်ကြောင်း၊ ကွန်တိန်နာတစ်စီးလျှင် ၇-၈ တန်အထိ ဝင်ဆံ့ပြီး စိန်တလုံးသရက် တန် ၄၀ ခန့် စင်ကာပူသို့ ပေးပို့ပြီးဖြစ်ကြောင်း၊ ယခုသရက်သီးရာသီတွင် ဇွန်လလယ်အထိ တန် ၁၀၀ ခန့် ပေးပို့ရန် ရည်မှန်းထားကြောင်း၊ နိုင်ငံခြားသို့ပို့ရန်အတွက် သရက်တောင်သူများထံမှ စိန်တလုံးသရက်အား ၂၅၀ဂရမ်-၃၀၀ ဂရမ်အရွယ်အစား တစ်တန်လျှင် ကျပ် ၁၂၅၀၀၀၀ ပေးရကြောင်း၊ စင်ကာပူသို့တင်ပို့ရာ၌ သရက်သီး အကြီး/အသေးများအား ဘားကုဒ်များဖြင့် ဖော်ပြပြီး တင်ပို့ရကြောင်း၊ သဇင်နွယ် သရက်ခြံမှ စင်ကာပူသို့ စိန်တလုံး သရက်သီးများအား တင်ပို့ရာ၌ ယခုနှစ်နှင့်ဆိုလျှင် လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ သရက်သီးများ နိုင်ငံခြားသို့တင်ပို့မှုအပြင် ၎င်းခြံထဲ၌ ပြည့်ပြည့်အမည်ဖြင့် စားသောက်ကုန်လုပ်ငန်းအား ထူထောင်ထားပြီး နိုင်ငံခြားသို့ပို့၍မရသည့် စိန်တလုံးသရက် ပယ်သီးများအား တစ်တန်လျှင် ကျပ် ၅၀၀၀၀၀ ဖြင့်ပေးဝယ်ပြီး သရက်သီးများအား Value Added ပြုလုပ်၍ သရက်ယို၊ သရက်ခြောက်၊ အေးခဲသရက်သီး(အနှစ်)များကို ထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် ကုန်ချောများအား ပြည်တွင်းဈေးကွက်ထဲသို့ ဖြန့်ချိလျက်ရှိရာ သရက်ယိုတစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ သရက်သီး (အနှစ်)1kg တစ်ထုပ်လျှင် ကျပ် ၆၀၀၀၊ သရက်ခြောက် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ရရှိကြောင်း သိရှိရသည်။

**ဇော်မင်းလတ်**

# ယခုတစ်ပတ် ပြောင်းနှင့် ရော်ဘာ တင်ပို့မှု အခြေအနေ

မေ ၂၀ ရက်မှ ၂၆ ရက်ထိကာလ အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆၉ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၂၇၀၀ ကျော်တင်ပို့ကြောင်းသိရသည်။တင်ပို့မှုအနေဖြင့်ထိုင်းနိုင်ငံသို့ ပြောင်း ၁၁၃၂၅ တန်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်း ၁၃၈၄ တန် တင်ပို့သည်။


ယခုတစ်ပတ်မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၃၈၈၉၀ ကျော်နှင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၂၂၀ ကျော် တင်ပို့နိုင်သဖြင့် စုစုပေါင်းပြောင်းတန်ချိန် ၃၉၁၁၀ ကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂ဒသမ ၂၀၃သန်း ရရှိကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတန်ချိန် ၅၁၈၁၀ ကျော်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့ကြောင်း သိရသည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိကာလ အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁၅ သန်းတန်ဖိုးရှိ ရော်ဘာ ၂၅၃၇ တန် တင်ပို့နိုင်သည်။ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၂၀၁၆ တန်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၆၀၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ကျော်နှင့် မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၆၀ ခန့် တင်ပို့သည်။

ယခုတစ်ပတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ဒသမ၃၅၁ သန်း တန်ဖိုးရှိရော်ဘာတန်ချိန် ၁၁၄၀ ကျော် တင်ပို့သည်။ တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ရော်ဘာ ၈၀၆ တန်နှင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၃၃၇ တန် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု တန်ချိန် ၃၆၈၀ ခန့်ရှိသဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာ တန်ချိန် ၁၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

**အေးအေးသန့် (DOT)**

■



# စာကြည့်တိုက်တွေ ရှိဖို့လိုသည်

**ကျော်စွာ(ကျိုက်ပိ)**

ယနေ့ ၂၁ ရာစုသည် နည်းပညာနယ်ပယ်၊ လူနေမှုနယ်ပယ်၊ စက်မှုနယ်ပယ် စသည်တို့အပြင် အခြားသောနယ်ပယ် အသီးသီးသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ ဤတိုးတက်မှုကို ပင်ခေတ်ဟုခေါ် ရပေမည်။ ထိုတိုးတက်ပြောင်းလဲမှုကို လူတိုင်းလူတိုင်း အမီလိုက်နိုင်ဖို့ဆိုလျှ င် အသိအမြင် ဗဟုသုတနှင့်ပြည့်စုံနေရန် လိုသည်။ အသိအမြင် ဗဟုသုတကို မည်သည့်နေရာမှရနိုင်မည်နည်း။ ထိုကဲ့သို့အမေးရှိသော် အဖြေကစာကြည့်တိုက်ဟုပင် ဖြေရပေလိမ့်မည်။ ယနေ့ခေတ်တွင် ပညာသည်သာ အခရာဖြစ်နေသည်။ထိုပညာကိုစာကြည့်တိုက်မှာလည်း ရှာဖွေနိုင်သည်။ ထို့ကြောင့် ပညာအတွက် စာကြည့်တိုက်သည် အခရာဖြစ်လာသည်။ သို့အတွက်ကြောင့်မို့ စာကြည့်တိုက်တွေ များများရှိရန် လိုအပ်သည်။

စာကြည့်တိုက်ဟူသည် အသိပညာများ၊ အတတ်ပညာနှင့် အခြားသော ဗဟုသုတကို အလွယ်တကူရဖွေနိုင်သော နေရာသည် စာကြည့်တိုက်ဖြစ်သည်။ တစ်နည်းအားဖြင့် စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုနိုင်မည့်နေရာလည်းဖြစ်သည်။ စာကြည့်တိုက်ကို မြန်မာအဘိဓာန်တွင် ကြည့်ရှုလေ့လာရန်-ငှားရမ်းရန် စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံဟု ဖော်ပြထားသည်။ တစ်နည်းအားဖြင့် စာကြည့်တိုက်ဟူသည် သုတဘဏ်တိုက်ကြီး တစ်ခုလည်းဖြစ်သည်။ ထို့ပြင် မိမိတို့ရှာမှီးလိုသော ပညာရပ်များကို ရှာမှီးနိုင်သော လူထုကိုအခြေပြုသော တက္ကသိုလ်တစ်ခုဟုလည်း ဆိုနိုင်သည်။ ထို့ပြင် စာကြည့်တိုက်ဟူသည် ဘဝအလင်း၊ လောက၏ ပြတင်းပေါက်၊ နိုင်ငံ၏ဦးနှောက်၊ ပြည်သူ့တက္ကသိုလ် အသံတိတ် တက္ကသိုလ် စသည်ဖြင့် အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။ စာကြည့်တိုက်ဟူသော ဝေါဟာရသည် ဤမျှကျယ်ပြန့်လှသည်။ စာကြည့်တိုက်မှာ ရှိအပ်စွာ။ စာကြည့်တိုက်တွင် အများအားဖြင့် စာအုပ် သို့မဟုတ် စာပေမျိုးစုံရှိရပါမည်။ စာကြည့်တိုက်တွင် လက်ရေးမူများ၊ ပုံနှိပ်စာများ၊ ပေပုရပိုက်မှုစာများ၊ မြေပုံနှင့် ရုပ်ပုံကားချပ်များအပြင် ကျမ်းစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်များ၊ စွယ်စုံကျမ်းအမျိုးမျိုး၊ မြန်မာနှင့်ပါဠိစာပေများ အများအပြားရှိသင့်ပါသည်။ ထို့ပြင် ခေတ်အဆက်ဆက် နိုင်ငံရေးစာပေများနှင့် သမိုင်းမှတ်တမ်းဆိုင်ရာများ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စာပေများလည်း ရှိကြသည်။ ထို့ပြင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ စာပေများလည်းရှိမည်။ ဘာသာရေးဆိုင်ရာ စာပေများ၊ ပညာရေးဆိုင်ရာ စာပေများနှင့် ဂီတရုပ်ရှင်ဆိုင်ရာ စာပေများလည်း ရှိရပါမည်။ ထိုစာအုပ်၊ စာပေများသည် စာရေးသူမှတ်မိသလောက် ဖော်ပြခြင်းဖြစ်ပါသည်။ ကမ္ဘာ့စာကြည့်တိုက်များတွင် နိုင်ငံတကာရှိ စာပေများပါရှိကြသည်ဟု သိရသည်။ ထိုစာအုပ်များကို သူ့ကဏ္ဍနှင့်သူခွဲခြားပြီး သိမ်းဆည်းရသည်။ ဥပမာ-စွယ်စုံကြမ်းဆိုလျှင် စွယ်စုံကျမ်းအမျိုးမျိုးကို တစုတစ်စည်းတည်း စုပေါင်းထားခြင်းမျိုးဖြစ်သည်။ အခြားစာအုပ်များကိုလည်း တူရာတူရာစု၍ သူ့ကဏ္ဍနှင့်သူ စုပေါင်းသိမ်းဆည်ရသည်။ ထိုကဲ့သို့ စီမံခန့်ခွဲနိုင်စေရန် စာကြည့်တိုက်မှုးသည် အဓိကဖြစ်သည်။ ထို့ကြောင့် စာကြည့်တိုက် တစ်ခုမှာ စာကြည့်တိုက်မှုးသည် မရှိမဖြစ်လိုအပ်ပါသည်။

### စာကြည့်တိုက်အမျိုးမျိုး

စာကြည့်တိုက်ရှိ စာကြည့်တိုက်မှုးသည် စာကြည့်တိုက်ကို စနစ်တကျဖြစ်အောင် စီမံခန့်ခွဲရသလို စာအုပ်စာပေမျိုးစုံအောင်လည်း အားထုတ်ရသည်။ စာကြည့်တိုက်ကို ယေဘုယျအားဖြင့်ပြည်သူ့စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် သီးသန့်စာကြည့်တိုက်ဟူ၍ ခွဲခြားနိုင်သည်။ ထို့ပြင် ယခုအခါ ခေတ်နှင့်အညီ ရွေ့လျားစာကြည့်တိုက်ဟူ၍လည်း ရှိပါသေးသည်။ ထိုစာကြည့်တိုက်အမျိုးမျိုး၏ အခန်းကဏ္ဍကိုလည်း ရှင်းပါမည်။

**ပြည်သူ့စာကြည့်တိုက်** - ပြည်သူ့စာကြည့်တိုက်ဟူသည် ထိုစာကြည့်တိုက်တည်ရှိရာ နိုင်ငံ၏ ဥပဒေအရ ဌာနဆိုင်ရာ အဖွဲ့အစည်းတချို့က အခွန်ကောက်ယူ၍ ထိုအခွန်ငွေဖြင့် သင့်လျော်ရာ စာအုပ်စာတမ်းများကို ဝယ်ယူခြင်းဖြစ်သည်။ ထိုစာကြည့်တိုက်တွင် စာကြည့်တိုက်ဝန်ထမ်းပြည့်စုံပြီး မည်သူမဆို အခမဲ့ဖတ်ရှုနိုင်သည်။

**အမျိုးသားစာကြည့်တိုက်** - အမျိုးသားစာကြည့်တိုက်ဟူသည် နိုင်ငံ၏ ဥပဒေအရ မိမိနိုင်ငံတွင်ထုတ်ဝေသော စာအုပ်၊ စာတမ်းနှင့် စာနယ်ဇင်းမှန်သမျှ အခမဲ့ရယူနိုင်သည်။ ထိုစာအုပ်၊ စာပေများကို ထိုစာကြည့်တိုက်အတွင်း သိမ်းဆည်းထားရသည်။ အမျိုးသားစာကြည့်တိုက်ရှိ စာအုပ်များကိုမူ အပြင်သို့ မငှားရပါ။ သို့သော် စာ ကြည့်တိုက်အတွင်းမှာ လေ့လာဖတ်ရှုနိုင်သည်။

**သီးသန့်စာကြည့်တိုက်** - သီးသန့်ဟူသော စကားအရ သက်ဆိုင်သူမှလွဲ၍ အခြားသူသုံးခွင့်မရှိဟု အဓိပ္ပာယ်သက်ရောက်သည်။ထို စာကြည့်တိုက်မျိုးမှာ အစိုးရစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ အကျဉ်းထောင်စာကြည့်တိုက်၊ တက္ကသိုလ် စာကြည့်တိုက်များနှင့် ရုပ်မြင်သံကြား စာကြည့်တိုက်မျိုးကို ဆိုလိုသည်။ထို့ပြင် မိမိကိုယ်ပိုင်စာကြည့်တိုက်လည်း အကျုံးဝင်သည်ဟု စာရေးသူ ယူဆပါသည်။ အထက်ဖော်ပြပါ စာကြည့်တိုက်များအပြင် ယခုအခါ ရွေ့လျားစာကြည့်တိုက်များလည်း ပေါ်ထွက်လာခဲ့သည်။ စာအုပ်များကိုယာဉ်တစ်မျိုးမျိုး သို့မဟုတ် အခြားသယ်ဆောင်၍ရသော အရာတစ်ခုခုဖြင့် သယ်ဆောင်၍ နေရာအနှံ့ သွားလာနေခြင်းမျိုးဖြစ်သည်။ ထို့ပြင် တချို့က မိမိသွားလေရာကို စာအုပ်တစ်အုပ်၊ နှစ်အုပ် ယူဆောင်သွားလေ့ရှိသည်။ အားလျှင် ထိုစာအုပ်ကို ထုတ် ဖတ်လေ့ရှိတတ်ကြသည်။ ယင်းကိုမူ တစ်နိုင် ရွေ့လျားစာကြည့်တိုက်ဟု ဆိုနိုင်သည်။

### ထင်ရှားကျော်ကြား ကမ္ဘာ့စာကြည့်တိုက်များ

ကမ္ဘာပေါ်တွင် ကြီးကျယ်ခမ်းနားသော ကမ္ဘာ့စာကြည့်တိုက်များရှိသည်။ ယင်းတို့မှာ ပြင်သစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်၊ အမေရိကန်နိုင်ငံ ကွန်ဂရက်လွှတ်တော် စာကြည့်တိုက်၊ အိန္ဒိယနိုင်ငံ အမျိုးသားစာကြည့်တိုက်၊ ဂျပန်နိုင်ငံ အမျိုးသားလွှတ်တော်စာကြည့်တိုက်၊ စင်ကာပူ အမျိုးသားစာကြည့်တိုက်၊ ရုရှားနိုင်ငံ မော်စကိုတက္ကသိုလ်စာကြည့်တိုက်၊ ဗြိတိန်နိုင်ငံ ဗော့ဒလီယန်စာကြည့်တိုက်တို့အပြင် အခြားကမ္ဘာ့စာကြည့်တိုက်များစွာလည်း ရှိပါသေးသည်။ အဘယ်ကြောင့် ထိုစာကြည့်တိုက်များ ထင်ပေါ်ကျော်ကြားရသနည်း။ ထိုမေးခွန်းအတွက် စာရေးသူအနေဖြင့် ပြင်သစ်နိုင်ငံ၏ အမျိုးသားစာကြည့်တိုက် တစ်ခုအကြောင်းကို ပြောပြလိုပါသည်။ ပြင်သစ်အမျိုးသားစာကြည့်တိုက်ကို လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ကျော် ပဥ္စမမြောက် ချားဘုရင် (၁၃၃၇-၁၃၈၀ )လက်ထက်မှ စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

ထိုစာကြည့်တိုက်ရှိ စာအုပ်များမှာ မနည်းလှပေ။လွန်ခဲ့သော နှစ် ၁၉၅၈ ခုနှစ်တွင် စာကြည့်တိုက်ရှိ စာအုပ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

- ပုံနှိပ်စာ - ၆၀၀၀၀၀၀
- ခရစ်နှစ် ၁၅၀၀ အလျင်ကပုံနှိပ်စာ - ၁၂၀၀၀
- လက်ရေးစာ - ၁၃၆၀၀၀
- ဒင်္ဂါးနှင့်တံဆိပ် - ၄၀၀၀၀၀
- ဂီတသင်္ကေတ - ၂၉၅၀၀၀
- ရုပ်ပုံစာချပ် - ၅၀၀၀၀၀၀
- မြေပုံ - ၄၀၀၀၀၀

ရှိကြောင်း သိရသည်။ ဤအရေအတွက်သည် လွန်ခဲ့သော ၁၉၅၈ ခုနှစ်ကဖြစ်သည်။ ယခုဆို မည်မျှများပြားနေမည်ကို စာဖတ်သူအနေဖြင့် ခန့်မှန်းနိုင်သည်။ ဤကား စာကြည့်တိုက်တစ်ခုတည်းကို နမူနာဖော်ပြခြင်းသာဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော ကမ္ဘာ့စာကြည့်တိုက်များမှာလည်း ထိုနည်းအတိုင်းရှိသည်။ အရေအတွက် အနည်းငယ်သာ ကွာခြားမှုရှိသည်။ ထို့ကြောင့်လည်း အထက်ဖော်ပြပါ ကမ္ဘာ့စာကြည့်တိုက်များသည် ထင်ရှားကျော်ကြားခြင်းဖြစ်သည်။ စာရေးသူတို့ မြန်မာစကားတစ်ခုရှိပါသည်။ ဤကား အလိမ္မာစာမှာရှိဟူသော စကားပင်ဖြစ်သည်။ ထိုစကားသည်မှန်၏။ စာအုပ်စာပေများများဖတ်ရှုသူသည် ထိုစာပေမှပေးသော အသိကြောင့် လိမ္မာယဉ်ကျေးလာကြသည်။ လိမ္မာသည်နှင့်အမျှ ယဉ်ကျေးမှုသည်လည်း ကွဲကူးရေပါဆိုသကဲ့သို့ အတူဒွန်တွဲ ပါလာပေလိမ့်မည်။ ထို့ကြောင့် စာကြည့်တိုက်မှာသည် ယဉ်ကျေးမှုဆီသို့ ဦးတည်သွားနိုင်သည်။ စာဖတ်ခြင်းသည် လူတိုင်းအတွက် အရေးကြီးသည်။ ထိုစာမှပေးသော အသိသည် မိမိနှင့် မိမိနိုင်ငံကိုတည်ဆောက်ရာမှာ အလွန်အရေးပါလှသည်။ စာဖတ် ခြင်းဖြင့် ပညာရှိဖြစ်လာနိုင်သည်။ လယ်သမားဘဝမှ စာဖတ်သဖြင့် ပညာရှိအမတ်ဖြစ်သွားသော ဝန်ဇင်းမင်းရာဇာက သက်သေခံလျက်ရှိသည်။ အလိမ္မာစာမှာရှိသလို ပညာကိုစာပေမှ ရနိုင်သည်ကို သတိပြုသင့်သည်။ ထို့ကြောင့် ဆရာကြီး ဒေါက်တာမောင်ဖြူးက ကျောင်းစာတွေ မေ့ကုန်ပြီးတဲ့နောက် ကျန်သည့်အရာဟာ ပညာပဲဟု ဆိုခဲ့ဟန်တူပါသည်။ ပညာကို စာပေမှရသည်။

ထိုစာပေမှရသော ပညာကြောင့် အမှားအမှန်ကို တွေးဆနိုင်သည်။ ထိုကဲ့သို့ အမှားအမှန်ကို တွေးဆနိုင်ခြင်းသည်ပင် ပညာဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့နိုင်ငံမှာ ပညာရှိများများရှိဖို့ ယင်း၏ အခြေတည်ရာ စာကြည့်တိုက် များများရှိဖို့လိုသည်။ ထို့အပြင် ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်ကလည်း စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြသည်ဆိုခဲ့သည်။ စာရေးသူတို့လူမျိုးသည် တိုးတက်သောလူမျိုးဖြစ်ဖို့ စာဖတ်ဖို့လိုသည်။ထိုကဲ့သို့ စာဖတ်ရန်လည်း စာကြည့်တိုက်များများ တည်ထောင်ကြရေး လိုအပ်သည်။ စာဖတ်သူသည် စာမဖတ်သူထက် ခေါင်းတစ်လုံးသာသည်ဟု ပြောဆိုတတ်ကြသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့် အညီ လူတိုင်းနီးပါး စာတတ်ကြသည်။ သို့သော် လူတိုင်းတော့ စာမဖတ်ကြပါ။ စာတတ်ပြီး စာမဖတ်သူသည် တံခါးပေါက်ရှိပါလျက် မဖွင့်သော အိမ်နှင့်တူပါသည်။ စာမဖတ်သူသည် အသိပညာတံခါးပိတ်လျက်ရှိနေသည်။ ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်မှာ လုပ်သင့် မလုပ်သင့်ကိုပင် မစဉ်းစားဘဲ ဖျက်ဆီးမှုစွမ်းအား ကြီးမားနေသည်မှာ စာပေမှပေးသော အသိဉာဏ်မရှိခြင်းကြောင့်ဖြစ်သည်။ စာဖတ်သူသည် သူများထက်ပို၍ တွေးတောဆင်ခြင်နိုင်စွမ်းရှိသည်။ ဒါကိုပင် ခေါင်းတစ်လုံးသာသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ကျန်းမာရေးရှုထောင့်မှ ကြည့်ပါက တစ်ပတ်ကို အနည်းဆုံးလေးနာရီခန့် စာဖတ်သူသည် စာလုံးဝမဖတ်သူထက် ၂၃ ရာခိုင်နှုန်း အသက်ပိုရှည်ကြောင်း သိရသည်။ တစ်ရက် မိနစ် ၃၀ ခန့် စာဖတ်ခြင်းသည် ယောဂ လေ့ကျင့်ခန်းပြုလုပ်ခြင်း သို့မဟုတ် ရယ်ရွှင်ဖွယ်ပြောခြင်းတို့ကဲ့သို့ သွေးပေါင်ချိန်ကို လျော့နည်းစေပြီး နှလုံးခုန်နှုန်း ပုံမှန်ဖြစ်စေကြောင်း ဆောင်းပါးတစ်ပုဒ်၌ စာရေးသူဖတ်ခဲ့ရသည်။ ထို့ကြောင့် ကျန်းမာရေးလည်းကောင်း၊ တိုးတက်သော လူမျိုးလည်းဖြစ်၊ လိမ္မာယဉ်ကျေးသူများလည်းဖြစ်စေရန် စာဖတ်ဖို့လိုသည်။ စာဖတ်ကြရမည်။ ထိုကဲ့သို့စာဖတ်ဖို့စာရေးသူ တို့နိုင်ငံ၌သာ စာကြည့်တိုက်တွေ များများတည်ရှိရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်သည်။

**ကိုးကား - တိုက်စိုး(စာသမား၏ စာပေါင်းချုပ်-၁)**
**- စာကြည့်တိုက်ယဉ်ကျေးမှုမှသည်ဆောင်းပါး**
**(စိုးမင်းနိုင်-ကျောင်းဆရာ၊ ၂၀၂၀ - ဇန်နဝါရီလထုတ်-ပညာတန်ဆောင်မဂ္ဂဇင်း)**

# မေလ တတိယပတ်အတွင်း ဓာတ်မြေသြဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၄ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာ တန်ချိန် ၁၇၀၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်နိုင်ငံမှ တန်ချိန် ၁၂၀၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ တန်ချိန် ၁၀၀၀ ခန့်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၅၀၀ ကျော်၊ ထိုင်ဝမ်မှ တန်ချိန် ၅၀၀ ကျော်တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေသြဇာတန်ချိန် ၁၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ် ကုန်သွယ်မှုမှ မေ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၆ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၇၀၀၀ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၆၃၀၀ ခန့်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၇၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေသြဇာတန်ချိန် ၄၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိ ကန်ဒေါ်လာ သုည ဒသမ ၄၃၀ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၃၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၆ သန်း တန်ဖိုးရှိဘိလပ်မြေ တန်ချိန် ၅၅၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၃၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# တစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၃ သန်း တန်ဖိုးရှိနို့ဆီတန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် စင်ကာပူနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၅၀ ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၁၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ချိန် ၁၀၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၁၅၀ ကျော် လျော့နည်း တင်သွင်းခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၄၉ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း နယ်စပ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၄ သန်း ဆေးဝါးပစ္စည်းများ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၃၀ ကျော် တင်သွင်းခဲ့သည်။

**အိမ့် (DOT)**

### မန္တလေးကုန်စည်ဒိုင်၏ ယခင်တစ်ပတ်၊ ယခင်လ ပြောင်းဖူးဈေးနှုန်းနှိုင်းယှဉ်ချက်

| စဉ် | သီးနှံ | ဈေးနှုန်း (အမြင့်ဆုံးဈေး) | | | | | | (+/-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ယနေ့ ၃၁.၅.၂၀၂၃ | | ယခင်ပတ် ၂၄.၅.၂၀၂၃ | | ယခင်လ ၃၁.၄.၂၀၂၃ | | week | | Month | |
| | အမျိုးအမည် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် |
| ၁ | ပြောင်းဖူးစေ့ (ရှမ်း) | ၆၀၀၀၀ | ၅၉၀၀၀ | ၆၂၀၀၀ | ၆၁၅၀၀ | ၆၁၅၀၀ | ၆၁၀၀၀ | ↓ -၂၀၀၀ | ↓ -၂၅၀၀ | ↓-၁၅၀၀ | ↓ -၂၀၀၀ |
| ၂ | ပြောင်းဖူးစေ့ (ဗမာ) | ၅၈၀၀၀ | ၅၈၀၀၀ | ၆၀၅၀၀ | ၆၀၀၀၀ | ၆၀၀၀၀ | ၅၉၀၀၀ | ↓ -၂၅၀၀ | ↓ -၂၀၀၀ | ↓ -၂၀၀၀ | ↓ -၁၀၀၀ |
| ၃ | ပြောင်းဖူးစေ့( CP) | ၆၀၀၀၀ | ၅၉၀၀၀ | ၆၂၀၀၀ | ၆၁၅၀၀ | ၆၁၅၀၀ | ၆၁၀၀၀ | ↓ -၂၀၀၀ | ↓ -၂၅၀၀ | ↓ -၁၅၀၀ | ↓ -၂၀၀၀ |

### စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
### (၂၉.၅.၂၀၂၃)ရက်နေ့မှ (၄.၆.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
### ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

Quantity (MT) 1000


CIF Price (USD/MT) 899

ပျမ်းမျှငွေလဲနှုန်း 2488

Customs ငွေလဲနှုန်း 2100

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 2,795,890 | 4.57 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 11,183,560 | 18.26 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 94,395,000 | 154.14 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,837,200 | 12.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **122,694,370** | **200.35** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,236,712,000 | 3,652.43 |
| | **စရိတ်စုစုပေါင်း** | | **2,359,406,370** | **3,852.78** |

# ပြည်တွင်းရွှေဈေး ကျပ်သိန်း ၃၀ ကျော်ဝန်းကျင်တွင် ဆက်လက်ဖြစ်ပေါ်နေ



လက်ရှိ ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သား ကျပ်သိန်း ၃၀ ကျော် ဝန်းကျင်တွင် ဆက်လက်ဖြစ်ပေါ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ မေ ၈ ရက်မှစတင်ကာ ကျပ်သိန်း ၃၀ ကျော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ မေ ၂၄ ရက်တွင် တစ်အောင်စ ၁၉၇၄ ဒေါ်လာ၊ ၂၅ ရက်တွင် ၁၉၅၉ ဒေါ်လာ၊ ၂၆ ရက်တွင် ၁၉၅၆ ဒေါ်လာ၊ ၂၉ ရက်တွင် ၁၉၄၅ ဒေါ်လာ၊ ၃၀ ရက်တွင် ၁၉၄၂ ဒေါ်လာ၊ ၃၁ ရက်တွင် ၁၉၅၆ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းရွှေဈေးနှုန်းများအနေဖြင့် မေ ၂၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၃၀၃၆၀၀၀၊ မေ ၂၅ ရက်တွင် ကျပ် ၃၀၅၈၀၀၀၊ မေ ၂၆ ရက်တွင် ကျပ် ၃၀၉၂၀၀၀၊ မေ ၂၉ ရက်တွင် ကျပ် ၃၀၅၇၀၀၀၊ မေ ၃၀ ရက်တွင် ကျပ် ၃၀၄၂၀၀၀၊ မေ ၃၁ ရက်တွင် ကျပ် ၃၀၅၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

# ပြည်တွင်း ငွေကြေးဈေးကွက်၌ ကြိုက်ရောင်း ကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေ

လက်ရှိ ပြည်တွင်း ငွေကြေးဈေးကွက်၌ ကြိုက်ရောင်း ကြိုက်ဝယ်စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းကိစ္စနှင့်ပတ်သက်၍ လက်ရှိ သတ်မှတ်နှုန်းထားကို ပြောင်းလဲမည်မဟုတ်ဘဲ ဘဏ်ငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ ငွေသား တိုးမြှင့်ရောင်းချပေးမည်ဖြစ်ကြောင်း မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် USD Liquidity နှင့် MMK Liquidity တို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ဆောင်ရွက်နေပြီး ပြည်တွင်းဈေးကွက်သို့ USD Liquidity/ MMK Liquidity ကို ဘဏ်များမှတစ်ဆင့် ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ချက်များအရ စီးပွားရေးလုပ်ငန်းရှင်များအကြား USD Liquidity နှင့် MMK Liquidity လိုအပ်ချက်မြင့်တက်ခြင်းကို လျှော့ချထိန်းသိမ်းနိုင်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်နေကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ပန်းဆု**

# စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၂၃၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

မေ ၁၈ ရက်မှ ၃၁ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၂၃၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန် စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၇၀၈၁၅ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၂၃၀ ဒသမ ၁၉ သန်းရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၅၃၄၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၃ ဒသမ ၄၄ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၄၄၄၆၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၂၇ ဒသမ ၁၉ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၄၆၀၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၂ ဒသမ ၅၆ သန်း၊ ပထမ ပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၁၄၉၀၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၁ ဒသမ ၅၁ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၁၈၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၄၄ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၅၂၄ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၃၂ သန်း၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၇၉၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၇၄ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့သည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်း အလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် မေ ၂၅ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၆၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေ ၃၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၅၆ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည် လည်း မေ ၂၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၀၆၁၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မေ ၃၁ ရက်တွင် ကျပ် ၃၀၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် -၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank မှ ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP -၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) သည် တိုးတက်မှုနှုန်း ၃ ဒသမ ၃ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃. ၄ % တိုးတက်မှုရှိလာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က ခန့်မှန်း ထုတ်ပြန်ထားသည်။ ၂၀၂၃ ခုနှစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၅-၂၀၂၃ | ၂၆-၅-၂၀၂၃ | ၂၉-၅-၂၀၂၃ | ၃၀-၅-၂၀၂၃ | ၃၁-၅-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၆၁၀ | ၃၄.၆၈၀ | ၃၄.၇၆၀ | ၃၄.၇၄၀ | ၃၄.၈၀၅ | ၀.၅၆ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၂ | ၁.၃၅၂ | ၁.၃၅၃ | ၁.၃၅၀ | ၁.၃၅၅ | ၀.၂၂ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၆၂၆ | ၄.၆၁၁ | ၄.၆၀၅ | ၄.၆၁၂ | ၄.၆၁၅ | -၀.၂၄ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၉၅၀ | ၁၄၉၅၅ | ၁၄၉၇၀ | ၁၄၉၈၅ | ၁၄၉၉၀ | ၀.၂၇ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၀၆၉ | ၇.၀၆၀ | ၇.၀၇၆ | ၇.၀၇၆ | ၇.၁၀၈ | ၀.၅၅ | ↑ |
| ၇ | Indian Rupee | INR | ၈၂.၇၄၆ | ၈၂.၅၆၇ | ၈၂.၆၂၈ | ၈၂.၆၈၇ | ၈၂.၇၁၆ | -၀.၀၄ | ↓ |
| ၈ | Japanese Yen | JPY | ၁၃၉.၄၉၈ | ၁၃၉.၆၆၅ | ၁၄၀.၂၇၀ | ၁၄၀.၂၀၆ | ၁၃၉.၉၀၇ | ၀.၂၉ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၃၀ | ၁.၅၃၂ | ၁.၅၂၉ | ၁.၅၂၈ | ၁.၅၄၃ | ၀.၇၈ | ↑ |
| ၁၀ | Euro | EUR | ၀.၉၃၂ | ၀.၉၃၂ | ၀.၉၃၃ | ၀.၉၃၂ | ၀.၉၃၇ | ၀.၅၄ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၀၈ | ၀.၈၀၉ | ၀.၈၁၀ | ၀.၈၀၅ | ၀.၈၀၉ | ၀.၁၂ | ↑ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၉၀၅-၂၉၁၀ ကျပ်ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် မေ ၂၉ ရက်တွင် Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၂ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၇ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၅ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာ ခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၇ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာ တွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက် အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ % ဘီဂရိတ် ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်းဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများ၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ထိုင်းနိုင်ငံ၏ ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်းမှာ ဇန်နဝါရီလနောက်ပိုင်း အမြင့်ဆုံးဈေးဖြစ်လာပြီး ပြည်ပဝယ်လိုအားမှာ လျော့ကျနေသောကြောင့် ဆန်သစ်ပေါ်ချိန်ကို စောင့်နေကြကြောင်း ဘန်ကောက်မြို့မှ ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ကမ္ဘာ့ အများဆုံး ဆန်တင်ပို့သည့် အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ ယခုတစ်ပတ်တွင် ဈေးနှုန်းတည်ငြိမ်နေကြောင်းသိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် ဆန်သစ်ပေါ်ချိန်တွင် ဆန်များဝယ်ယူနေကာ ၂၀၂၃ ခုနှစ် မေ ၇ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း ဆန်တန်ချိန် ၁ ဒသမ ၂ သန်း ဝယ်ယူရန် ရည်မှန်းထားပြီး အရန်ဆန်အလုံအလောက် သိုလှောင်ထား၍ ပြည်တွင်းဆန်ဈေးနှုန်းကို ထိန်းထားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါး ကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ မှ ၈၈၀၀၀ ကြားနှင့် ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ ၁၀၅၀၀၀ ကြား ပေါက်ဈေးရှိပြီး ယခင်အပတ်အတိုင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ရိုးရိုးဆန် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၂၀၀၀ ကြား ပေါက်ဈေးရှိကာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်း တည်ငြိမ်နေပြီး ဧည့်မထ ၂၅ မှတ်တန် ဆန် တစ်အိတ်လျှင် ကျပ် ၅၅၅၀၀ မှ ၅၇၀၀၀ ကြား ပေါက်ဈေးရှိနေကာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ကြမ်းဈေးနှုန်းမှာ ၂၀၀၀ ကျပ် မြင့်တက်လာကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၆ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၈၆၄၉၇ ဒသမ ၁၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅၉၇ သန်း၊ ဆန်ကွဲတန်ချိန် ၉၇၅၀၆ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅၅၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၈၄၀၀၃ ဒသမ ၆၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၁၄၉ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၂၄၂၇၆၈ ဒသမ ၁၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇၃၅ သန်း၊ ဆန်ကွဲတန်ချိန် ၁၅၁၀၇၃ ဒသမ ၆၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၉၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၃၉၃၈၄၁ ဒသမ ၇၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၃၃၃ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၅၆၂၇၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၁၃၈ သန်းနှင့် ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၅၃၅၆၇ ဒသမ ၁၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၄၆ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန် တစ်အိတ်လျှင် ၁၅၅ - ၁၆၀ ယွမ် (ပြင်ပ ငွေလဲနှုန်း တစ်ယွမ်လျှင် ၄၁၇ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၆၄၆၃၅ ကျပ်မှ ၆၆၇၂၀ ကျပ်ကြား) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၆ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၄၃၅၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၆၀၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၂၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက် ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ် မေလနောက်ဆုံးပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ပုသိမ်မြို့ စက်မှုစီမံကိန်း ဆိပ်ကမ်းမှ ပြည်ပနိုင်ငံသို့ အစေ့ထုတ်ပြောင်း စတင် တင်ပို့

ပုသိမ်မြို့ စက်မှုစီမံကိန်းဆိပ်ကမ်း (Ayeyarwaddy International Industrial Part) မှ ထိုင်းနိုင်ငံ khantang ဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်း ခရီးစဉ်ဖြင့် ပထမအကြိမ် MV-M(L-19) သင်္ဘောနှင့် အစေ့ထုတ်ပြောင်း တန်ချိန် ၂၇၀၀ တင်ပို့မည်ဖြစ်ရာ မေ ၂၁ ရက်မှ စတင်၍ သင်္ဘောတင်လျက်ရှိကြောင်း သိရသည်။

ပုသိမ်ဆိပ်ကမ်းမှ အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေသည့်အပြင် Exporter၊ ကုမ္ပဏီလုပ်ငန်းရှင်၊ စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်တင်ကားပိုင်ရှင်နှင့် လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ပြီး ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချခြင်းထက် သယ်ယူခစရိတ်များလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ပြည်ပပို့ကုန်များ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အစေ့ထုတ်ပြောင်း တန်ချိန် ၅၀၀၀၀ အထိ တင်ပို့ရန်လျာထားကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် မေ ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ နိုင်ငံအနက် ကနေဒါနိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး တူရကီနိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ မက်ဆီဒိုးနီးယားနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် နော်ဝေနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၀ ရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ တောင်ကိုရီးယား၊ ဘာဘေဒို၊ ဒိန်းမတ်၊ အီဂျစ်၊ ပြင်သစ်၊ ဂျာမနီနှင့် ဂရိ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဘူလ်ဂေးရီးယား၊ ဩစတြီးယား၊ ဆွစ်ဇာလန်၊ အိုင်ယာလန်နှင့် ဘရာဇီး အပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၇၀ ရခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မေ ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် မေ ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ နိုင်ငံအနက် မိုဇမ်ဘစ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၇ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Liechtenstein နိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဆွီဒင်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဘယ်လ်ဂျီယံနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဘာဘေဒို၊ ဂျော်ဒန်၊ ကင်ညာ၊ ဟန်ဂေရီနှင့် ပီရူး စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အိုက်စလန်၊ ဆွစ်ဇာလန်၊ လစ်သူယေးနီးယား၊ အိုင်ယာလန်၊ ဘရာဇီးနှင့် အာဂျင်တီးနားအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မေ ၂၉ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ မေ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၉၉ | ၀.၉၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၄ | ၀.၉၈ |
| ၃ | ထိုင်း | လီတာ | ၁.၂၄ | ၀.၉၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၄ | ၀.၇၇ |
| ၅ | စင်ကာပူ | လီတာ | ၁.၉၃ | ၁.၆၇ |
| ၆ | မလေးရှား | လီတာ | ၀.၄၅ | ၀.၄၇ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၅ | ၀.၉၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၃ | ၀.၉၂ |
| ၉ | လာအို | လီတာ | ၁.၄၉ | ၁.၀၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မေ ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ ဒေါ်လာ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ဒေါ်လာရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီ ဈေးနှုန်း တစ်လီတာ သုည ဒသမ ၉၉ ဒေါ်လာနှုန်းဖြင့် ၃၆ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၉၂ ဒေါ်လာနှုန်းဖြင့် ၃၄ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။

### DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၈ | ၁.၀၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၀ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၆ | ၁.၂၆ |

အမေရိကန်နိုင်ငံ၏ အစိုးရကြွေးမြီပမာဏ ကန့်သတ်ချက်နှင့်ပတ်သက်ပြီး သဘောတူညီချက်ရရှိမည်ဟု မျှော်လင့်ချက်များအားဖြင့် ရေနံဝယ်လိုအား တိုးလာနိုင်ပြီး ၂၀၂၃ ခုနှစ် မေ ၂၉ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၆၇ ဒေါ်လာသို့ မြင့်တက်ခဲ့သော်လည်း အိုပက်နှင့် မိတ်ဖက်နိုင်ငံများ အိုပက်+က ရေနံထုတ်လုပ်မှုနှုန်း ပြောင်းလဲနိုင်ခြင်းတို့က အတက်ဈေးကို တန့်စေခြင်းများကြောင့် မေ ၃၁ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၀၉ ဒေါ်လာသို့ ဈေးနှုန်းကျဆင်းလာခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဇွန် ၁ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၁၉၂၅ ကျပ်၊ အောက်တိန်း -95 တစ်လီတာလျှင် ၂၁၃၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၈၄၀ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၁၉၂၀ ကျပ်အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၈၀၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၈၀၅ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၅၄၂ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၄၄၃ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၀၇၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၈၉၀ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀၈၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၉၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၅၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၅ ကျပ်သို့ ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

---

## မြို့သစ်မြို့နယ်တွင် စိုက်ပျိုးထားသော နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်တို့မှရရှိသော စိုက်ပျိုးရေဖြင့် နွေစပါးကို စိုက်ပျိုးပြီး ပိုလျှံသောဆည်ရေသောက်ဖြင့် နွေနှမ်းများစိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီထွက်သီးနှံကို နွေ၊ မိုး၊ ဆောင်းရာသီပတ်လုံး စိုက်ပျိုးကြကြောင်း၊ မြို့သစ်မြို့နယ်တွင် စိုက်ပျိုးထားရှိသည့် နွေနှမ်းများမှာ နှမ်းနက်(ခေါ်) စမုံနက်နှမ်းမျိုးဖြစ်ပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် စတင်စိုက်ပျိုးပြီး ဇူလိုင်လဆန်းပိုင်းတွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ မြို့သစ်မြို့နယ်တွင် ယခုနှစ် နွေနှမ်းစိုက်ဧက စုစုပေါင်း ၁၈၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁/ ၂၀၂၂ ကထက် ၄၅၉ ဧကပိုမိုစိုက်ပျိုးလာနိုင်ခဲ့ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများကလည်း စိုက်ကွင်းထဲအရောက် သွားရောက်၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ဆယ်မောင်**

## ဖျူးမြို့တွင် ရောင်းချနေသော အခြေခံစားသောက်ကုန်အချို့ ဈေးနှုန်းများ

တောင်ငူခရိုင် ဖြူးမြို့တွင် ရွှေဘိုပေါ်ဆန်းမှာ ယခင်တစ်ပတ်က တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ဧည့်မထမှာ ယခင်တစ်ပတ်က တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ယခုတစ်ပတ်တွင် ကျပ် ၇၂၀၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်သည်။

မြေပဲဆီမှာ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ပြီး စားအုန်းဆီမှာ တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေသည်။

ကြက်သွန်နီမှာ တစ်ပိဿာလျှင် ယခင်တစ်ပတ်က အသေး ကျပ် ၂၃၀၀၊ အလတ် ကျပ် ၂၄၀၀ နှင့် အကြီး ကျပ် ၂၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် အသေး ကျပ် ၂၅၀၀၊ အလတ် ကျပ် ၂၇၀၀ နှင့် အကြီး ကျပ် ၃၀၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့သည်။

ကြက်သွန်ဖြူမှာ တစ်ပိဿာလျှင် အသေးကျပ် ၅၅၀၀၊ အလတ် ကျပ် ၆၀၀၀ နှင့် အကြီး ကျပ် ၆၅၀၀၊ ငရုတ်သီးခြောက်အရှည်မှာ တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေပြီး အာလူးမှာ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၀၀၀ အထိရှိရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ၂၈၀၀ အထိဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်သည်။ ကုလားပဲခြမ်းမှာ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၅၆၀၀ မှ ယခုတစ်ပတ်တွင် ကျပ် ၅၀၀၀ ကုလားပဲလုံးမှာ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ယခုတစ်ပတ်တွင် ကျပ် ၄၅၀၀ ဖြင့် ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး မြေပဲဆန်(အဖြူ)မှာ တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ မြေပဲဆန်(အနီ)မှာ တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**သဲစုလွင် (တောင်ငူ)**

# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၉ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅၈ သန်းဖြစ်၍ ယခင်တစ်ပတ်ထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၁ သန်းလျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၄ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် အနီးစပ်ဆုံးကာလထက် ပြောင်း၊ ရော်ဘာစေး၊ လက်ဖက်ခြောက်၊ ခဲနှင့်သွပ်၊ ပလတ်စတစ်ဘူးခွံ အဟောင်း ပိုမိုတင်ပို့ခဲ့သော်လည်း ပုစွန်ဖွဲ၊ တံမြက်စည်း၊ ကတ်ထူစက္ကူအဟောင်း တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် လယ်ထွန် စက်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေးပစ္စည်း များ၊ တွင်းထွက် (သတ္တုမှအပ)၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးသီးနှံ ဆီများ၊ သုတ်ဆေး၊ ပေါလစ်များ၊ သတ္တုကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ ပိုမိုတင်သွင်းခဲ့သော်လည်း ဘိလပ်မြေ၊ ရုပ်မြင်သံကြားစက်များ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ပလတ်တစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ သွပ်ပြား၊ တာယာနှင့် ကျွတ်များ၊ ချည်ထည်များ၊ ပရိဘောဂများ၊ ချုပ်ပြီးအဝတ်အထည်များနှင့် အခြားပစ္စည်းများ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် သွင်းကုန် တန်ဖိုး လျော့နည်းရခြင်းဖြစ်သည်။

**အိမ့် (DOT)**

# မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၀ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၂၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၃၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၆၀ သန်းဖြစ်၍ ယခင်တစ် ပတ်ထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၉ သန်း လျော့နည်းခဲ့သော်လည်း သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇၂ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှု ပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၂ သန်းပိုမိုခဲ့ကြောင်း သိရသည်။



ပို့ကုန်ပိုင်းတွင် အနီးစပ်ဆုံးကာလထက် လျော့နည်းရခြင်းမှာ မြေပဲဆန်၊ နှမ်းနက်၊ သရက်သီး၊ မင်းဂွတ်သီး၊ နနွင်းတက်၊ ချင်းစို၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့ ပိုမိုတင်ပို့ခဲ့သော်လည်း ပဲတီစိမ်း၊ ဖရဲသီး၊ သီဟိုဠ်စေ့၊ ကြက်သွန်နီနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းအနေဖြင့် ယခင်တစ် ပတ်ထက် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ လျော့နည်းတင်သွင်းခဲ့သော်လည်း ချည်ထည်များ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလတ်တစ်ကုန်ကြမ်းပစ္စည်းများ၊ တွင်းထွက်ဆောက်လုပ်ရေး ပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ရေနံထွက် ပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ရုပ်မြင်သံကြားစက်များ ပိုမိုတင်သွင်းခဲ့သောကြောင့် သွင်းကုန်ပိုမိုခြင်းဖြစ်သည်။

**အိမ့် (DOT)**

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း (အိတ်/ကျပ်) ၁.၆ .၂၀၂၃)

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | နှိုင်းယှဉ်ချက် | ကြားပျံ/ တောင်ပျံ | | နှိုင်းယှဉ်ချက် | ခွံနီ/ ပေါ်ကွဲ | | နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | |
| ၁ | ဖျာပုံ | 90,000 | 90,000 | — | 95,000 | 95,000 | — | 77,000 | 80,000 | ↑ |
| ၂ | မော်ကျွန်း | 90,000 | 90,000 | — | 93,000 | 92,000 | ↓ | 80,000 | 81,000 | ↑ |
| ၃ | ဘိုကလေး | 86,500 | 87,000 | ↑ | 90,000 | 90,000 | — | 77,000 | 77,000 | — |
| ၄ | ဒေးဒရဲ/ ကွန်းခြံကုန်း | 91,000 | 90,000 | ↓ | 92,000 | 91,000 | ↓ | | | |
| ၅ | ကော့မှူး/ တွံတေး | 88,000 | 88,000 | — | 92,000 | 92,000 | — | 78,000 | 77,000 | ↓ |
| ၆ | ဝါးခယ်မ | | | | | | | | | |
| ၇ | မြောင်းမြ | 94,000 | 95,000 | ↑ | 95,000 | 96,000 | ↑ | 78,000 | 79,000 | ↑ |
| ၈ | ကျိုက်လတ် | | | | | | | | | |
| ၉ | လပွတ္တာ | 92,000 | 91,000 | ↓ | | 92,000 | | 78,000 | 78,000 | — |
| ၁၀ | ရွှေဘို | 105,000 | 105,000 | — | | | | | | |

Source: Myanmar Rice

သစ်သီးဝလံဈေးနှုန်းနှိုင်းယှဉ်ဖော်ပြချက်

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဒေါ်လာ) | | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | | ၂၉-၄-၂၀၂၃ မှ ၅-၅-၂၀၂၃ ထိ | ၆-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ထိ | | |
| | **မူဆယ်** | | | | မူဆယ် ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ယွမ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| (က) | **တင်ပို့မှု** | | | | |
| | သရက်သီး | ၀.၄၂၀ | ၀.၄၂၂ | ↑ | |
| | ဖရဲသီး | ၀.၁၀၄ | ၀.၁၀၄ | - | |
| | မင်းဂွတ်သီး | _ | ၁.၀၈၄ | - | |
| (ခ) | **တင်သွင်းမှု** | | | | |
| | ပန်းသီး | ၀.၄၁၁ | ၀.၄၁ | ↓ | |
| | လိမ္မော်သီး | ၀.၃၂၀ | ၀.၃၂၀ | - | |
| | ပန်းသစ်တော်သီး | ၀.၃၆၁ | ၀.၃၆၁ | - | |

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဘတ်) | | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | | ၂၉-၄-၂၀၂၃ မှ ၅-၅-၂၀၂၃ ထိ | ၆-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ထိ | | |
| | **မြဝတီ** | | | | မြဝတီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ဘတ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| | **တင်သွင်းမှု** | | | | |
| | ပန်းသီး | ၂၀.၅၆၉ | ၂၀.၆၂၈ | ↑ | |
| | နဂါးမောက်သီး | ၁၃.၈၄ | ၁၃.၈၀၃ | ↓ | |
| | နှန်းမြားသီး | ၆.၈၃၉ | ၆.၈၄၄ | ↑ | |
| | သရက်သီး | ၁၃.၈၄ | - | - | |
| | လိမ္မော်သီး | ၂၀.၅၁၉ | ၂၀.၅၈၆ | ↑ | |
| | သစ်တော်သီး | ၂၀.၅၉၇ | ၂၀.၅၁၆ | ↓ | |
| | တည်သီး | ၁၃.၇၂၂ | ၁၃.၇၅၆ | ↑ | |
| | ရေငန်းသီး | ၆.၈၄၉ | ၆.၈၅၂ | ↑ | |
| | စပျစ်သီး | ၄၀.၈၉၉ | ၄၀.၈၈၉ | ↓ | |

# ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှု အခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ မေ ၂၀ ရက်မှ ၂၆ ရက်အထိ တစ်ပတ်အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀မျိုးမှာ မြေပဲဆန် ၉၀၁ ဒသမ ၅၀၀ တန်၊ တန်ဖိုး ၁ ဒသမ ၄၀၄ ဒေါ်လာသန်း၊ ပဲတီစိမ်း ၁၅၅၄ တန်၊ တန်ဖိုး သုည ဒသမ ၉၂၉ ဒေါ်လာသန်း၊ ဆန်ကွဲ ၁၃၉၈ တန်၊ တန်ဖိုး သုည ဒသမ ၅၃၀ ဒေါ်လာသန်း၊ ရော်ဘာ ၃၃၇ တန်၊ တန်ဖိုး သုည ဒသမ ၃၈၃ ဒေါ်လာသန်း၊ ဝဥခြောက် ၁၁၈ ဒသမ ၄၃၅ တန်၊ တန်ဖိုး သုည ဒသမ ၂၁၃ ဒေါ်လာသန်း၊ ပဲယင်း ၂၆၈ ဒသမ ၅၀၀ တန်၊ သုည ဒသမ ၂၁၁ ဒေါ်လာသန်း၊ နှမ်းညို ၉၆ ဒသမ ၀၀၄ တန်၊ သုည ဒသမ ၁၅၆ ဒေါ်လာသန်း၊ နှမ်းနက် ၉၈ ဒသမ ၂၅၀ တန်၊ တန်ဖိုး သုည ဒသမ ၁၅၂ ဒေါ်လာသန်း၊ မြေထောက်ပဲ ၁၀၂ ဒသမ ၆၀၇ တန်၊ တန်ဖိုး သုည ဒသမ ၁၃၄ ဒေါ်လာသန်း၊ လက်ဖက်ခြောက် ၁၀၅ ဒသမ ၂၁၁ တန်၊ တန်ဖိုး သုည ဒသမ ၁၀၃ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ ၄ ဒသမ ၄၅၈ ဒေါ်လာသန်း၊ ချည်ထည်များ ၄ ဒသမ ၁၂၇ ဒေါ်လာသန်း၊ သံနှင့် သံမဏိပစ္စည်း များ ၁ ဒသမ ၇၃၁ ဒေါ်လာသန်း၊ ဓာတ်မြေဩဇာ ၁ ဒသမ ၅၂၅ ဒေါ်လာသန်း၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ ၁ ဒသမ ၂၆၆ ဒေါ်လာသန်း၊ လုပ်ငန်းသုံးအခြားပစ္စည်းများ သုည ဒသမ ၉၆၃ ဒေါ်လာသန်း၊ စက်နှင့် စက်ပစ္စည်းများ သုည ဒသမ ၉၅၉ ဒေါ်လာသန်း၊ လူသုံးအခြားပစ္စည်းများ သုည ဒသမ ၆၅၀ ဒေါ်လာသန်း၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ သုည ဒသမ ၅၆၉ ဒေါ်လာသန်းနှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ သုည ဒသမ ၅၃၂ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုတစ်ပတ်တွင် ပို့ကုန်တစ်တန်လျှင် ကျပ် ၆၀၀၀၀ ရှိကြောင်း သိရှိရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ ဆန် ၃၂၀၀ ယွမ်နှုန်း၊ ဆန်ကွဲ ၃၁၀၀ ယွမ်နှုန်း၊ ပဲတီစိမ်း ၅၉၀၀ ယွမ်နှုန်း၊ မြေထောက်ပဲ ၈၀၀၀ ယွမ်နှုန်း၊ ပဲလွမ်းဖြူ ၄၇၀၀ ယွမ်နှုန်း၊ ပြောင်း ၂၃၀၀ ယွမ်နှုန်း၊ နှမ်း ၁၂၀၀၀ ယွမ်နှုန်း၊ ရော်ဘာ ၈၀၀၀ ယွမ်နှုန်း၊ ငရုတ်အစို ၅၀၀၀ ယွမ်နှုန်း၊ ငရုတ်ခြောက် ၉၀၀၀ ယွမ်နှုန်း ရှိခဲ့ကြောင်း သိရှိရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

ရန်ကုန်သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

| စဉ် | သစ်သီးအမျိုးအမည် | ၂၆-၅-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | ၂-၆-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဖရဲသီး | ၄၀၀၀-၁၃၀၀၀ | ၃၀၀၀-၁၂၀၀၀ | ၂-၆-၂၀၂၃ နေ့တွင် ရန်ကုန်သီရိမင်္ဂလာဈေးသို့ ဝင်ရောက်သည့် သစ်သီးဝလံ ဟင်းသီးဟင်းရွက် ကုန်ပိဿာချိန် ခန့်မှန်း ၂၆၀၈၀၀၀ ဝင်ရောက်ကြောင်း သိရှိရသည်။ ကုန်ဈေးနှုန်းများ အနေနှင့် နယ်စုံမှ ဝင်ရောက်လာသော ကုန်ပစ္စည်း အနည်းအများပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အတက်အကျ ရှိနိုင်ကြောင်း ဈေးများဌာနမှ သိရှိရသည်။ |
| ၂ | ကျွဲကောသီး | ၁၆၀၀-၄၀၀၀ | ၁၅၀၀-၄၀၀၀ | |
| ၃ | ရွှေလိမ္မော်သီး(ပိဿာ) | ၅၀၀၀-၁၀၀၀၀ | ၆၀၀၀-၈၀၀၀ | |
| ၄ | သရက်သီး | ၃၀၀-၁၆၀၀ | ၃၀၀-၁၈၀၀ | |
| ၅ | သဘော်သီး | ၈၀၀-၂၀၀၀ | ၁၀၀၀-၂၀၀၀ | |
| ၆ | နာနတ်သီး | ၅၀၀-၈၀၀ | ၅၀၀-၁၀၀၀ | |

ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ) (၂.၆.၂၀၂၃)

| စဉ် | အမျိုးအစား | ယခင်တစ်ပတ် | ယခုတစ်ပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| 1 | RSS-1 | 1300-1350 | 1300-1350 | — |
| 2 | RSS-2 | 1250-1300 | 1250-1300 | — |
| 3 | RSS-3 | 1200-1250 | 1200-1250 | — |
| 4 | RSS-4 | 1150-1200 | 1150-1200 | — |
| 5 | RSS-5 | 1100-1150 | 1100-1150 | — |

Source: MRPPA

# တည်င်းကုန်းဈေးကြီး၌ ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်င်းကုန်း လက်ကားဈေးကြီးအတွင်းသို့ မေ ၂၄ ရက်မှ ၃၀ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ) ကျပ် ၁၂၀၀ မှ ၁၆၀၀ အတွင်း၊ ဂေါ်ဖီထုပ် တစ်ထုပ် ကျပ် ၆၀၀ မှ ၂၀၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၆၀၀ မှ ၁၅၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၁၉၅၀ မှ ၂၁၀၀ အတွင်း၊ မုန်လာ ဥနီ(ပိဿာ) ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး)ကျပ် ၂၀၀၀ မှ ၅၀၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ မုန်ညင်းထုပ်(ပိဿာ) ကျပ် ၂၀၀၀ မှ ၂၅၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)ကျပ် ၁၆၀၀ မှ ၂၁၅၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)ကျပ် ၄၈၀၀ မှ ၆၂၀၀ အတွင်း၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၆၀၀၀ မှ ၆၈၀၀ အတွင်း၊ ချင်း(ပိဿာ) ကျပ် ၃၀၀၀ မှ ၆၀၀၀ အတွင်း၊ ဆလတ်ရွက်(စည်း) ကျပ် ၂၀၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စည်း) ကျပ် ၇၅ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်)(ပိဿာ)ကျပ် ၂၀၀၀ မှ ၂၂၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၅၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း)(ပိဿာ)ကျပ် ၃၅၀၀ မှ ၅၅၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၁၅၀၀ မှ ၈၀၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။

**မြင့်မြင့်စန်း(ရန်ကုန်)**

# ရှမ်းပြည်နယ် တောင်ပိုင်းမှ ဆီမုန်ညင်း



ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ဆီမုန်လာ စသည့် သီးနှံများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်အများအပြားတွင် စိုက်ပျိုးကြသည်။ ၎င်းဆီထွက်သီးနှံများအနက်မှ ဆီမုန်ညင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယ၊ ညောင်ရွှေ စသည့် မြို့နယ်များတွင် စိုက်ပျိုးကြသည်။

ဆီမုန်ညင်းမှာ အေးသည့်ဒေသများတွင် ပိုမိုစိုက်ပျိုးဖြစ်ထွန်း၍ စိုက်ပျိုးရလွယ်ကူပြီး မြေနီသဲဝန်း၊ နုန်းမြေတို့တွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ဆီမုန်ညင်းကို စပါးစိုက် ရိတ်သိမ်းပြီးသည်နှင့် ဩဂုတ်လမှ နိုဝင်ဘာလများတွင် ဆီမုန်ညင်းကို ကြဲပက်၍စိုက်ပျိုးကြသည်။ မျိုးစေ့အနေဖြင့် အရောင်အဆင်းအလိုက် အဝါမျိုးနှင့် အနက်မျိုးဟု နှစ်မျိုးရှိပြီး ရာသီသီးနှံဖြစ်၍ မြေအမျိုးအစားနှင့် စိုက်ပျိုးချိန် ကွာခြားမှုပေါ် မူတည်ပြီး တစ်ဧကလျှင် မျိုးနှစ်ပြည်မှ လေးပြည်ခန့် ကြဲပက်စိုက်ပျိုးပြီး သွင်းအားစုအနေဖြင့် ပုလဲခာတ်မြေဩဇာ တစ်အိတ်ခန့်သာ အသုံးပြုရပြီး တစ်ဧက ကုန်ကျစရိတ်နှင့် ဂရုစိုက်ရမှုနည်းပါးသော ဝင်ငွေရသည့် သီးနှံတစ်မျိုးဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဆီမုန်ညင်းကို စိုက်ဧက ၁၄၇၀၈ ခန့်စိုက်ပျိုးပြီး အထွက်နှုန်းအနေဖြင့် ၁၅ - ၁၈ တင်းခန့်ထွက်ရှိသည်။ လက်ရှိဆီမုန်ညင်းစေ့ တစ်ပိဿာ ပေါက်ဈေးမှာ ၁၃၀၀၀ ရှိသည်။ ဆီမုန်ညင်းစေ့ တစ်တင်းကို ဆီကြိတ်ပါက ဆီပိဿာ ၄ ဒသမ ၅ မှ ၅ ပိဿာ ခန့်ထွက်ရှိပြီး ကြိတ်ဖတ် ၁၀ ပိဿာ ခန့်ထွက်ရှိကြောင်း သိရှိရသည်။ ဆီမုန်ညင်းဆီ(မုန်ညင်းဆီ)ပေါက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ ရှိပြီး ၁၀ ပိဿာဝင် ဆီပုံး တစ်ပုံးလျှင် ဈေးနှုန်း ကျပ် ၁၂၀၀၀၀ ခန့်ရှိသည်။

ဆီမုန်ညင်းမှာ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည့် သီးနှံတစ်မျိုးဖြစ်သည်။ ဆီမုန်ညင်း၏ အသုံးဝင်မှုများကလည်း များစွာအကျိုးရှိသည်။ မုန်ညင်းဆီမှာ ဟင်းသီးဟင်းရွက်ဆီများ အားလုံးတို့တွင် ပါဝင်သည့်သဘာဝ ဗီတာမင်များ မျှတစွာ ပါဝင်ကြောင်း သိရသည်။ မုန်ညင်းဆီတွင် အိုမီဂါ-၃ အက်စစ်ပါဝင်မှုအရ မုန်ညင်းဆီသည် သံလွင်ဆီနှင့် နေကြာဆီတို့ထက် အဆများစွာ မြင့်မားသည်ဟုလည်း သိရသည်။ ဆီမုန်ညင်းကို ဆီကြိတ်လျှင် အနံ့အနည်းငယ်ရှိခြင်းကြောင့် ဆီအဖြစ် စားသုံးမှုနည်းပါးပြီး ကျန်းမာရေးအတွက် ဆေးဝါးဖော်စပ်ရာ၌ အဓိက အသုံးပြုကြသည်။ မုန်ညင်းဆီသည် ဇီဝဖြစ်စဉ်ကို မြန်ဆန်စေခြင်း ကိုလက်စထရောများကို ဖယ်ရှားခြင်းနှင့် လူသားတို့၏ ရန်လိုမှုကို လျှော့ချပေးသည်။ မုန်ညင်းဆီ၏ ကျန်းမာရေးအတွက် ကောင်းကျိုးများမှာ သွေးတိုးခြင်းမှ ထိန်းပေးခြင်း၊ မှတ်ဉာဏ် အားကောင်းစေခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်စေခြင်း၊ လန်းဆန်းတက်ကြွစေခြင်း၊ အဆီကျစေခြင်း၊ မျက်စိအားကောင်းစေခြင်း၊ အရိုးအဆစ်များကို ကောင်းမွန်စေခြင်း၊ အချိန်မတိုင်မီ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးခြင်းနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် ဆေးစွမ်းတစ်လက်ဖြစ်ခြင်းကြောင့် မုန်ညင်းဆီကို အိမ်တိုင်းဆောင်ထားသင့်သည်။ မုန်ညင်းဆီ ရောင်းတမ်းဝင်သည့် မြန်မာ့ဆေးစွမ်းကောင်းတစ်ခုဖြစ်ခြင်းကြောင့် မုန်ညင်းဆီတွင် ကုန်ကြမ်းဖြစ်သည့် ဆီမုန်ညင်းကို ယခုထက် ပိုမိုစိုက်ပျိုးသင့်ကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ **S.Y.H(tgi)**








Selective Star Agribusiness Co., Ltd
GAP
Golden Arrow's Power
စိုက်ပျိုးရေးထွက်ကုန်တိုး
သဘာဝ သွင်းအားစုများ



Shwe Myanmar Investment and Commercial Co, Ltd.
Export Business (Fish & Prawn)
Import Business (Spices & Chemicals)
Head Office
Room(6/7), No.262/286, Konzaydan Street, Pabedan Township,Yangon, Myanmar.
Email : shwemyanmar02@gmail.com , munifo6@gmail.com
Tel : 01 -254875, 383816, 379763, 256097, 256098
Factory
No.92, U Phoe Hlaing Street, Dagon Seik-Kan, Industry Zone (2),Dagon Seik-Kan Tsp.
Email : fayazcoygn@gmail.com , contact.sm@shwemyanmarcoldstore.com
Tel : 09 - 793843844


BLESSING TRADING CO.,LTD.
EXPORTER & IMPORTER
saf-instant
FROZEN YEAST
LESAFFRE
IBIS
RED
magimix
Office
No. 136, 27th Street, Pabedan Township,
Yangon, Myanmar.
Tel : 01-246605, 387456
Fax : 95-1-246605,
HP : 09-51 81289, 09 250515276
Email : tinhtwemaung92@gmail.com
Residence
No.1/3,2nd Street, Upper Mandalay Road,
Kandawgalay, Mingalar Taung Nyunt
Township, Yangon, Myanmar.


GOLDEN BROWN COFFEE CO., LTD.
GOLDEN BROWN COFFEE
Cafe & Coffee Supply
BEZZERA
Espresso Coffee Machine
MADE IN ITALY SINCE 1901
Handmade in ITALY
The Best COFFEE SUPPLY
Arabica Single Origin Global blend Organic Premium Quality
K 210, Khantharyar Shopping Centre,
Near Kan Daw Gyi Lake, Yangon, Myanmar
09 797055588
62 Road,Between 38th Street and 39th
street, Mandalay, Myanmar
09 797055755


SMART
Modern Furniture
Add : MB-4, Yuzana Plaza, Mingalar Town Nyunt
Yangon.
Ph : 095164237, 09252952665, 09958707437


ခေါင်းကိုက်၊ဖျားနာကင်းဝေးအောင်
"ပါရာဆေး(ဗ်)" ကိုဆောင်
ParaSafe
Paracetamol B.P.
Paracetamol 500mg Tablet
ParaSafe
RAPID SAFE
96.3%
JDS Co.,Ltd.


WECO
ECO ENERGY
WECO ENERGY WOODPELLET
Ph:095168959
We serve cooperation and demand in medium and large capacity for local needs.
Email : mslwoodpellet@gmail.com


SHWE SIN OO TRADING LIMITED
ပဲမျိုးစုံ
နှင့်
နှမ်းရောင်းဝယ်ရေး
Buying Pulses and Sesame Seeds
Add : No.16, 1 st Floor, Sint Oh Dan Street, Latha Township, Yangon, Myanmar.
Tel : 09-5115664, 95-1-8225837
Fax : 95-1-8224011
Email : shwesinoodoc@gmail.com



# မြန်မာ့သနပ်ခါး တန်ဖိုးထား ထိန်းသိမ်းကြစို့လား

မြင့်မြင့်သန်း(ပခုက္ကူ)

မြန်မာ့သနပ်ခါးသည် "သနပ်ခါး"ဟူသော စကားရပ်မှ ဆင်းသက်လာပြီး "သန"ဆိုသည်မှာ အညစ်အကြေးဟု အဓိပ္ပာယ်ရသည်။ "ခါး"ဆိုသည်မှာစွန့်ထုတ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတွက် သနပ်ခါးသည် မကောင်းသော အညစ်အကြေးများကို စွန့်ထုတ်ပေးသည့်အရာဟု သိရှိရသည်။ မြန်မာအမျိုးသမီးများသည် သနပ်ခါးကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက လိမ်းကာ အလှချယ်သကြသော ပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် မည်သည့်နေရာသွားသွား သနပ်ခါးလိမ်းထားသောမျက်နှာများကို မြင်တွေ့နိုင်ခြင်းက သက်သေသာဓကပင်ဖြစ်သည်။

မြန်မာလူမျိုးများသည် မွေးကင်းစအရွယ်ကစ၍ အသက်အရွယ် မရွေးသနပ်ခါး လိမ်းကြသည်။ သနပ်ခါးကို နှစ်သက်ခြင်းသည် အလှအပလိမ်းစရာပစ္စည်းဖြစ်သည့်အပြင် သနပ်ခါး၏ ဆေးဖက်ဝင်သည့် အာနိသင်ဂုဏ်သတ္တိများကြောင့်လည်းဖြစ်ကြသည်။ မြန်မာသနပ်ခါးသည် ရာသီဥတုနှင့်လိုက်လျောညီထွေရှိကာ သနပ်ခါးကို လိမ်းလိုက်ရလျှင် စိတ်နှလုံးအေးချမ်းသကဲ့သို့ သနပ်ခါး လိမ်းထားလျှင် နေရောင်ခြည် အပူဒဏ်ကို ခံနိုင်သလို အရေပြား မပျက်စီးအောင်လည်း ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ တောင်ပေါ် မြေပြန့်မှ တိုင်းရင်းသူအမျိုးသမီးများသည် သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ကြသည်။ အမျိုးသမီးများသာမက အမျိုးသားများပါ သနပ်ခါးကို အမြတ်တနိုး အသုံးပြုကြသည်။ ယခုခေတ်ပေါ် အနောက်တိုင်း အလှကုန်ပစ္စည်းများ အသုံးများ၍ ခေတ်စားနေစေကာမူသနပ်ခါးနှင့်ကင်းနိုင်သူအမျိုးသမီးတို့အရေအတွက်မှာ အလွန့်အလွန် နည်းပါးလှပါသည်။ သနပ်ခါးသည် စိတ်ကြည်လင်လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့နှင့် ပြည့်စုံခြင်း၊ အသားအရေကို အေးမြစေခြင်း ချောမွတ်စေခြင်း၊ သနပ်ခါး လိမ်းသူအား လှပစေခြင်းစသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံစေပါသည်။

## oeyfcg;pkdufcifjzpfay:ykH

သဘာဝအလေ့ကျပေါက်နေသော သနပ်ခါးများကို ၁၉၄၅-၁၉၄၆ခုနှစ်ခန့်မှစ၍ လှေများဖြင့် အောက်ပိုင်းဒေသများသို့ သွားရောက်ရောင်းချကြသည်ကိုလေ့လာမှတ်သားရသည်။ ယင်းနောက်ပိုင်းနှစ်များတွင်လည်း အလေ့ကျပေါက်နေသော သနပ်ခါးများကို ရောင်းဝယ်ဖောက်ကားကြသည်။ ၁၉၇၅ခုနှစ်ခန့်ကစ၍တောင်သူတို့သည်မိမိတို့၏ယာခင်းတွင် ပေါက်နေသော သဘာဝသနပ်ခါးပင်များကို မြေဆွပေါင်းသင်ပြီး စိုက်ပျိုး၍ အပိုငွေအဖြစ် ရောင်းဝယ်ကြပါသည်။

ရှင်မတောင် သနပ်ခါးမှာ အမျိုးသမီးများတွင်သာမက အမျိုးသားများပါ နှစ်ခြိုက်စွာ အသုံးပြုကြသည့်အတွက် ဈေးကွက်တစ်ခုအဖြစ် ပေါ်ပေါက်ခဲ့ကြပါသည်။ ဈေးကွက်ကောင်းပြီး လူဦးရေ သုံးစွဲမှုမှာလည်း များပြားလာခဲ့သည်။ တောင်သူများအနေဖြင့် မိမိယာခင်းထဲတွင် အလေ့ကျပေါက် သနပ်ခါးပင်များကို မြေလွတ်များတွင် မျိုးကူးစိုက်ခင်းအဖြစ် ၁၉၈၀-၁၉၈၁ခုနှစ်မှစ၍ တွင်ကျယ်စွာ စိုက်ပျိုးလာကြသည်။ နှစ် ၈၀ ကျော် သဘာဝပေါက် သနပ်ခါးများမှာ ကျယ်ဝန်းသောဧကများဖြင့် ယနေ့ထက်ထိ အောင်မြင်နေသည်ကို တွေ့ရှိရသည်။

## oeyfcg;ayguf&ma'orsm;

သနပ်ခါးပင်ကို မြန်မာနိုင်ငံ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် တွေ့ရှိရသည်။ မြန်မာ့သနပ်ခါးသည် အရည်အသွေးအကောင်းဆုံးဖြစ်သည်။ သနပ်ခါးသည် မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် ဖြစ်ထွန်းအောင်မြင်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင် စီးပွားဖြစ်စိုက်ပျိုးကြရုံသာမက အိမ်ခြံဝင်းအတွင်းတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ သနပ်ခါးပင်သည် ပေ ၂၀ မှ ၃၀ထိမြင့်သည့် အပင်လတ်မျိုးဖြစ်သည်။ သနပ်ခါး စိုက်ပျိုးပြီး ပထမတစ်ကြိမ် ခုတ်၍ ရောင်းချပြီး သန်မာသည့် အသားတတ်များဆက်လက်ထားရှိနိုင်သဖြင့် ဘိုးစဉ်ဘောင်ဆက်အဆင့်ဆင့် ခုတ်ယူရောင်းချပြီး ဝင်ငွေရသဖြင့် အပူပိုင်းပဒေသာပင်ဟု တင်စားခေါ်ဆိုကြသည်။ သနပ်ခါးပင်များကို ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ မြင်းခြံ၊ ပြည်၊ ရွှေဘို၊ ကျောက်ကာ၊ စစ်ကိုင်း၊ မြင်းမူ၊ ကနီ စသည့် အပူပိုင်းဒေသများတွင် အများဆုံးတွေ့ရှိရသည်။ အချို့သော မြန်မာပြည်၏အထက်ပိုင်းရှိ ရွက်ပြတ်တောခြောက်များမှာလည်း သနပ်ခါးပင်ကို တွေ့ရှိရသည်။

## oifysdEdkifonfrsm;ypkdu&Sdawmifbeyfcg;

မြန်မာနိုင်ငံတွင် သနပ်ခါးကို အပူပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးပြီး သနပ်ခါး အမျိုးအမည် များစွာရှိသည်မှာ ရှင်မတောင် သနပ်ခါးကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ဧကပေါင်း လေးသိန်းခန့် စိုက်ပျိုးကြောင်း သိရှိရသည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ်များတွင် သနပ်ခါးကို ဘိုးစဉ်ဘောင်ဆက်မှစ၍ယခုချိန်ကာလအထိ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ပခုက္ကူခရိုင်တွင် သနပ်ခါးစိုက်ဧက တစ်သိန်းကျော်ခန့် စိုက်ပျိုးကြောင်း ပခုက္ကူသနပ်ခါးအသင်းမှ သိရှိရသည်။ ၂၀၁၉-၂၀၂၀ခုနှစ်တွင် သနပ်ခါးဈေးကွက်ကျဆင်း၍ သနပ်ခါး စိုက်တောင်သူအချို့သည် စိုက်ခင်းများအစား ဈေးကွက်ဝင် ဆေးကုလားမလျှော်ဖြူနှင့် ကြယ်ပဲစိုက်ခင်းများကို အစားထိုးစိုက်ပျိုးကြ၍ သနပ်ခါးစိုက်ဧက လျော့နည်းသွားကြောင်း သိရှိရသည်။ ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် သနပ်ခါး စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ရှင်မတောင် သနပ်ခါးမျိုးကို အဓိကထား စိုက်ပျိုးကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ခုနှစ်တွင် သနပ်ခါးဈေးကွက် ပြန်လည်ကောင်းမွန်လာ၍ သနပ်ခါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

သနပ်ခါးဈေးကွက်အနေဖြင့် ပခုက္ကူမြို့သည် သနပ်ခါးများ ဆုံစည်းရာ စီးပွားရေးမြို့တော်ဖြစ်ပြီး ပခုက္ကူမြို့နှင့်ဆက်စပ်လျက်ရှိသော မြို့နယ်များမှ ထွက်ရှိသော သနပ်ခါးများ ဝင်ရောက် ဖောက်ကား အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ နေ့စဉ် သနပ်ခါးအပင် ၁၀၀၀၊ ပိဿာလေးသောင်းခန့် မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိကြောင်း၊ ပခုက္ကူဒေသထွက် ရှင်မတောင် သနပ်ခါးသည် အရည်အသွေးကောင်းပြီး သင်းပျံ့မွှေးကြိုင်သော ရနံ့ရှိ၍ ပခုက္ကူဒေသထွက် ရှင်မတောင် သနပ်ခါးကို လူမျိုးဘာသာမရွေး ကြိုက်နှစ်သက်စွာ သုံးစွဲလျက်ရှိသည်။ မြန်မာ့သနပ်ခါး စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ပြည်သူများ သနပ်ခါးအစစ် သုံးစွဲမှု ရေရှည်တည်တံ့စေရန်အတွက် ပခုက္ကူခရိုင်အနေဖြင့် ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ ဖွဲ့စည်းထားရှိကြောင်း သိရှိရသည်။

## oeyfcg;pkdufysdK;enf

သနပ်ခါးစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ ကျောက်စရစ်မြေ၊ နွံ့စေးမြေ၊ မြေနုမြေများမှလွဲ၍ ကျန်မြေအမျိုးအစားများတွင် စိုက်ပျိုးနိုင်သည်။ ရာသီဥတုအခြေအနေနှင့် အပင်အခြေအနေပေါ် မူတည်၍ ပင်လုံးပျံ့ပိုးသတ်ဆေး၊ ထိသေပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို ကြိုတင်ကာကွယ်၍ပက်ဖျန်းပေးသင့်သည်။ သနပ်ခါးပင်များသည် တပေါင်း၊တန်ခူးလများတွင် ပွင့်ဖူးပြီး ဝါဆို၊ဝါခေါင်လများတွင် အသီးများရင့်မှည့်ကာ မျိုးအဖြစ်စတင်ခူးယူသည်။ သနပ်ခါးသီးများကို ရေတွင် စိမ်ပြီး ရေအောက်တွင် နစ်မြုပ်နေသော သနပ်ခါးစေ့များကို ယူ၍ ပျိုးထောင်ပြီး စိုက်ပျိုးကြပါသည်။ ပျိုးထောင်ရာတွင် အိတ်ဖြင့် ပျိုးထောင်ခြင်း၊ ပျိုးဘောင်လုပ်၍ ပျိုးထောင်ခြင်း နှစ်မျိုးရှိသည်။ ပျိုးထောင်ပြီး ၄၅ ရက်သားအကြာတွင် မြေတွင် စတင်ပြောင်းရွှေ့စိုက်ပျိုးသည်။ သီးညှပ်စိုက်ပျိုးလျှင် တန်းကြားပင်ကြား ၈ ပေ၊ ၅ ပေ စိုက်ပျိုးပြီး သီးညှပ်အဖြစ် နှမ်း၊ ပဲစိမ်းငုံ၊ မြေပဲ၊ ပဲတီစိမ်း စသည့် သီးနှံများကို စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးခြင်း မပြုလျှင် တန်းကြားပင်ကြား (၄ ပေ၊ ၄ ပေ)ထား၍ စိုက်ပျိုးကြသည်။ တစ်ဧကစိုက်ပျိုးလျှင် ပျိုးပင်(၄၅၀/ ၅၀၀)ခန့် စိုက်ပျိုးဝင်ဆံ့ကြောင်း သိရှိရသည်။

## oeyfcg;aps;EIef;apsm;uGuf

သနပ်ခါးဈေးကွက်အခြေအနေမှာ အပင်၏သက်တမ်း (၁၀) နှစ်အောက်ဆိုလျှင် ကျပ်၁၀၀၀၀ မှ ၃၀၀၀၀ခန့်ရှိကြောင်း၊သက်တမ်း (၄၀/၅၀)နှစ်ဆို ကျပ် ၃၅ သိန်းမှ ၄၅ သိန်းထိရှိကြောင်း၊ စိုက်ခင်းပြတ်ဆိုလျှင် အပင်အရေအတွက်နှင့် အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှုရှိကြောင်း လေ့လာသိရှိရသည်။ သနပ်ခါးဈေးကွက်အခြေအနေမှာ တောင်သူအများစုသည် သက်တမ်းအနည်းဆုံး ခုနှစ်နှစ်ကျော်လျှင် စီးပွားဖြစ်သည့် သနပ်ခါးများကိုသာ ရွေးချယ်စိုက်ပျိုးကြသည်ကို သိရှိရသည်။ ဈေးကွက်အနေဖြင့် ကချင်ပြည်နယ်၊ ရန်ကုန်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ စစ်တွေ၊ တောင်ကုတ်၊ မကွေးမြို့များသို့ တင်ပို့လျက်ရှိသည်။ ထို့ပြင် မူလသနပ်ခါးအား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်တွင် သက်ဦးစံနှင့် အောင်သိဒ္ဓိ သနပ်ခါး ရောင်းဝယ်ရေးလုပ်ငန်းမှ သနပ်ခါးကုန်ကြမ်းမှ ကုန်ချောအဖြစ်သို့ အလှကုန်အမျိုးမျိုးကို ပြန်လည်ပြုပြင်ထုပ်ပိုး၍ နိုင်ငံတကာဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

## jrefmbeyfcg;wefbdk;xm;

မြန်မာ့သနပ်ခါးစိုက်ပျိုးရေးနှင့် သနပ်ခါးယဉ်ကျေးမှုတို့ကို လူငယ်များအကြား ဖြန့်ဝေပေးနိုင်ရန်အတွက် သနပ်ခါးပြတိုက်တစ်ခုကို ရွှေပြည်နန်းကုမ္ပဏီက တည်ထောင်ဖွင့်လှစ်ထားသည်ကို ညောင်ဦးမြို့တွင် တွေ့ရှိရသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အရေးပါသော သနပ်ခါးအား ရပ်ရွာလူ့အဖွဲ့အစည်းက တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ သနပ်ခါးအများဆုံး စိုက်ပျိုးရာဒေသ မြို့နယ်များဖြစ်ကြသည့် အရာတော်၊ ရွှေဘို၊ မုံရွာ၊ ကျောက်ကာ၊ မြင်းမူ၊ ကနီ၊ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက် စသည့်မြို့နယ်များမှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများ၊ စစ်တွေ၊ လင်းခေးဒေသများမှ သနပ်ခါးထုတ်လုပ်သူများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်များမှ သနပ်ခါးကုမ္ပဏီများပါမကျန် သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအားလုံးပါဝင်သည့် မြန်မာနိုင်ငံ သနပ်ခါးအသင်းတည်ထောင်ခဲ့ပြီး သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရေးကို စနစ်တကျ တိုးတက်ဖွံ့ဖြိုးလာစေရန်၊ ပြည်သူများ သနပ်ခါး အစစ်သုံးစွဲနိုင်စေရန်၊ သနပ်ခါးအသုံးပြုမှု ရေရှည်တည်တံ့စေရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

သနပ်ခါးအသင်းကြီးမှ သနပ်ခါးကို မြတ်နိုးတန်ဖိုးထားလျက်ရှိရာ မြန်မာ့ယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းနိုင်စေရန် သနပ်ခါး လှပျိုမေပြိုင်ပွဲ၊ဈေးရောင်းပွဲတော်များ ကျင်းပခြင်း၊သနပ်ခါးနေ့ အခမ်းအနား ကျင်းပခြင်း၊ တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်အား ရည်စူး၍ သနပ်ခါးသားဖြင့် မီးပူဇော်သည်ကို အကြောင်းပြု၍ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် မြန်မာနိုင်ငံ သနပ်ခါးအသင်းက သတ်မှတ်ပြီး သနပ်ခါးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ တန်ခိုးကြီးဘုရားများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများအား လိမ်းရန်အတွက် ဆေးသနပ်ခါးကျောက်ပျဉ်များ ထားရှိခြင်းနှင့် သနပ်ခါးဈေးရောင်းပွဲတော်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့သနပ်ခါးသည် မြန်မာလူမျိုးတို့၏ ဘိုးဘွားအစဉ်အဆက်ထိန်းသိမ်းကာ လက်ဆင့်ကမ်းလာခဲ့ကြသည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးအနေဖြင့် မြန်မာ့သနပ်ခါးကို တန်ဖိုးထားလျက် ပျောက်ကွယ်မသွားစေရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများက တစ်ဦးနှင့်တစ်ဦး လေးစား ချစ်ခင်စွာဖြင့် ပူးပေါင်းဆောင်ရွက်၍ မြန်မာ့သနပ်ခါးကို တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# စံပြ အထူးစီးပွားရေးဇုန်သို့ လေ့လာရေးခရီး

အောင်ပြည့်ဖြိုးမြင့်

၂၀၂၃ ခုနှစ် မေ ၁၀ရက်တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သင်တန်း၊ သင်တန်းသားအဖွဲ့သည် ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လည်ပတ်လေ့လာဖြစ်ခဲ့သည်။ စီးပွား/ကူးသန်းရုံး ရန်ကုန်မှ နံနက် ၈နာရီခွဲတွင် စတင်ထွက်ခွာခဲ့ကြပြီးနံနက် ၉နာရီခွဲခန့်တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိခဲ့ကြသည်။ ရောက်ရှိချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများက ကျွန်တော်တို့ သင်တန်းသားအဖွဲ့အား လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက နှုတ်ဆက်အဖွင့်အမှာစကားပြောကြားခြင်း အစီအစဉ်ဖြင့် စတင်ခဲ့သည်။ဥက္ကဋ္ဌ၏အဖွင့်မိန်းခွန်းမှတစ်ဆင့် အထူးစီးပွားရေးဇုန်(SEZ)များသည် နိုင်ငံ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လွန်စွာအရေးကြီးကြောင်းနှင့် နိုင်ငံ၏ဝင်ငွေ ရှာဖွေပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရှိနားလည်ခဲ့ရသည်။

သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အစိုးရတို့ ပူးပေါင်းဆောင်ရွက်သောဖက်စပ်လုပ်ငန်း(Joint Venture) ဖြစ်သည်။ ၂၀၁၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်ခဲ့သည်ဟုသိရှိရသည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးခုရှိသည့်အနက် သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိမြန်မာနိုင်ငံ၏အောင်မြင်နေသော စံပြအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ခြင်းခံထားရသည်။

အဆိုပါဇုန်အတွင်း နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပေါင်း ၁၀၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း သိရှိခဲ့ရသည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံ၏အကျိုးစီးပွား တိုးတက်စေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုပါ ဖန်တီးပေးနေကြောင်းသိရှိရသည့်အတွက် မိမိတို့အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သတ်၍ ဗဟုသုတများစွာရရှိခဲ့ရသည်။

အထူးစီးပွားရေးဇုန်ဖြစ်သည်နှင့်အညီ လုပ်ငန်းရှင်များအတွက် အခြားဇုန်များနှင့်မတူဘဲ အားသာချက်များ ရှိသည်ကိုလည်း တာဝန်ရှိသူများ၏ရှင်းလင်းပြောကြားမှုများမှတစ်ဆင့် လေ့လာတွေ့ရှိခဲ့ရသည်။ ၂၄နာရီ မီးရရှိခြင်း၊ Waste management system အား ကောင်းစွာပြုလုပ်ထားနိုင်ခြင်း၊ Logistics Services များရှိခြင်းနှင့် Safety and Security System များ ကောင်းမွန်စွာ ဆောင်ရွက်ထားခြင်း အစရှိသော plug-in services များသည် လာရောက်လုပ်ကိုင်ကြသော လုပ်ငန်းရှင်များအတွက် လွန်စွာအဆင်ပြေမှုရှိကြောင်းကိုလည်း တွေ့ရှိရသည်။ ထို့ပြင်One-Stop-Service-Center(OSSC) များသည် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တစ်နေရာထဲ၌ လျင်မြန်ထိရောက်စွာဝန်ဆောင်မှုပေးနိုင်သည့်အတွက် လုပ်ငန်းများ လုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည်ဖြစ်ရာ

**သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အစိုးရတို့ ပူးပေါင်းဆောင်ရွက်သောဖက်စပ်လုပ်ငန်း (Joint Venture) ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းစတင် လည်ပတ်နိုင်ခဲ့သည်ဟု သိရှိရသည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးခုရှိသည့်အနက် သီလဝါ အထူးစီးပွားရေးဇုန်သည် လက်ရှိမြန်မာနိုင်ငံ၏ အောင်မြင်နေသော စံပြအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ခြင်း ခံထားရသည်။**

OSSC များ၏ အရေးကြီးသော အခန်းကဏ္ဍကိုလည်း မြင်တွေ့ခဲ့ရသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း Free zone နှင့် promotion zone များ ခွဲခြားထားရှိပြီး ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရှိခြင်းတို့သည်လည်း သီလဝါ SEZ ၏ အားသာချက်များထဲမှ အဓိကအချက်တစ်ခုဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထို့နောက်တွင် OSS မှ တာဝန်ရှိသူများက သင်တန်းသားများ သိလိုသည်များကို ရှင်းလင်းဖြေကြားပေးခဲ့သည်။

ဆက်လက်၍TSEZမှ ကျွေးမွေးဧည့်ခံရေးအစီအစဉ် အနေဖြင့် ကျွန်တော်တို့သင်တန်းသား၊ သင်တန်းသူအဖွဲ့အား ကော်ဖီနှင့် မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ ထို့နောက် သီလဝါSEZ အတွင်းရှိR K Steel Co.,Ltd. အား သွားရောက်လေ့လာခဲ့ရာ အဆိုပါစက်ရုံမှ စက်ရုံမှူးနှင့်တာဝန်ခံများက သေချာစွာ လိုက်လံရှင်းလင်းပြသခဲ့ပြီး စက်ရုံအတွင်းဆောင်ရွက်နေသည့်လုပ်ငန်းများကို သင်တန်းသူ၊ သင်တန်းသားများအား အသေးစိတ် ရှင်းလင်းပြောကြားပေးသည်။ ထိုရှင်းလင်းပြောကြားမှုများမှတစ်ဆင့် ၎င်းကုမ္ပဏီသည် Steel Coins များအား rough leveler, Shearing machine, final leveler တို့အားဖြတ်စေပြီး customerများ လိုချင်သောsize,radius and shape ရှိသည့် steel plateနှင့် galvanized steel plateများအား JIS ( JAPAN INDUSTRIAL STANDARD)နှင့်အညီ ထုတ်လုပ်ပေးလျက်ရှိကြောင်းကို လေ့လာသိရှိခဲ့ရသည်။

မိမိတို့သင်တန်းသားများထဲတွင် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွမ်းကျင်ဝန်ထမ်းများ၊စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ SME လုပ်ငန်းရှင်များ၊ စီးပွားရေးလောကထဲသို့ စတင်ဝင်ရောက်လုပ်ကိုင်မည့်သူများ အစရှိသဖြင့် လူအမျိုးမျိုးပါရှိသည်ဖြစ်ရာ ယခုကဲ့သို့ အထူးစီးပွားရေးဇုန်သို့လာရောက်လည်ပတ်လေ့လာခွင့်ရရှိခြင်းသည်မိမိတို့အတွက် ကုန်သွယ်ရေးနှင့်ပတ်သတ်သည်များကိုသာမက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သတ်သည့် စီးပွားရေးလုပ်ငန်းများကိုပါ လေ့လာခွင့်ရရှိသည့်အတွက် လွန်စွာအကျိုးရှိလှသည်။ဆက်လက်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)MITTသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

# ကွမ်းသီးပင်အကြောင်း သိကောင်းစရာ

Phyo(DOCA)

ကွမ်းသီးပင်ကို အရှေ့တိုင်းနိုင်ငံများနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် ပူ၍စိုထိုင်းသောဒေသများ၌ စိုက်ပျိုးသည်။ မြန်မာနိုင်ငံတွင် ကွမ်းသီးပင်စိုက်ပျိုး၍ ဖြစ်ထွန်းသောဒေသများမှာ တောင်ငူ၊ ကျိုက္ခမီ၊ သထုံ၊ ထားဝယ်၊ မြိတ်၊ ဖျာပုံ၊ မန္တလေးနှင့်စစ်တွေခရိုင်များဖြစ်ကြသည်။ ကွမ်းသီးပင်သည် ပင်လယ်မိုင် ၂၀၀ခန့်အတွင်း အမြင့်ပေ၃၀၀၀ အောက်ရှိသော အရပ်ဒေသတို့တွင် ရေဖောဖောသီသီရရှိ၍ ရေမဝပ်လျှင် အထူးဖြစ်ထွန်းသည်။နုန်းမြေသည်ကွမ်းသီးပင်စိုက်ပျိုးရန် အထူးသင့်လျော်သည်။

ထို့ကြောင့် ကွမ်းသီးပင် စိုက်ခင်းများကို မြစ်ချောင်းကမ်းပါးတစ်လျှောက်နှင့် တောင်ချိုင့်ဝှမ်းများ၊ ကိုင်းကျွန်းများ၌တွေ့ရ သည်။ တောင်ငူခရိုင်တွင် ကွမ်းသီးပင်များကို သီးသန့်စိုက်ပျိုးကြသည်။ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ပင်လယ်ကမ်းမြောင်ဒေသများသို့၌ ကွမ်းသီးပင်ကိုအခြားသီးစားပင်များဖြစ်ကြသော သရက်၊ ပိန္နဲပင်၊ မရန်းပင်၊ အုန်းပင် စသည်တို့နှင့် ရောစိုက်လေ့ရှိသည်။ကွမ်းသီးပင်စိုက်ပျိုးရာတွင် အရေးကြီးသောအချက်မှာ မိုးအခါ၌ ရေမဝပ်စေရန်နှင့် နွေအခါတွင် ရေလုံလုံလောက်လောက် ပေးနိုင်ရန်ဖြစ်သည်။

ပျိုးထောင်ရန် ပျိုးခင်းများကို နွေရာသီကပင် စတင်၍ ပြုပြင်ပေးရသည်။ အောက်ပါနည်းမှာ ခြံသမား၊ ဥယျာဉ်သမားများ လုပ်လေ့ရှိသော အလေ့အထပင်ဖြစ်သည်။မြေတွင်တစ်ပေခန့်နက်သော ကျင်းများတူးဖော်ပြီးနောက် ကျင်းထဲတွင် ကောက်ရိုးဖြစ်စေ၊ မြေဆွေးဖြစ်စေ ခံထားရသည်။ ထို့နောက် ရင့်မှည့်၍မျိုးကောင်း၊ အလုံးကောင်းဖြစ်သော ကွမ်းသီးများကိုကျင်းထဲ၌ တစ်ပေခွဲ၊ နှစ်ပေ စီခွာလျှက် စိုက်ရသည်။ ထိုမျိုးကွမ်းသီးများကို ကောက်ရိုး သို့မဟုတ် မြေဆွေးတို့ဖြင့် တစ်ဖန်ဖုံးပြီးသော် အပေါ်ယံ၌ မြေကြီးထပ်၍ အုပ်ထားရသည်။ ထိုသို့ စိုက်ပျိုးပြီးနောက် မျိုးကွမ်းသီးများ အစို့ပေါက်စေရန် မိုးဖြိုင်ဖြိုင်ကျသည့် အချိန်ကာလအထိ ရေလောင်းပေးရသည်။ တစ်လမှ သုံးလကြာသည့်အချိန်၌ အစို့ကလေးများ ထွက်လာကြပြီးလျှင် တစ်နှစ်ခန့်ကြာသော် ပြောင်းရွှေ့စိုက်ရန်အရွယ်ဖြစ်လာသည်။

ပျိုးခင်းတွင် ပျိုးပင်ကလေးများ ကြီးပြင်းနေစဉ်အတောအတွင်း၌ စိုက်ခင်းများ ပြုပြင်ကြရမည်။တောချုံတို့ကို စိုက်ခင်း မြေပြင်ပေါ်မှ ရှင်းလင်းလျက်ရေသွင်းမြောင်းများကို တူးဖော် တွယ်တန်းပေးရသည်။ မိုးဦးကျစအချိန်သည် ပြောင်းရွှေ့စိုက်ပျိုးရန် အကောင်းဆုံးအချိန်ဖြစ်သဖြင့် မိုးမကျမီ တစ်လခန့်က ကြိုတင်ပြင်ဆင်လျက် ကျင်းများကို တူးဖော်ပြင်ဆင်ထားရသည်။ ကျင်းများသည် တစ်ပေခွဲခန့်နက်၍ တစ်ပေခန့်ကျယ်ရသည်။ ကွမ်းသီးပင်ချည်း စိုက်ပျိုးထားပါက ကျင်းများသည် တစ်ခုနှင့်တစ်ခု ၆ပေထက် မနည်းကွာဝေးစေရသည်။ အကောင်း ဆုံးအကွာအဝေးမှာ ရှစ်ပေဖြစ်သည်။ အခြားအသီးစားပင်များကိုရောစိုက်လျှင် သင့်လျော်သလိုကြည့်၍ အကွာအဝေးကိုပြုပြင်ရသည်။ ကွမ်းသီးပင်များသည် တပို့တွဲ၊ တပေါင်းလများတွင် စပွင့်ကြပြီးလျှင် သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်လများ၌ အသီးများ ရင့်မှည့်၍ ဆွတ်သိမ်းရန်အချိန်ကြရောက်သည်။ ကွမ်းသီးပင်များကို သုံးကြိမ်သုံးခါ ဆွတ်ခူးရသည့်အနက် ပထမအကြိမ်မှာ အများဆုံးဆွတ်ခူးရလေသည်။ အသီးများသည် အမှည့်လွန်ပါက အခွန်ခွာရန် မလွယ်ကူသဖြင့် မမှည့်တမှည့် အနေအထားလောက်တွင်ဆွတ်သိမ်းရန် အကောင်းဆုံးဖြစ်သည်။ သီးစအပင်များသည် တစ်ပင်လျှင် အသီး၃၀ခန့်သာသီးပြီး အပင်ကြီးများသည် တစ်ပင်လျှင်အသီး ၂၅၀အထိ သီးတတ်ကြသည်။



ကွမ်းသီးပင်သည် အသက် ၂၀၊ ၂၅နှစ်အကြာတွင် အများဆုံးသီးလျက် နောက်ပိုင်းတွင် အသီးဆုတ်သွားပြီးလျှင် အနှစ် ၄၀၊ ၅၀နှစ်လောက်တွင် သေတတ်ကြသည်။ ကွမ်းသီးပင်များကို ဆွတ်သိမ်းပြီးလျှင်ပြီးချင်း ကွမ်းသီးခင်းထဲ၌ အခွံများကို ဓားဖြင့်ခွာပစ်ရသည်။ အခွံခွာပြီးနောက် ကွမ်းသီးပြုပြင်ယူကြရသည်။

မြန်မာနိုင်ငံ အောက်ပိုင်း၌ ကွမ်းသီးပြုပြင်ယူပုံမှာ အခွံချွတ်ပြီးသော ကွမ်းသီးများကို ထုံးရေတွင် သုံးနာရီလေးနာရီခန့် ကျိုပြီးနောက် အခြောက်လှန်းရသည်။ ထုံးရေ၌ကျိုခြင်းသည် အဖန်ဓာတ်ထွက်၍ အနံ့အရသာ ကောင်းမွန်စေသည်ဟု မှတ်ယူကြသည်။ ကွမ်းသီးသည် ဖန်သည်၊ ချုပ်သည်၊ မမှည့်သေးသော ကွမ်းသီးသည် ဝမ်းသက်စေသည်။ မှည့်ပြီးကွမ်းသီးကို သံချဆေးအဖြစ် အသုံးပြုကြသည်။ ကွမ်းသီးပြာသည် သွားတိုက်ဆေး၊ သွားနာဆေးအဖြစ် ကောင်းသည်။

ကွမ်းသီးပင်၏အသားမှာအလွန် မာကျောသဖြင့် ယင်းတို့ကို လေးကိုင်း၊ လှံရိုး၊ ထမ်းပိုးများ ပြုလုပ်ကြသည်။ မြန်မာနိုင်ငံ၌ ပြည်တွင်းစားကုန်ပစ္စည်းများ ဖူလုံစေရန်အတွက် ကွမ်းသီးပင်စိုက်ပျိုးရေးစီမံကိန်းများကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်လျက်ရှိသည်။ ၁၉၅၃ ခုနှစ်မှစတင်၍ ထိုစီမံကိန်းကို ဆောင်ရွက်ရာ ထိုနှစ်အတွင်း ကွမ်းသီးပင်ပေါင်း ၅၀၀၀၀၀ခန့် စိုက်ပျိုးခဲ့ကြသည်။ ထို့ပြင် ပြည်သူများ ကွမ်းသီးပင်ပေါက်များကို လွယ်လင့်တကူ ဝယ်ယူစိုက်ပျိုးနိုင်ကြစေရန် ရည်ရွယ်၍ ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ တောင်ငူ၊ ကျောက်ဖြူ၊ မတ္တရာ စသောမြို့များတွင် စိုက်ပျိုးရေးဌာနများ ဖွင့်လှစ်၍ ကွမ်းသီးပင်ပေါက်များကို ရောင်းချပေးလျက်ရှိခဲ့သည်။

ထိုကဲ့သို့စိုက်ပျိုးကြရာ၌ ၆၀ရာခိုင်နှုန်းမျှလောက်သောကွမ်းသီးပင်များသည် ကောင်းစွာဖြစ်ထွန်းခဲ့သည်ကိုတွေ့ရှိရသဖြင့် အနာဂတ်တွင် ထိုထက် တိုးတက်၍ စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရှိရသည်။

# ငါးမွေးမြူရေးကန်များကို တစ်ဧက ကျပ်သိန်း ၂၀၀ နှုန်းဖြင့် အရစ်ကျ ရောင်းချမည်

ငါးမွေးမြူရေးကန်များကို တစ်ဧက ကျပ်သိန်း ၂၀၀ နှုန်းဖြင့် တစ်နှစ်မှ ငါးနှစ်အထိ အရစ်ကျ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ သိရသည်။

အဖွဲ့ချုပ်အနေဖြင့် ထန်းတပင်မြို့နယ်အတွင်း ငါးမွေးမြူရေးဇုန်စီမံကိန်းတစ်ခုကို ယခု ၂၀၂၃ ခုနှစ် မေလမှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ မွေးမြူရေးဇုန်အတွင်းမှ ငါးကန်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားရန် စီစဉ်နေခြင်းဖြစ်သည်။

ယင်း စီမံကိန်းသည် ဧက ၁၂၀၀ ကျယ်ဝန်းပြီး မွေးမြူရေးဇုန် A+B ဖြစ် ဖွဲ့စည်းထားကာ စီမံကိန်းကာလကို ၂၀၂၃ ခုနှစ်၊ မေလမှ ၂၀၂၅ ခုနှစ် မေလအထိ သတ်မှတ်ထားကြောင်း သိရသည်။

“လက်ရှိမှာတော့ တစ်ဧကကို ကနဦးဈေးနှုန်းငွေကျပ် သိန်း ၂၀၀ သတ်မှတ်ထားပါတယ်။ ဝယ်ယူလုပ်ကိုင်သူတွေကို နည်းပညာနဲ့ ဈေးကွက်ပိုင်းဆိုင်ရာတွေကိုပါ ပံ့ပိုးကူညီပေးသွားမှာပါ” ဟု အဆိုပါအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက မေ ၃၁ ရက်တွင် ပြောသည်။

အဆိုပါ ငါးမွေးမြူရေးဇုန်စီမံကိန်းကို Steel Stone Group မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းအတွင်း မွေးမြူရေးကန်များ၏ အကျယ်အဝန်းကို ၅ ဧကမှ စတင်ဆောင်ရွက်နေခြင်းဖြစ်ကာ ၁၅ ဧကနှင့်အထက် မွေးမြူရေးကန်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ငါးသားဖောက်ကန်များကို တစ်ဧက၊ နှစ်ဧကနှင့် သုံးဧက ကန်များလည်းထည့်သွင်းအကောင်အထည်ဖော်ရန် စီစဉ်နေပြီး ငါးလုပ်ငန်းကို စိတ်ပါဝင်စားစွာ လုပ်ကိုင်လိုသူများအနေနှင့် တစ်ဧကမှစတင်ကာ နှစ်ရှည်အရစ်ကျငွေသွင်းစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို ငါးမွေးမြူရေးဇုန်စီမံကိန်း ပြီးဆုံး၍ လုပ်ငန်းများ လုပ်ကိုင်ပြီးနောက် ငါးများဖော်ချိန်တွင်လည်း ကြည့်မြင်တိုင် စံပြငါးဈေးနှင့် ရွှေပိတောက် ငါးဈေးများသို့ မွေးမြူရေးဇုန်မှ ကုန်းလမ်းဖြင့် သယ်ယူနိုင်မည်ဖြစ်သည့်အပြင် လှိုင်မြစ်နှင့် ဘောလယ်ချောင်းတို့မှလည်း ရေလမ်းဖြင့် သယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

## လာမည့် ကြံရာသီအတွင်း သကြားဈေး ကျဆင်းနိုင်ခြေ မရှိ

ပြည်တွင်းသကြားဈေးမှာ လာမည့်ကြံရာသီ၌ လက်ရှိ ပေါက်ဈေးထက် ကျဆင်းနိုင်ခြေ မရှိကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်တွင်း သကြားစားသုံးမှုနှင့် ထုတ်လုပ်မှု လုံလောက်ပြီး ပြည်ပသို့ တင်ပို့မှုများရှိရာ ကမ္ဘာ့သကြားဈေး မြင့်တက်လာခြင်းကြောင့် ပြည်တွင်းသကြားဈေးများလည်းမြင့်တက်လျက်ရှိပြီး လာမည့်ကြံရာသီ သကြားဈေးကွက်တွင် လက်ရှိပေါက်ဈေးထက် ဈေးနှုန်းနိမ့်ကျနိုင်ခြေမရှိကြောင်း အဆိုပါအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက မေ ၃၁ ရက်တွင် ပြောသည်။



“ကမ္ဘာ့သကြားဈေးတက်လို့ ပြည်တွင်းသကြားလည်း ဈေးမြင့်လာတာပါ။ လာမယ့်နှစ်မှာ သကြားဈေးက အခုဈေးထက် နိမ့်ကျဖို့မရှိနိုင်ဘူး။ လာမယ့်နှစ်မှာ ကြံစိုက်တောင်သူတွေ အလားအလာ ကောင်းတယ်။ ဒီနှစ်လည်း ကြံစိုက်ဧက တိုးလာသလို သကြားထွက်ရှိမှုလည်း တိုးတယ်” ဟု ၎င်းက ပြောသည်။ လက်ရှိ သကြားတစ်ပိသာ ဈေးနှုန်းများမှာရန်ကုန်တွင်၃၂၀၀ကျပ်နှင့်မန္တလေးတွင် ၃၁၈၀ ကျပ် ပေါက်ဈေးရှိနေသည်ဟု ဆိုသည်။

ပြည်တွင်း၌ သကြားကို လာမည့်နှစ်တွင် ယခုနှစ်ထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကာ မြန်မာ့သကြားသည် ကမ္ဘာ့ဈေးကွက်တွင် ယခင်ကတည်းက တန်းဝင်သကြားဖြစ်သော်လည်း Modified Sugar အဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ယခင်နှစ်များက ပြည်တွင်း၌ သကြား လက်ကျန်များပြီး ဝယ်လိုအားနည်းခြင်းကြောင့် ၂၀၂၁ ခုနှစ် မတိုင်မီက သကြားတစ်ပိသာ ငွေကျပ် ၂၀၀၀ ဝန်းကျင်သာရှိခဲ့ကြောင်း သိရသည်။

## အိန္ဒိယအစိုးရပိုင် ကုမ္ပဏီတစ်ခုက စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်သုံးဆီ လက်လီအရောင်းဆိုင်များ ဖွင့်လှစ်ရန် ပြင်ဆင်

အိန္ဒိယကုမ္ပဏီတစ်ခုက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ စက်သုံးဆီ လက်လီအရောင်းဆိုင်များ ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါကုမ္ပဏီသည် အိန္ဒိယနိုင်ငံ အာသံပြည်နယ်မှ Numaligarh Refinery Limited (NRL)အမည်ရှိ ကုမ္ပဏီဖြစ်ပြီး စက်သုံးဆီဆိုင်များ လာရောက်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

Numaligarh Refinery Limited(NRL)ကုမ္ပဏီသည် အိန္ဒိယအစိုးရပိုင်ကုမ္ပဏီဖြစ်ပြီး အိန္ဒိယနိုင်ငံ မိုရေးမြို့နှင့်နီးကပ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားမှုရှိကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါ စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် NRL ဘက်က ကမ်းလှမ်း မှုများ ပြုလုပ်ထားပြီး လုပ်ငန်းစတင်မှုကိုတော့ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြုလုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ယင်းကုမ္ပဏီသည် အာသံပြည်နယ်တွင် ရေနံချက်စက်ရုံ လေးရုံရှိပြီး ထိုစက်ရုံများထဲမှ တစ်ရုံကို မိုရေးမြို့အနီး နူမာလီဂါတွင် ထူထောင်ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ အဆိုပါစက်ရုံမှ ထွက်ရှိလာမည့် စက်သုံးဆီများကို စစ်ကိုင်းတိုင်းဒေသကြီးသို့ ပို့ဆောင်ကာ စက်သုံးဆီလက်လီဆိုင်များ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

ထိုကုမ္ပဏီသည် ရူပီးကုဋေ ၂၈၀၀၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်ပြီး တစ်နှစ်လျှင် စက်သုံးဆီ ထုတ်လုပ်နိုင်စွမ်းအား မက်ထရစ်တန် ၃ သန်းမှ ၉ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်သည့်ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

## ပြည်တွင်းရော်ဘာဈေး မြင့်တက်လျက်ရှိ

ကမ္ဘာ့ရော်ဘာဈေး မြင့်တက်နေခြင်းကြောင့် ပြည်တွင်းရော်ဘာဈေးလည်း လိုက်ပါမြင့်တက်လျက်ရှိကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာ့ရော်ဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးအပေါ်မူတည်၍ ဈေးအတက်အကျ ဖြစ်ပေါ်နေခြင်းဖြစ်ပြီး လက်ရှိနိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ဒေါ်လာ ၁၆၅၀ မှ ၁၇၀၀ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က မေ ၃၁ ရက်တွင် ပြောသည်။

“အခု ရော်ဘာဈေးကွက်ကတော့ ပုံမှန်ပါပဲ။ ကမ္ဘာ့ဈေးကတော့ နည်းနည်းတက်တယ်။ ကမ္ဘာ့ဈေးတက်ရင် ပြည်တွင်းရော်ဘာဈေးပါ လိုက်တက်တာ သဘာဝပါ။ မုန်တိုင်းက ရော်ဘာထုတ်လုပ်တဲ့ ဒေသဘက်တွေကိုဝင်ရောက်မှု သိပ်မရှိခဲ့တော့ ရော်ဘာအထွက်နှုန်းကတော့ ကျဆင်းဖို့မရှိပါဘူး။ မိုးဆက်တိုက် ရွာသွန်းလာရင်တော့ ရော်ဘာလုပ်ငန်းတွေ နားရမှာပေ့ါ”ဟု ၎င်းက ပြောသည်။

ပြည်တွင်း၌ ရော်ဘာ တစ်ပေါင်လျှင် ကျပ် ၁၃၅၀ ဝန်းကျင်မှ စတင်မြင့်တက်ခဲ့ရာ လက်ရှိတစ်ပေါင်လျှင် ၁၄၁၀ ကျပ် ပေါက်ဈေးအထိ ရှိလာခြင်းဖြစ်သည်။

လက်ရှိတွင် ရော်ဘာကို နယ်စပ်တင်ပို့မှုထက် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့နေပြီး တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေရကြောင်း သိရသည်။

ယခု ၂၀၂၃ ခုနှစ်တွင် ရော်ဘာတန်ချိန် သုံးသိန်းဝန်းကျင်ခန့်အထိ ပြည်ပတင်ပို့ရန် လျာထားပြီး လက်ရှိအချိန်အထိ ရော်ဘာတန်ချိန် နှစ်သိန်းခန့် တင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့နေသည့် မြန်မာ့ရော်ဘာ ထွက်ကုန်များသည် ကုန်ကြမ်းအမျိုးအစားများသာဖြစ်ပြီး စုစုပေါင်းရော်ဘာတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကာ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိနေကြောင်း သိရသည်။ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးမှုများရှိကာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ရော်ဘာစိုက်ဧက ၁၀၆၄၀၀၀၀ ကျော်အထိရှိကြောင်း သိရသည်။



# “ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကိုပါ ရောင်းချတဲ့ အဆင့် ရောက်နေပါပြီ”

## မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးမင်းဇော်နှင့် တွေ့ဆုံမေးမြန်းခြင်း

**(၆) ကြိမ်မြောက်ကျင်းပသည့် နိုင်ငံတကာ မွေးမြူရေး ၊ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးပြပွဲ(Agri Tech Myanmar)အား ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် မေ ၂၆ ရက်မှ ၂၈ ရက်ထိ သုံးရက်တာခင်းကျင်းပြသခဲ့သည်။ ယင်းပြပွဲတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မြေဩဇာများ၊ မျိုးစေ့များ၊ အခြောက်ခံစက်များ၊ မွေးမြူရေး အစာများ၊ လယ်ယာသုံးစက်ပစ္စည်းများအား ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ လာရောက်ပြသခဲ့သည်။ သို့ဖြစ်ရာ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းလည်း ပါဝင်ပြသခဲ့ရာ လက်ရှိ ပြည်တွင်း သရက်သီးနှင့် ဒူးရင်းသီး ဈေးကွက်အခြေအနေ၊ ပြည်တွင်းအသီးအနှံများ၏ ပြည်ပဈေးကွက်ရရှိမှု အခြေအနေများနှင့်စပ်လျဥ်းပြီး အဆိုပါအသင်း၏ အတွင်းရေးမှူး ဦးမင်းဇော်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**



**သရက်သီး ပြည်ပဈေးကွက် ရရှိမှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

သရက်သီးက တရုတ်ပြည်ကို Export သွားတယ်။ ဒီနှစ်လည်း သွားပါတယ်။ ထုံးစံအတိုင်း ဈေးကွက် အတက်အကျတော့ ရှိပါတယ်။ ဒါပေမဲ့ ပုံမှန်တော့ နိုင်ငံခြားထွက်တဲ့ဟာလည်း ထွက်တယ်။ အရည်အသွေး နည်းနည်းနိမ့်တာတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ပြည်တွင်းဈေးကွက်ပေါ့လေ။ နိုင်ငံခြားဈေးကွက်ကို ရည်ရွယ်ပြီးတော့ တိုးမြင့်တာတွေကတော့ တရုတ်ဈေးကွက်ကို သွားကြပါတယ်။ ပြည်တွင်း စားသုံးမှုဖူလုံဖို့ဆိုတာကတော့ အခြေခံအကျဆုံးပေါ့။ ပြည်တွင်းစားသုံးမှု ပြီးတဲ့အခါကျတော့ တစ်ဆင့်တက်ပြီးတော့ နိုင်ငံခြားဈေးကွက် ရှာဖွေတဲ့ဘက်ကို ဆက်သွားတာပေါ့လေ။ အခုက နိုင်ငံခြား ဈေးကွက်ရပြီးတော့ နိုင်ငံခြားငွေပါရှာဖွေတဲ့ လုပ်ငန်းဖြစ်သွားပါပြီ။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေး ကွက်ကိုပါ ရောင်းချတဲ့အဆင့် ရောက်နေပါပြီ။

**ပြည်ပဈေးကွက်မှာ သရက်သီး ဈေးကောင်းရဖို့ ဘယ်လိုမျိုး လုပ်ဆောင်နေပါသလဲ။**

သရက်သီးတို့ ဘာတို့ဆိုတာကလည်း ကျွန်တော်တို့အနေနဲ့ အတွေ့အကြုံတွေ အများကြီးရှိခဲ့ပါပြီ။ သုံးစွဲရမယ့် ဆေးကအစ ပိုးမွှားတွေထိန်းချုပ်ပြီးတော့မှ အသီးအရည်အသွေး ကောင်းအောင် လုပ်ဆောင်လျက်ရှိပါတယ်။ နောက်တစ်ခုကတော့ GAP လို့ခေါ်တဲ့ လိုအပ်သလောက်ပဲ ဓာတုပစ္စည်း သုံးတာတို့ ဒါတွေကအစ ထိန်းချုပ်ပြီးတော့ ကျွန်တော်တို့အဖွဲ့အနေနဲ့ သရက်တောင်သူတွေကို နည်းပညာတွေ ဖြန့်ဝေပေးတယ်။ ဒီဟာတွေတော့ လုပ်ပြီးသွားပါပြီ။အခုလက်ရှိကတော့ GAP တင်မဟုတ် အော်ဂဲနစ်ထွက်တဲ့ခြံအထိ သူ့ဈေးနဲ့သူ ရှိနေပါပြီ။

**ပြည်တွင်းမှာ သရက်သီး အမျိုးအစားပေါင်း ဘယ်လောက်ရှိပါသလဲ။**

သရက်သီးအမျိုးအစားကတော့ အများကြီးရှိပါတယ်။ အမျိုးအစား ၆၀၊ ၇၀ လောက်ရှိပါတယ်။ ဒါပေမဲ့ Recommend ဖြစ်တဲ့ဟာက ပြည်တွင်းမှာဆိုရင်တော့ အဓိကတော့ စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာတို့ ရှိပါတယ်။ စိန်တလုံးကတော့ တရုတ်ဈေးကွက်ကို တန်ချိန် သောင်းနဲ့ချီ တင်ပို့ပါတယ်။ စင်ကာပူတို့ ဘာတို့ပို့တာကတော့ နည်းပါတယ်။ နောက် ယိုးဒယားမျိုးကို ပြည်တွင်းကို ပြန်ယူပြီးတော့ စိုက်ပျိုးတဲ့ဟာတွေလည်း ရှိပါတယ်။

**ဒူးရင်းသီးဈေးကွက် အခြေအနေလည်း သိပါရစေ။**

ဒူးရင်းက ဈေးကွက်ကြီးပြီး ကျယ်ပြန့်ပါတယ်။ ပြည်တွင်းဈေးကွက်တင်မကဘဲ ပြည်ပဈေးကွက်ပါ မျှော်မှန်းလို့ရတယ်။ စိုက်ပျိုးရေးစရိတ်လည်းကြီးတယ်။ အရမ်းလည်း ဂရုစိုက်ရတဲ့ စိုက်ပျိုးသီးနှံထဲမှာပါတယ်။ မြန်မာပြည်မှာက ဒီနှစ်ကစပြီး အစပျိုးပြီး ဒူးရင်းက နည်းနည်းပိုပြီးတော့ ပြောရရင် မျိုးပေါင်းစုံ ပိုထွက်လာတာပေါ့။ နောက်ပြီး စိုက်ဧကတွေက တဖြည်းဖြည်းတိုးနေပြီ။ နောက်နှစ်နှစ်၊ သုံးနှစ် နှစ်တိုင်း နှစ်တိုင်း

> **အသီးသီးမယ့် ရာသီမဟုတ်တဲ့အချိန်မှာ နည်းပညာအားဖြင့် သီးမယ့်အချိန်ကို ရွှေ့လို့ရပါတယ်။ နောက်တစ်ခုက နိုင်ငံမှာ လိုအပ်နေသေးတဲ့ဟာက နိုင်ငံခြားမှာ သီးနှံရာသီဆို ဒီအသီးကို ခူးပြီးသွားရင် ပြန်ပြီးတော့ ထုတ်ရောင်းတာပေါ့လေ။ မြန်မာပြည်မှာတော့ နည်းပညာပိုင်းက အစပေါ့၊ ထုတ်လုပ်မှုအပိုင်းတွေမှာလည်း လိုအပ်တာလေးတွေတော့ ရှိနေသေးတာပေါ့လေ။**

တိုပ္ပ

အသီးတွေ ပိုထွက်လာပါလိမ့်မယ်။ ပိုထွက်လာတဲ့နည်းတူ ပြည်တွင်းက စားသုံးတဲ့ဈေးကွက်လည်း နိုင်ငံခြားဈေးကွက်ကို မျှော်မှန်းနိုင်မှာဖြစ်ပါတယ်။

**တောင်သူတွေကိုရော ပြည်တွင်းဈေးကွက်အပြင် ပြည်ပဝင်ငွေရရှိအောင် ဘယ်လို အကြံပြုချင်ပါသလဲ။**

ကျွန်တော်တို့အသင်းအနေနဲ့ကတော့ လိုအပ်တဲ့ သင်တန်းတွေကအစ ပေးသလို လိုအပ်လို့ခေါ်မယ်ဆိုလို့ရှိရင်လည်း နည်းပညာပိုင်းရော ရောင်းချတဲ့ အပိုင်း၊ အဆက်အသွယ်ပိုင်းကအစ ကူညီပေးပါတယ်။ ဗဟိုကနေ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ သရက်သီးအသင်းတွေ အများကြီးရှိပါတယ်။ ဒါတွေကိုလည်း ချိတ်ဆက်ပြီးတော့ တောင်သူတွေကို လိုအပ်တာတွေ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ပြည်တွင်း စိုက်ပျိုးရေးသီးနှံတွေကို ရာသီတိုင်း စိုက်ပျိုးနိုင်အောင် ဘယ်လိုမျိုး အကြံပြုချင်ပါသလဲ။**

အသီးသီးမယ့် ရာသီမဟုတ်တဲ့အချိန်မှာ နည်းပညာအားဖြင့် သီးမယ့်အချိန်ကို ရွှေ့လို့ရပါတယ်။ နောက်တစ်ခုက နိုင်ငံမှာ လိုအပ်နေသေးတဲ့ဟာက နိုင်ငံခြားမှာ သီးနှံရာသီဆို ဒီအသီးကို ခူးပြီးသွားရင် ပြန်ပြီးတော့ ထုတ်ရောင်းတာပေါ့လေ။ မြန်မာပြည်မှာတော့ နည်းပညာပိုင်းက အစပေါ့၊ ထုတ်လုပ်မှုအပိုင်းတွေမှာလည်း လိုအပ်တာလေးတွေတော့ ရှိနေသေးတာပေါ့လေ။ ဒါကိုလည်း ကြိုးစားလျက်ရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

တောင်သူတွေကို ပြောရမယ်ဆိုရင်တော့ ကိုယ့်ရဲ့ထုတ်ကုန်အသီးအနှံတွေကို ပိုးမွှားကင်းစင်အောင်နဲ့ အရည်အသွေးကောင်းအောင်သာ လုပ်ပါ။ အဲလိုလုပ်လို့ရှိရင် နိုင်ငံခြားဈေးကွက်ကလည်း အလိုအလျောက် ရရှိလာပါလိမ့်မယ်။ စိန်တလုံးတို့ ဘာတို့ဆိုတာက နိုင်ငံတကာမှာ နာမည်က ပေါက်နေပါပြီ။ အဲဒီအရည်အသွေးကောင်းတယ်ဆိုလို့ရှိရင် ဈေးကလည်း သင့်တင့်လျောက်ပတ်စွာနဲ့ လမ်းကြောင်းက ပွင့်သွားပါလိမ့်မယ်။ ပိုပြီးကောင်းသွားပါလိမ့်မယ်။



# စီးပွားဖြစ် ဆိတ်မွေးမြူလိုသူများအတွက် ဆိတ်မွေးမြူနည်းစနစ်အမျိုးမျိုး

နင်းအိ(ရာမည္ဓမြေ)

ဆိတ်မွေးမြူရေးတွင် ခြံလှောင်စနစ်၊ တစ်ဝက် လွှတ်ကျောင်းစနစ်၊ လွှတ်ကျောင်းစနစ်၊ ကြိုးချည်ခြင်း(သို့)အပြင်ထုတ်ချည် မွေးမြူခြင်းစနစ်၊ ဆိတ်မွေးမြူရေးနှင့် SALT(ခေါ်) တောင်စောင်းစိုက်ပျိုးရေး ပူးတွဲခြင်းဟူ၍ရှိကြသည်။ မွေးမြူရေးလုပ်ငန်းများတွင် ဆိတ်မွေးမြူရေးကို အစာကုန်ကျစရိတ် အနည်းဆုံးနှင့် မွေးမြူနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု နည်းပါးစွာဖြင့် ပြု လုပ်နိုင်ပြီး အချိန်တိုအတွင်း ကောင်ရေ တိုးပွားနိုင်သဖြင့် ဝင်ငွေရရှိမှု လျင်မြန်သည်။ဆိတ်ကနေ အသား၊ နို့၊အမွေးနှင့်သားရေကို ရရှိသည်။ ထို့ပြင် ဆိတ်မှရရှိသည့် ဆိတ်ချေးမှာလည်း အလွန်အသုံးဝင်သော သဘာဝမြေသြဇာဖြစ်သည်။

## jrefmqdwfrsm;ESifh tvm;tvmaumif;rsm;

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ် စာရင်းအရ မြန်မာနိုင်ငံတွင် ဆိတ်ကောင်ရေ ၁ဒသမ ၇ သန်းကျော်ရှိသည်ဟု လေ့လာသိရှိရသည်။ ဆိတ်များကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး မွေးမြူကြသည်။မြန်မာနိုင်ငံ၏ဒေသမျိုးရင်း ဆိတ်များအဖြစ် ဂျိတ်နီမျိုး၊ ထိန်စမ်း(ခေါ်) ညောင်ဦးမျိုးနှင့်ဝေသာလီမျိုးဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ မြန်မာ့ဆိတ်မျိုးများသည် ကိုယ်လုံးကိုယ်ပေါက်၊ အရောင်အသွေးစသည့် ပြင်ပရုပ်သွင်ကွဲပြားကြသည်။ ဂျိတ်နီဆိတ်များကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြင်းခြံမြို့နယ်တို့တွင်လည်းကောင်း၊ ထိန်စမ်းဆိတ်မျိုးများကို ပုဂံ၊ ပုပ္ပားနှင့် ညောင်ဦးမြို့နယ်တွင်လည်းကောင်း၊ ဝေသာလီ ဆိတ်များကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင်လည်းကောင်း အများဆုံးမွေးမြူလျက်ရှိသည်။ အသက်တစ်နှစ်အရွယ်တွင် ဂျိတ်နီဆိတ်မျိုးများသည် ၂၅-၃၅ ကီလိုဂရမ် (၁၅-၂၀ ပိဿာခန့်)၊ ထိန်စမ်း မျိုးများသည် ၂၅-၃၀ ကီလိုဂရမ်(၁၅-၁၉ ပိဿာခန့်)၊ ဝေသာလီဆိတ်မျိုးများသည် ၃၅-၃၈ ကီလိုဂရမ် ( ၂၀-၂၄ ပိဿာခန့်)အထိ ကြီးထွားကြသည်။

## qdwfarG;jrLa&;ESifh ukefusp&dwf

မြန်မာနိုင်ငံတွင် ဆိတ်မွေးမြူရာ၌ အသားတိုးဆိတ်နှင့် မျိုးပွားဆိတ်ဟူ၍ ခွဲခြားမွေးမြူကြသည်။ အသားတိုးဆိတ်များကို မွေးမြူရာတွင် ဆိတ်ထီးနှင့်ဆိတ်မများကို သီးသန့်ခွဲခြားထားမွေးမြူကြကြောင်း တွေ့ရှိရပြီး တစ်နှစ်မွေးမြူပါက ၃၅ ပိဿာအထိ ကြီးထွားမှုရှိကြောင်း သိရသည်။ မျိုးပွားဆိတ်အဖြစ် မွေးမြူထားသော ဆိတ်များမှာ တစ်နှစ်လျှင် နှစ်သား ပုံမှန်မွေးဖွားကြောင်းသိရပြီး တစ်ကြိမ်မွေးလျှင် (တစ်ကောင်မှ နှစ်ကောင်၊ သုံးကောင်အထိ)သားပေါက်များ မွေးဖွားနိုင်ကြောင်း သိရှိရသည်။ အသားတိုးဆိတ်ကြီး(ကစီး)မျိုး တစ်နှစ်ခွဲအရွယ်ကို ကျပ် ၁၀၀၀၀၀ ဈေးပေး၍ ပခုက္ကူ ညောင်ဦးမြို့နယ်များဘက်မှ မျိုးအဖြစ် ဝယ်ယူမွေးမြူကြပြီး မျိုးပွား ဆိတ်သေး တစ်နှစ်သားအရွယ်ကို ကျပ် ၇၅၀၀၀ ဈေးဖြင့် မြို့နယ်အတွင်းမှ ဝယ်ယူမွေးမြူကြရကြောင်း သိရှိရသည်။ ဆိတ်အကောင်ရေ ၅၀ ခန့် မွေးမြူနိုင်သော ဆိတ်ခြံတစ်ခြံတည်ဆောက်ရန် ကျပ် ၁၅သိန်းခန့် ကုန်ကျမည်ဖြစ်ပြီး အသားတိုးဆိတ်ကြီးမျိုးများ စတင်မွေးမြူလျှင် ဆိတ်တန်ဖိုးနှင့် ခြံတန်ဖိုးပေါင်း ကျပ် ၆၅ သိန်းခန့် ကုန်ကျနိုင်ပြီး ဆိတ်သေးမျိုး(မျိုးပွား) စတင်မွေးမြူလျှင် ဆိတ်တန်ဖိုးနှင့် ခြံတန်ဖိုးပေါင်း ကျပ် ၅၂ သိန်းကျော် ကုန်ကျနိုင်ကြောင်း ဆိတ်မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

## tpmauR;ar;jcif;

လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူသောဆိတ်များအတွက် စားကျက်များကို အထူးစိုက်ပျိုးပေးထားရန် မလိုပေ။ အများဆိုင်ကျေးရွာစားကျက်ကွင်းများတွင် လွှတ်ကျောင်းပေးလေ့ရှိသည်။ အစာဝယ်ယူကျွေးမွေးရသော မွေးမြူရေး ဆိတ်များအတွက်မူ အစာအဖြစ် ဆီးသီးကြိတ်ဖတ်၊ ဝါစေ့ကြိတ်ဖတ်၊ ပဲအနှစ်နှင့် ကုလားပဲခွံများကို ရောနယ်၍ကျွေးရသည်။ ဆီးသီးကြိတ်ဖတ်နှင့် ဝါစေ့ကြိတ်ဖတ်များကို ပခုက္ကူမြို့နယ်ဘက်မှ ဝယ်ယူရပြီး ပဲအနှစ်နှင့် ကုလားပဲအခွံများကို မိတ္ထီလာမြို့နယ်နှင့် မလှိုင်မြို့နယ်ရှိ ပဲခွဲစက်များမှ ဝယ်ယူ ကြရကြောင်း သိရှိရသည်။ ဆီးကြိတ်ဖတ် တစ်အိတ်လျှင် ကျပ် ၂၀၀၀၊ ဝါစေ့ ကြိတ်ဖတ် ၁အိတ်လျှင် ကျပ် ၁၅၀၀၊ ပဲအနှစ် ၁ပိဿာလျှင် ကျပ် ၁၀၀၀၊ကုလားပဲအခွံ တစ်ပိဿာလျှင် ကျပ် ၇၅၀ ဈေးနှုန်းဖြင့် ဝယ်ယူကြရကြောင်း သိရှိရသည်။

## qdwfrsdK;a&G;jcif;

ယေဘုယျအားဖြင့် ဆိတ်မတစ်ကောင်၏ ကိုယ်ဝန်ဆောင်ကာလမှာ ပျမ်းမျှ ရက်ပေါင်း ၁၅၀ ဝန်းကျင်သာရှိသည်။ တစ်ကြိမ်သားမွေးလျှင် တစ်ကောင်မှ သုံးကောင်မွေးဖွားကြသည်။ မျိုးအပေါ်မူ တည်၍ တစ်နှစ်မှ တစ်နှစ်ခွဲအတွင်း နှစ်ကြိမ်သား ဖွားနိုင်ကြသည်။ ဆိတ်မ တစ်ကောင်သည် အသက် ၅နှစ်မှ ၇နှစ်အတွင်း အကောင်းဆုံး မျိုးပွားနိုင်သည်။ ဆိတ်ခြံအတွင်း သားမွေးနိုင်သော ဆိတ်မကြီးများ အရေအတွက်သည် အများဆုံး၊ ဆိတ်မငယ်များသည် ဒုတိယအများဆုံးနှင့် သင်းကွပ်ထားသော ဆိတ်ထီးများက တတိယအများဆုံး ပါဝင်မွေးမြူထားကြသည်။ ထူးခြားချက်အဖြစ် သင်းကွပ်ထားသော ဆိတ်ထီးများကို သဘာဝစားကျက်များတွင် လွှတ်ကျောင်းရုံသာမက အိမ်တွင်လည်း ဖြည့်စွက်စာကျွေးကာ အသားတိုးအဖြစ် သီးသန့်မွေးမြူသူအနည်းငယ်ကိုလည်း တွေ့ရှိရသည်။

## qdwfarG;jrLenf;pepfrsm;

ဆိတ်မွေးမြူရေးတွင် မွေးမြူမည့်နေရာဒေသ၏ ရာသီဥတုအခြေအနေနှင့်အစာရရှိနိုင်မှုအခြေအနေတို့ပေါ် မူတည်၍အောက်ပါစနစ် ငါးမျိုးဖြင့် မွေးမြူနိုင်သည်။

**(က) ခြံလှောင်စနစ်**

မိုးများလွန်းသော အရပ်ဒေသနှင့် ရာသီဥတုအလွန်အေးသော အရပ်ဒေသတို့တွင် အသုံးပြုလေ့ရှိသည်။ ဤစနစ်တွင် အဓိကအရေးကြီးသည့်အချက်များမှာ တိရစ္ဆာန်များကို အရွယ်အစား ခွဲခြားမွေးမြူရေး၊ အစာရေစာလုံလောက်စွာ ကျွေးမွေးရေးနှင့် သင့်လျော်သော နေရာအကျယ်အဝန်းရှိရေးပင်ဖြစ်သည်။ ခြံလှောင်စနစ်တွင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိသည်။ အားသာချက်မှာ ထိန်းကျောင်းရလွယ်ကူခြင်း၊ နေရာများစွာ မလိုခြင်း၊ သူတစ်ပါး စိုက်ခင်းအတွင်း ဝင်ရောက်နိုင်မှုမရှိသည့်အတွက် စိုက်ပျိုးတောင်သူများနှင့် ပြဿနာမဖြစ်နိုင်ပါ။ အခြားအလုပ်တစ်ဖက်နှင့် လုပ်ကိုင်လိုသူများအတွက်လည်း အဆင်ပြေသည်။ ဆိတ်ချေးကို စိုက်ပျိုးရေးလုပ်ငန်းတွင် ပြန်လည်ရောင်းချ၍ဝင်ငွေအပိုရနိုင်ပါသည်။ဆိတ်ကျန်းမာရေးစောင့်ရှောက်ဖို့ လွယ်ကူသည်။ စနစ်တကျ မွေးမြူနိုင်လျှင် ကြီးထွားနှုန်း ကောင်းပါသည်။ အားနည်းချက်မှာ ခြံဖိုး၊အစာဖိုး ကုန်ကျစရိတ်များပြီး အစာကို နည်းစနစ်တကျ မကျွေးတတ်လျှင် ကုန်ကျစရိတ်များပါသည်။ လုပ်ငန်း မလည်ပတ်ချိန်တွင် ငွေကြေးအခက်အခဲများရှိနိုင်ပါသည်။ ခြံလှောင်စနစ်တွင် တစ်ပိုင်တစ်နိုင်အနေဖြင့် ဆိတ်ကောင်ရေ ၄၊၅၊၁၀ ကောင်မှစ၍ စီးပွားဖြစ် အကောင် ၃၀၊ ၄၀၊ ၅၀ မှ ရာချီထိ မွေးမြူနိုင်ပါသည်။

**(ခ)တစ်ဝက်လွှတ်ကျောင်းစနစ်**

ဆိတ်မွေးမြူရေးအတွက် အသင့်လျော်ဆုံးဖြစ်သည်။ လွှတ်ကျောင်းခြင်းဖြင့် ဆိတ်တင်းကုပ်သန့်ရှင်းမှု စနစ်တကျ ပြုလုပ်နိုင်ပြီး သင့်တင့်သည့် အစာသည်လည်း စားကျက်မှရရှိနိုင်သဖြင့် အစာနုအကုန်အကျ သက်သာသည်။ ဆိတ်များလွှတ်ကျောင်းခြင်းဖြင့် ကျန်းမာရေးနှင့်ပြည့်စုံစေသည်။ ဆိတ်တင်းကုပ်ကို ညဘက်အိပ်ရန်သာ အသုံးပြုလျှင် အကောင်းဆုံးဖြစ်သည်။ တစ်ဝက်လွှတ်ကျောင်းစနစ်တွင် တစ်ပိုင်တစ်နိုင်အနေဖြင့် ဆိတ်ကောင်ရေ ၄၊၅၊၁၀ ကောင်မှစ၍ စီးပွားဖြစ်အနေဖြင့် အကောင် ၃၀၊ ၄၀၊ ၅၀ မှရာချီထိ မွေးမြူနိုင်ပါသည်။

**(ဂ) လွှတ်ကျောင်းစနစ်**

လွှတ်ကျောင်းခြင်းဖြင့် လေကောင်းလေသန့်ရသည်။ ကျန်းမာရေးနှင့် ပြည့်စုံစေသည်။ သင့်တင့်သည့် အစာကိုစားကျက်မှ ရနိုင်သည်။ သို့သော် လွှတ်ကျောင်းနိုင်သည့် ရာသီဥတုမျိုးဖြစ်ရန်လိုသည်။ မိုးမများရန် အလွန်အရေးကြီးသည်။ အေးသည့်အရပ်တွင် ဆိတ်ကို လွှတ်ကျောင်းထားနိုင်သော်လည်း မိုးရေထဲတွင် လွှတ်ကျောင်းထား၍ မဖြစ်ပေ။ ထို့အတူပင် ညဘက်တွင် နွေးနွေးထွေးထွေး အိပ်စက်အနားယူရန်အတွက် မည်သည့်မွေးမြူရေးစနစ်တွင်ပင်ဖြစ်စေ ဆိတ်တင်းကုပ် လိုအပ်သည်။ လက်ရှိတွင် အညာဒေသ၌ သဘာဝကိုအမှီပြုပြီး လွှတ်ကျောင်းစနစ်နှင့် မွေးမြူကြကာ လူတစ်ဦးလျှင် အနည်းဆုံး ဆိတ်ကောင်ရေ ၂၅၊ ၃၀ မှ အများဆုံး ၂၀၀၊ ၃၀၀ ကောင်ခန့် မွေးမြူကြောင်း သိရသည်။ ဂျိတ်ဆီဆိတ်မျိုးများသည် လွှတ်ကျောင်းစနစ်နှင့် ပိုမိုကိုက်ညီကြောင်းသိရပြီး ရာသီဥတုပေါ် မူတည်ပြီး တစ်ရက်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် လွှတ်ကျောင်းလေ့ရှိသည်။

**(ဃ) ကြိုးချည်ခြင်း (သို့) အပြင်ထုတ်ချည် မွေးမြူခြင်းစနစ်**

ဆိတ်တစ်ကောင်၊ နှစ်ကောင်သာ မွေးမြူရာ၌ ဤစနစ်ကို ကျင့်သုံးနိုင်သည်။ တစ်နေ့တာ၌ ဆိတ်ကို အကြိမ်ပေါင်းများစွာ ပြောင်းရွှေ့ချည်နှောင်ရန် လိုသည့်အပြင် ရေသန့်များစွာ တိုက်ကျွေးရန်လိုအပ်သည်။ မိုးရွာသော နေ့ရက်များ၌ အိမ်အောက်တွင်ထားရန်လိုသည်။ ဤစနစ်ဖြင့် မွေးမြူထားသော ဆိတ်များသည် မတော်တဆဒဏ်ရာရခြင်း (ဝါ) သေဆုံးခြင်း ပိုမိုဖြစ်တတ်သည်။ ချည်ထားသော ကြိုးကြောင့်လည်ပင်းညစ်၍ ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများစွာကို နှစ်စဉ်ကြုံတွေ့ရသည်။

**(င) ဆိတ်မွေးမြူရေးနှင့် SALT (ခေါ်) တောင်စောင်းစိုက်ပျိုးရေး ပူးတွဲခြင်း**

ကွန်တိုလိုင်းဖြင့် မြေသြဇာပင်တန်းစိုက်ပျိုးပြီး ကြားကွက်များတွင် နှစ်တိုနှစ်ရှည်ပင်များကို ဆိတ်မွေးမြူရေးနှင့် ပူးတွဲခြင်းစနစ်ကို ချင်းပြည်နယ် တောင်တန်းဒေသများတွင် မွေးမြူနိုင်သည်။ တောင်ကုန်း၊တောင်တန်းမြေ နှစ်ဧကတွင် အကောင်အထည်ဖော်နိုင်သည်။ ၎င်းမြေကို သီးနှံစိုက်ပျိုးရန် (၄၀%)၊ ဆိတ်မွေးမြူရန် (၄၀%) နှင့် သစ်တောစိုက်ပျိုးရေးအတွက် (၂၀%)အသီးအသီး အသုံးချခြင်းဖြစ်သည်။ ဆိတ်ခြံကို ဥယျာဉ်ခြံ၏ အလယ်ဗဟိုတွင် ဆောက်လုပ်ပြီး အပေါ်ဆုံးအပိုင်းဖြစ်သောခြံမြေ၏ ထက်ဝက်အနက် လေးပုံ၊ သုံးပုံကို နှစ်ရှည်ပင်များဖြစ်သော ကော်ဖီ၊ငရုတ်ကောင်း၊လက်ဖက် စသည်တို့ကို စိုက်ပျိုးနိုင်ပါသည်။ ဥယျာဉ်ခြံမြေ၏ လေးပုံတစ်ပုံကို နှစ်တိုသီးနှံပင်များဖြစ်သော တောင်ယာစပါး၊ မြေပဲ၊ ပဲမျိုးစုံနှင့် ပြောင်းဖူးစသည့် သီးနှံများကို စိုက်ပျိုးပါသည်။ အခြားခြံမြေ၏ ထက်ဝက်ပိုင်းတွင် မွေးမြူထားသော ဆိတ်များအတွက် ဆိတ်စားမြက်ပင်နှင့် ဆိတ်စားအပင်မျိုးစုံကို စိုက်ပျိုးပါသည်။ ဆိတ်အတွက် အသင့်တော်ဆုံးအပင်မျိုးများမှာ ဘောစကိုင်းပင်၊ ဂလိုက်စီးရီးယားပင်၊ ရမ်ဆမ်ပင်၊ ပါရာမြက်နှင့် နေပီယာ မြက်မျိုးတို့ဖြစ်သည်။ တောင်စောင်းစိုက်ပျိုးရေးနှင့်ပူးတွဲပြီး ဆိတ်မွေးမြူရာတွင် ခြံအကျယ်အဝန်းပေါ် မူတည်၍ဆိတ်ကောင်ရေများများ မွေးမြူနိုင်ပါသည်။

## qdwfarG;jrLa&; vkyfief;rS0ifaiG&&Sdrl

ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော တောင်သူ၆၀းအနက် တစ်ဦး၏တစ်နှစ်တာအတွင်း ပျမ်းမျှဝင်ငွေသည် ငွေကျပ်သိန်း ၂၀ ခန့်ဖြစ်ကြောင်း သိရသည်။ ဆိတ်မွေးမြူရေးလုပ်ငန်းမှ အနည်းဆုံး ဝင်ငွေရရှိသူသည် ငွေကျပ် ရှစ်သောင်းမှ ငွေကျပ်သိန်း၅၀အထိ ရှိနေသည်။ ၎င်းတို့၏ဝင်ငွေသည် မွေးမြူထားသော ဆိတ်ကောင်ရေအပေါ် မူတည်၍ ကွဲပြားခြားနားနေခြင်းဖြစ်သည်။ ဆိတ်မွေးမြူရေးသည် ဝင်ငွေကောင်းသောလုပ်ငန်းဖြစ်ခြင်းကြောင့် တောင်သူများအား မိရိုးဖလာမွေးမြူရေးလုပ်ငန်းအစား ခေတ်မီနည်းပညာသုံး မွေးမြူရေးဆိုင်ရာဗဟုသုတများ မြှင့်တင်ပေးပြီး ဝင်ငွေတိုးတက်ရရှိရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ပါသည်။

*စာမျက်နှာ - ၂၁ သို့*

# ဥရောပသမဂ္ဂသို့ စားအုန်းဆီကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားမည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ

ယခင်နှစ်ကုန်ပိုင်း၌ ဥရောပသမဂ္ဂအုပ်စုက ဥရောပသမဂ္ဂ သစ်တောပြုန်းတီးမှုစည်းမျဉ်း (Eur opean Union Deforestation Regulation - EUDR) ကို ထုတ်ပြန်ခဲ့ရာ စားအုန်းဆီ ထုတ်လုပ်သောနိုင်ငံများရှိ စားအုန်းဆီလုပ်ငန်းများကို ထိခိုက်စေပြီး အသေးစား လုပ်ငန်းရှင်များနှင့် ဆီအုန်းစိုက် တောင်သူများကို ထောက်ပံ့ရေးကွင်းဆက်မှ ဖယ်ရှားပစ်သကဲ့သို့ ဖြစ်နေသည်။ ထို့ပြင် ဆီအုန်းလုပ်ငန်းကဏ္ဍကြီးတစ်ခုလုံးက အသေးစား လုပ်ငန်းရှင်များ သို့မဟုတ် တောင်သူများကို အကျိုးများစွာ ဖြစ်ထွန်းခြင်းမရှိစေဘဲ သဘာဝ ပတ်ဝန်းကျင်ကို ပျက်ယွင်းစေကြောင်းကိုလည်း စွပ်စွဲထားသည်။

ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှုစည်းမျဉ်းအသစ်ကို ခုခံရန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အလွန်အရေးကြီးသည့် ကိုယ်စားလှယ်အဖွဲ့အား ဘရပ်ဆဲလ်သို့ မေ ၃၀ - ၃၁ ရက်တို့တွင် စေလွှတ်ခဲ့သည်။ ၎င်းကိုယ်စားလှယ်အဖွဲ့မှာ ဥရောပသမဂ္ဂကော်မရှင်နှင့် စားအုန်းဆီနှင့်ဆက်နွယ်သည့် ပြဿနာအမျိုးမျိုးကို ဆွေးနွေးသွားမည်ဖြစ်သည်။ အီးယူဘက်မှ တောင်းခံသည့် လက်မှတ်များမှာ အသေးစား လုပ်ငန်းရှင်များနှင့် လယ်သမားများ လိုက်နာကျင့်သုံးရန် အလွန်ခက်ခဲသဖြင့် စံချိန်စံညွှန်းများနှင့်ပတ်သက်၍ အပြန်အလှန် အသိအမှတ်ပြုသော သဘောတူညီချက် (mutual recognition arrangement)ကို ချုပ်ဆိုသွားရန်နှင့် အင်ဒိုနီးရှားနှင့်မလေးရှားတို့မှ ဆောင်ရွက်သော လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်များကို အီးယူက အသိအမှတ်ပြုလက်ခံသွားရန် အင်ဒိုနီးရှားက ကြိုးစားသွားမည်ဟု သိရသည်။ သစ်တောပြုန်းတီးမှုနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံက ၂၀၁၀ ခုနှစ်တွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုများကို ဆိုင်းငံ့ထားခဲ့ပြီးဖြစ်ကြောင်း အင်ဒိုနီးရှားဝန်ကြီးက ပြောကြားခဲ့သည်။

ဆီအုန်းကဏ္ဍမှာ ကုလသမဂ္ဂ၏ထောင်စုနှစ် ရည်မှန်းချက်တစ်ခုဖြစ်သော ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရာတွင် ပါဝင်ဖြည့်ဆည်းပေးသည့် ကဏ္ဍဖြစ်ကြောင်း၊ အသေးစားလုပ်ငန်းများမှာ ကမ္ဘာ့ဆီအုန်းထောက်ပံ့ရေးကွင်းဆက်၏ ၄၀ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးကူညီပေးနေကြောင်း၊ မလေးရှား၌ အသေးစားလုပ်ငန်းရှင်နှင့် တောင်သူ ၄၅၀၀၀၀ ဝန်းကျင်နှင့် အင်ဒိုနီးရှား၌ ၂ဒသမ၅ သန်းခန့်ရှိကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုမရှိဘဲ အီးယူဘက်မှ အရေးယူဆောင်ရွက်ခြင်းကြောင့် အသေးစားလုပ်ငန်းရှင်များနှင့် တောင်သူများကို ထိခိုက်နစ်နာစေကြောင်း မလေးရှားနှင့် အင်ဒိုနီးရှားဝန်ကြီးများက သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

ယခင်ကလည်း မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် ဥရောပသမဂ္ဂ၏မူဝါဒ အကောင်အထည်ဖော်ရာတွင် ခွဲခြားဆက်ဆံသည့် မူဝါဒပြုနေကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထံ တိုင်ကြားခဲ့သေးသည်။ယခုပူးတွဲကိုယ်စားလှယ်အဖွဲ့စေလွှတ်ခြင်းမှာ ၎င်းအငြင်းပွားမှုတွင် အဖြေရှာရန် ဆောင်ရွက်ခြင်းဖြစ်သည်။

**ဒေါက်တာရွှေစင်ကို**

Source: https://en.tempo.co/read/1727260/malaysia-indonesia-to-send-palm-oil-joint-mission-to-eu-this-month

# မော်လမြိုင် ဘီလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့်ရော်ဘာဈေးကွက်

မော်လမြိုင်မြို့၌ ဇွန်လပထမပတ်တွင် ဘီလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲအရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ ယခုအပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၂၀၀၀၊ ဆင် (ထိုင်း) ကျပ် ၁၆၅၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၁၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ် အေးနေကာ ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခင်အပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာရွှေကောမက်) ၁၅း၁၅း၁၅ 50kg ပါ တစ်အိတ် ကျပ် ၁၂၄၀၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ 50kg ပါ တစ်အိတ်မှာ ကျပ် ၁၃၅၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ 50kg ပါ တစ်အိတ် ကျပ် ၁၃၀၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ(MPE)50kg ပါ တစ်အိတ် ကျပ် ၇၅၀၀၀၊ ပုလဲ (အကြီး) ၄၆%ထိုင်း(မြင်းပျံ)50kg ပါ တစ်အိတ် ကျပ် ၈၃၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ် ကျပ် ၁၂၃၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ တစ်ပုလင်းမှာ ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်း ကျပ် ၁၃၈၀၀ ရှိခဲ့ပြီး ယခုအပတ်တွင် ကွန်ပေါင်း(မြန်မာ့သြဘာရွှေကောမက်)၁၅း၁၅း၁၅ 50kg ပါ တစ်အိတ် ကျပ် ၁၂၅၀၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ 50kg ပါ တစ်အိတ်ကျပ် ၁၃၈၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ 50kg ပါ တစ်အိတ် ကျပ် ၁၃၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ် ကျပ် ၇၅၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ် ကျပ် ၈၃၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ် ကျပ်၁၂၃၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ တစ်ပုလင်း ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်း ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၀၈၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၁၀၀ ခဲ့ပြီး ယခုဇွန် ၁ ရက် မှ ၅ ရက်အထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၄၀၀ ၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၃၀၀ ပေါက်ဈေးရှိနေကြောင်းသိရသည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့သယ်ယူခနှုန်းထားမှာ 50 Kg ပါ တစ်ထုပ်လျှင် ကျပ် ၁၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 Kg ပါ တစ်ထုပ်လျှင် ကျပ် ၂၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၅၀၀၀၀ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်**
**(မွန်)**

**စာမျက်နှာ-၂၀၊ စီးပွားဖြစ် ဆိတ်မွေးမြူလိုသူများအတွက်**

မိသားစုအတွင်း ဆိတ်မွေးမြူရေးလုပ်ငန်းတာဝန်များ ခွဲဝေယူခြင်းနှင့် အမျိုးသမီးများပါဝင်လုပ်ကိုင်နေမှုကို ဆန်းစစ်သည့်အခါ လွှတ်ကျောင်းခြင်း၊ အိမ်၌အစာကျွေးခြင်း၊ ရေတိုက်ခြင်း၊ ဆိတ်ရောင်း/ဆိတ်ဝယ်ပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ခြင်းကို ဆုံးဖြတ်ချက်ချခြင်း၊ ဆိတ်များ ဖျားနာနေသည့်အခါ ပြုစုစောင့်ရှောက်ခြင်း၊ ဆေးကုသခြင်းနှင့် ဆိတ်ရောင်းခြင်းမှရသောဝင်ငွေကို ကိုင်တွယ်အသုံးပြုခြင်း စသည့် လုပ်ငန်းတာဝန်များအလိုက် ခွဲခြားဆန်းစစ်ခဲ့ရာ အဆိုပါတာဝန်များကို အရွယ်ရောက်ပြီးသူ အမျိုးသားရော၊ အမျိုးသမီးပါ အဓိက လုပ်ဆောင်ကြသည်ကို တွေ့ရသည်။ အရွယ်မရောက်သေးသည့် ကလေးများပင် မိသားစုဝင်ငွေအတွက် လုပ်ငန်းတာဝန်အချို့ကို ခွဲဝေယူကြသည်ကိုလည်း အနည်းငယ်တွေ့ရသည်။ ဆိတ်များသည် ကုန်ကျစရိတ် သက်သက်သာသာဖြင့် မွေးမြူနိုင်ပြီး အချိန်တိုအတွင်း မျိုးပွားမြန်သဖြင့် ကျေးလက်နေ မွေးမြူရေး တောင်သူများအတွက် အမြန်ဆုံး ဝင်ငွေပေးစွမ်းနိုင်သော ငွေစုစာအုပ်ပမာဖြစ်သည်။ ဆိတ်များသည် အခြားကြက်နှင့်ဝက်ကဲ့သို့ လူတို့စားသောအစာကို မစားဘဲ ကြီးထွားရှင်သန်နေနိုင်ကြပြီး အစာမျှဝေရယူမှုမရှိသဖြင့် လူသားများအတွက် အစားအစာဖူလုံရေးကို မထိခိုက်စေပါ။ ထို့ပြင် မျက်နှာပန်းလှသော ပြည်ပပို့ကုန်ဖြစ်သဖြင့် ပိုမိုထုတ်လုပ်နိုင်လေ အကျိုးအမြတ်များလေ ဖြစ်ပါကြောင်း ဆိတ်မွေးမြူရေးနှင့် မွေးမြူနည်းစနစ်များအကြောင်းကို လေ့လာရေးသားလိုက်ရပါသည်။

**မှီငြမ်း-ဆိတ်မွေးမြူနည်းလမ်းညွှန်။**


## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနန်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



# ဤကမ္ဘာမြေသာယာဖို့ အမှိုက်များကို စနစ်တကျစွန့်ပစ်ကြပါစို့

သန်းသန်းတင်(မုံရွာ)

လူဦးရေထူထပ်သော မြို့များ(တစ်စတုရန်းမိုင်တွင် လူဦးရေ ၅၀၀ကျော်ရှိသော)နှင့် စက်မှုဖွံ့ဖြိုးသောမြို့များတွင် စနစ်တကျ အမှိုက်စွန့်ပစ်ရန် လိုအပ်ကြောင်း ကျွမ်းကျင်ပညာရှင်များက လေ့လာ သုံးသပ်ထားသည်။ အမှိုက်စွန့်ပစ်မှုစနစ်မကျ၍ ရင်နင့်ဖွယ်ဖြစ်ခဲ့ရပုံများကို ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့ခံစားခဲ့ကြရသည်။ မြေဆီလွှာ အရည်အသွေး ကျဆင်းခြင်း၊ စီးရေနှင့် မြေအောက်ရေ ညစ်ညမ်းခြင်း၊ လေကောင်းလေသန့် ဆုံးရှုံးခြင်း၊ ပင်လယ်နှင့် မြစ်ချောင်းများရှိ ရေနေသတ္တဝါများ သေကြေပျက်စီးကြခြင်းတို့မှာလည်း အမှိုက်စွန့်ပစ် စီမံခန့်ခွဲမှု အားနည်းရခြင်း၏ရလဒ်များဖြစ်သည်။ စီမံခန့်ခွဲမှုတွင် အမှိုက်ကို စီမံခန့်ခွဲခြင်းနှင့် အမှိုက်စွန့်ပစ်မည့်နေရာကို စီမံခန့်ခွဲခြင်းဟူ၍ အပိုင်းနှစ်ပိုင်းရှိသည်။

အမှိုက်ကို စီမံခန့်ခွဲရာတွင် အမှိုက်အမျိုးအစား၊ အမှိုက်ထွက်ရှိရာ ဇာစ်မြစ်နှင့် အမှိုက်၏ထူးခြားသည့် ဂုဏ်သတ္တိများကို ဦးစွာသိထားရန် လိုအပ်သည်။ အမှိုက်သည် စိတ်ဝင်စားဖွယ်ကောင်းသော လျှို့ဝှက်ဆန်းကြယ်သော အရာဝတ္ထုတစ်ခုပင်ဖြစ်သည်။ အမှိုက်ကို အငွေ့၊ အရည်နှင့် အစိုင်အခဲအဖြစ် တွေ့နိုင်သည်။ အချို့အမှိုက်များက သက်တမ်းတိုသည်။ ရက်ပိုင်း၊ လပိုင်းနှင့် ဆွေးမြည့် ပျက်စီးသွားနိုင်ပြီး နှစ်လများစွာကြာသည့်တိုင် အလွယ်တကူ မဆွေးမြည့်နိုင်သည့် အချို့အမှိုက်များက ရေထဲ၊ လေထဲ၊မြေဆီလွှာထဲ၊ငါးများ၏ ခန္ဓာကိုယ်ထဲမှာ တွေ့နိုင်သည်။ အချို့ အမှိုက်များကို မြေဆီမြေဩဇာပြုလုပ်နိုင်ပြီး အချို့အမှိုက်များကို နည်းပညာအသုံးပြု၍ပစ္စည်းသစ် ပြန်လည်ထုတ်လုပ်နိုင်သည်။

အမှိုက်ပြဿနာဖြေရှင်းရန်၊ အမှိုက်ဖြစ်ပေါ်မှု လျော့နည်းစေရန် ဆောင်ရွက်နိုင်သည့် နည်းလမ်း အမျိုးမျိုးရှိသည်။ ပစ္စည်းတစ်ခုကို အကြိမ်ကြိမ် သုံးသင့်သည်၊ ဟောင်းပြီဟူ၍ မပစ်သင့်ပါ။ ကျန်းမာရေးကဏ္ဍကလွဲပြီး တစ်ခါသုံးပစ္စည်းများကို မသုံးသင့်ပါ၊ အားမပေးသင့်ပါ။ တစ်ခါသုံးပလတ်စတစ်အိတ်များအစား အကြိမ်ကြိမ် သုံးနိုင်သောချည်အိတ်၊ကြိမ်ခြင်းနှင့်ဆွဲခြင်းများကို အသုံးပြုသင့်သည်။ ဤနည်းကို ပြန်လည်အသုံးပြုခြင်း (Reuse)ဟုခေါ်သည်။ စက္ကူ၊ သံ၊ သံဖြူ၊ ပလတ်စတစ်နှင့် ဖန်ထည်ပစ္စည်း အဟောင်းများကို စုစည်း၍ နည်းပညာအသုံးပြုပြီး ပြန်လည် ထုတ်လုပ်နိုင်သည်။ ဤနည်းကို ပြန်လည်ထုတ်လုပ်ခြင်း(Recycling)ဟုခေါ်သည်။ထိုပစ္စည်းအဟောင်းအဝယ်ဆိုင်များသည် မြို့၊ ရွာတိုင်း၌ ရှိသည်။ စစ်ကိုင်းမြို့တွင်လည်း ရပ်ကွက်တစ်ခုတွင် အဟောင်းပစ္စည်းများ ပြန်လည်ဝယ်ယူသည့်ဒိုင်နှစ်ခုခန့်ရှိသည်။ ဝယ်ယူရာတွင် နေရာအထိုင်ချ၍ အချိန်အတွယ်ဖြင့် ဝယ်ယူသည့်စနစ်ရှိသလို ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များဖြင့် ရပ်ကွက်အနှံ့ဒေသအနှံ့ လိုက်လံဝယ်ယူကြသည်။ စွန့်ပစ်ပစ္စည်းများကို စည်ပင်သာယာမှ ရပ်ကွက်အလိုက် ချထားသည့် အမှိုက်ပုံးများတွင် လာရောက်စွန့်ပစ်သည့်အမှိုက်များမှပြန်လည်အသုံးချနိုင်သည့်ပစ္စည်းများကို ရွေးချယ်ကောက်ယူခြင်း၊ ရပ်ကွက်အလိုက် လမ်းများအလိုက် စွန့်ပစ်ပစ္စည်းများကို လိုက်လံကောက်ယူပြီး အဝယ်ဒိုင်များသို့ ပြန်လည်ရောင်းချသည့်သူများလည်းရှိသည်။

စစ်ကိုင်းမြို့တွင် စွန့်ပစ်ပစ္စည်း ပြန်လည်ဝယ်ယူသည့် အဝယ်ဒိုင် ၂၀ ခန့်ရှိကြောင်း သိရသည်။ ၎င်းအဝယ်ဒိုင်များမှစွန့်ပစ်ပစ္စည်းပြန်လည်ဝယ်ယူသည့် ပစ္စည်းဈေးနှုန်းများမှာ ဂျပ်စက္ကူ(လူသုံးကုန် ထုပ်ပိုးပစ္စည်း)တစ်ပိဿာ ကျပ်၄၀၀၊ သွပ်/သံ(ထူ၊ပါး) တစ်ပိဿာ ကျပ် ၁၂၀၀၊ ၁၀၀၀၊ ၇၀၀၊ ဖန်ပုလင်းမျိုးစုံ ကျပ်၁၁၅၊ ၇၀၊ ၅၀၊၁၀၊ ကြေးတစ်ပိဿာ ကြေးနီ ကျပ်၂၇၀၀၀၊ ကြေးဝါ ကျပ် ၂၀၀၀၀၊ ဒန်တစ်ပိဿာ ကျပ် ၅၀၀၀၊ သတ္တုတစ်ပိဿာ ကျပ် ၆၅၀၀၊ ပလတ်စတစ် ရေသန့်ဘူးခွံတစ်ပိဿာ ကျပ်၈၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ အခြားမြို့ကြီးများတွင်လည်း စက်မှုကုန်ကြမ်းများကို အဟောင်းဝယ်ရောင်းဆိုင်များမှ အလွယ်တကူ ရရှိကြသည်။ ထိုဆိုင်များ၏ ကုန်စည်စီးဆင်းမှုမှာ အံ့ဩလောက်အောင် ကောင်းမွန်ကြောင်း လေ့လာသိရှိရသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာ အထောက်အကူပြုနေသော ပစ္စည်းဟောင်း ဝယ်ရောင်းဆိုင်များ၏ ရင်းနှီးမြှုပ်နှံသည့် ငွေပမာဏမှာ ကျပ်သိန်း ၂၀ခန့်ဖြင့် စတင်နိုင်သည့်အတွက် ပစ္စည်းဟောင်းဝယ်ရောင်းဆိုင်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီသင့်သည်။

မိသားစုများနှင့် ဈေးများမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသော ဇီဝအမှိုက်များသည် အချိန်ကြာလျှင် သဘာဝအလျောက် ဆွေးမြည့်ပြီး မြေဩဇာအဖြစ် အသုံးပြုနိုင်သည်။ ဇီဝအမှိုက်များကို နည်းပညာအသုံးပြုပြီး မြေဩဇာပြုလုပ်ခြင်းကို ရောစပ်ထားသည့် မြေဩဇာ(composting)ဟု ခေါ်သည်။ ဇီဝဓာတ်ငွေ့ကို ထုတ်ယူနိုင်သည်။ အချို့အမှိုက်များကိုမီးရှို့ရှင်းလင်းသည်။အချို့နိုင်ငံများတွင် အမှိုက်မီးရှို့စက်များသုံးသည်။ ခေတ်မီစက်များက လေထုညစ်ညမ်းစေသော ဓာတ်ငွေ့များကို ထိန်းချုပ်နိုင်သည်။ မီးမလောင်နိုင်သော ပစ္စည်းများကို ထုတ်ပေးနိုင်သည်။

မည်သို့ပင်ဖြစ်စေ အမှိုက်များကို လျှော့၍ရမည်မဟုတ်ပါ၊ သို့သော် အမှိုက်ကင်းစင်သောလူနေမှုစနစ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ထုတ်လုပ်သူများနှင့် သုံးစွဲသူများက မလွဲမသွေ ဝိုင်းဝန်းကြိုးပမ်းရမည့်မှာ သမိုင်းပေး တာဝန်တစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ ဤကမ္ဘာမြေ သာယာဖို့ အမှိုက်များကို နည်းစနစ်မှန်ကန်စွာဖြင့် စွန့်ပစ်၊ ပြန်လည်သုံးစွဲကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



# တရုတ်နိုင်ငံတွင် ဒူးရင်းသီးဝယ်လိုအား မြင့်တက်နေ

NES

ဒူးရင်းသီးသည် တရုတ်နိုင်ငံစားသုံးသူများအကြား လူကြိုက် အများဆုံး သွင်းကုန် သစ်သီးဝလံတစ်မျိုးဖြစ်ကာ တရုတ်နိုင်ငံတွင် ဒူးရင်းသီး ဝယ်လိုအားမှာ မြင့်တက်လျက်ရှိသည်။ ယခုနှစ် မေလအတွင်း ဒူးရင်းသီးရောင်းဝယ်မှုများ အမြင့်ဆုံးရာသီသို့ ရောက်ရှိလာခဲ့ကာ ဈေးကွက်တွင် စုစုပေါင်းရောင်းလိုအား ဝယ်လိုအား ပမာဏများ မြင့်တက်လာခဲ့သည်။

ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားသူများ၏ အဆိုအရ လက်ရှိဒူးရင်းသီးဈေးနှုန်းသည် အရည်အသွေး၊ မူရင်းထွက်ရှိဒေသနှင့်အမျိုးအစားတို့ပေါ်တွင် မူတည်နေကြောင်း၊ အရည်အသွေးမြင့် အမျိုးအစားများမှာ ဈေးနှုန်းခိုင်မာနေပြီး အရည်အသွေးနိမ့်အမျိုးအစားများမှာ ဈေးနှုန်းနိမ့်ကျလျက်ရှိကြောင်း သိရှိရသည်။ အဓိကအချက်မှာ ထိုင်းနိုင်ငံအရှေ့ပိုင်းမှ ဒူးရင်းသီးရောင်းချနိုင်မှုများ ကျဆင်းလာပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီးထုတ်လုပ်မှုဧရိယာများမှအရေအတွက်များစွာ စတင်ရောင်းချမှု မရှိသေးခြင်းကြောင့်ဖြစ်ကြောင်း၊ အရှေ့ဘက်ပိုင်းရှိ ဒူးရင်းသီးအဝယ်ဈေးနှုန်းများ ဆက်လက် မြင့်တက်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံဘက်တွင် ဈေးနှုန်းမြင့်တက်မှုရှိနေကြောင်းသိရှိရသည်။ ဇူလိုင်လတွင် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီးများစွာ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ပြီး အရည်အသွေးနှင့် အရသာမှာမူ အရှေ့ပိုင်းထက် အနည်းငယ်နိမ့်ကျကာ ဈေးနှုန်းလည်း ကျဆင်းနိုင်မည်ဟု မျှော်လင့်ထားရှိသည်။

မကြာသေးမီနှစ်များအတွင်းက အရှေ့တောင်အာရှနှင့်အခြားဒူးရင်းသီးထုတ်လုပ်သည့် နိုင်ငံများသည် တရုတ်နိုင်ငံ၏ ကြီးမားသောဈေးကွက်ကို ဦးတည်လာကြကာ တရုတ်စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး တရုတ်နိုင်ငံ ဈေးကွက်ဝေစုရယူရန် တရုတ်ဈေးကွက်သို့ ဒူးရင်းသီးများ တင်ပို့လာကြသည်။ လတ်ဆတ်သောဒူးရင်းသီးများသည် အေးခဲဒူးရင်းသီးများထက် သယ်ယူပို့ဆောင်မှုပိုင်းနှင့် သိုလှောင်ထိန်းသိမ်းမှုပိုင်းတွင် ပိုမိုခက်ခဲမှုများရှိကာ ၂၀၂၂ခုနှစ် မတိုင်မီအထိ ထိုင်းနိုင်ငံတစ်နိုင်ငံသာ တရုတ်နိုင်ငံသို့ လတ်ဆတ်နှင့်အေးခဲ ဒူးရင်းသီးများ တင်ပို့နိုင်ခဲ့သည်။ အခြားအရှေ့တောင်အာရှနိုင်ငံများ ဖြစ်ကြသည့် မလေးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တရုတ်နိုင်ငံသို့ အေးခဲဒူးရင်းသီးများသာ တင်ပို့နိုင်ကြပြီး တရုတ်နိုင်ငံအနေဖြင့်လည်း နေရာများစွာမှ ဝယ်ယူတင်သွင်းနိုင်ရန် ၎င်း၏သွင်းကုန် တင်သွင်းမှုပုံစံကို စိစစ်သုံးသပ်လျက်ရှိသည်။ ၂၀၂၂ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်များနှင့်ကိုက်ညီသော ဗီယက်နမ်နိုင်ငံမှ လတ်ဆတ် ဒူးရင်းသီးများကို ခွင့်ပြုပေးခဲ့ကာ ၂၀၂၃ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းသော ဒူးရင်းသီးများကို ခွင့်ပြုပေးခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတစ်ခုတည်းမှ ဝယ်ယူ တင်သွင်းမှုပုံစံကို ပြောင်းလဲ၍ အခြားဝယ်ယူရရှိနိုင်မည့်နိုင်ငံများမှလည်း တိုးချဲ့ဝယ်ယူရန် ဆောင်ရွက်လာသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံမှ ဒူးရင်းသီးများကို တင်သွင်းခွင့်ပြုပေးခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင် ဒူးရင်းသီး ရောင်းချမှု ဈေးကွက် တိုးတက်မြင့်မားလာပြီး တစ်နှစ်ပတ်လုံး လတ်ဆတ် ဒူးရင်းသီးများကို ရောင်းဝယ်ဖောက်ကားမှုပြုလုပ်လာနိုင်ပါသည်။

ဗီယက်နမ်နိုင်ငံသည် ရေတိုကာလတွင် ထိုင်းနိုင်ငံထက် သယ်ယူပို့ဆောင်မှုစရိတ်၊ ထောက်ပံ့ပို့ဆောင်မှုအချိန်နှင့်ဈေးနှုန်း ပိုင်းတို့တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာနိုင်သော်လည်း အကောက်ခွန် ရှင်းလင်းခြင်း အဆင်ပြေလွယ်ကူစေမှု၊ အရည်အသွေးနှင့် ရောင်းချမှု ကွင်းဆက်တည်ဆောက်မှုပုံစံများတွင် ထိုင်း နိုင်ငံထက် နောက်ကျကျန် နေခြင်းများရှိကြောင်း သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဒူးရင်းသီးထုတ်လုပ်နိုင်မှုအဆင့်အတန်းသည် ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံထက် အရည်အသွေးနိမ့်ကျနေပြီး ဒူးရင်းသီးပို့ကုန်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများမှာလည်း အဆိုပါနိုင်ငံများလောက် ကောင်းမွန်ခြင်းမရှိကြောင်း သိရှိရသည်။

လက်ရှိ တရုတ်နိုင်ငံ ဒူးရင်းသီးဈေးကွက်ဝေစုပြိုင်ဆိုင်နေမှုအခြေအနေအရ ထိုင်းနိုင်ငံမှဒူးရင်းသီးများ တရုတ်နိုင်ငံဈေးကွက်တွင် နေရာရယူထားမှုသည် ရေတိုကာလတွင် အခက်အခဲများ ရှိနေနိုင်ပြီး ရေရှည်ကာလတွင် အရည်အသွေးကောင်းမွန်ပြီး စရိတ်သက်သာစွာ ဆောင်ရွက်ပေးနိုင်သည့် နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ ဈေးကွက်ဝေစုပိုမိုရရှိနိုင်မည်ဟု သုံးသပ်ထားကြောင်း သိရှိရသည်။

**ရင်းမြစ်-** China Fruit Marketing Association

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၂၅-၅-၂၀၂၃ | ၁-၆-၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | မတ်ပဲ | တစ်တန် တန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁ | FAQ /RC (2022 Crop) | ၂၂၆၂၅၀၀ | ၂၃၂၃၀၀၀ | ↑ ၆၀၅၀၀ | Con ၇၅ လုံး | Con ၇၀ လုံး | Con ၅ လုံး |
| ၂ | SQ /RC (2022 Crop) | ၂၅၀၂၅၀၀ | ၂၅၆၆၀၀၀ | ↑ ၆၃၅၀၀ | တန်ချိန် ၁၈၀၀ | ၁၆၈၀ တန်ချိန် | ၁၂၀ တန်ချိန် |
| ၃ | RED /RC (2022 Crop) | ၂၆၇၅၀၀၀ | ၂၉၈၅၀၀၀ | ↑ ၃၁၀၀၀၀ | | | |
| | ရော်သီး | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၄ | ပန်းရဲ | ၁၂၀၀၀ | ၁၃၀၀၀ | ↑ ၁၀၀၀ | ရော်ရှည် အိတ်ပေါင်း ၄၆၀၀ ( ၉၂၀၀၀ ပိဿာ) | ရော်ရှည် အိတ်ပေါင်း ၅၁၀၀ ( ၁၀၂၀၀၀ ပိဿာ) | ရော်ရှည် အိတ်ပေါင်း ၅၀၀ ( ၁၀၀၀၀ ပိဿာ) |
| ၅ | မြွားနီ(ဟသ်ာတ) AC | ၁၁၅၀၀ | ၁၂၀၀၀ | ↑ ၅၀၀ | | | |
| ၆ | မိုးထောင် (ဒီမွန် ) | ၁၆၀၀၀ | ၁၅၀၀၀ | ↓ ၁၀၀၀ | | | |
| ၇ | အိမ်မဲ | ၁၁၀၀၀ | ၁၁၅၀၀ | ↑ ၅၀၀ | ရော်ပု အိတ်ပေါင်း ၁၀၀ ( ၁၅၀၀ ပိဿာ) | ရော်ပု အိတ်ပေါင်း ၆၀၀ ( ၉၀၀၀ ပိဿာ) | ရော်ပု အိတ်ပေါင်း ၅၀၀ ( ၇၅၀၀ ပိဿာ) |
| ၈ | ဆင်ဖြူကွန်း(ပု) | ၁၆၅၀၀ | ၁၆၅၀၀ | — | | | |
| ၉ | မြစ်ဝ (ပု) သစ် | ၁၄၅၀၀ | ၁၄၅၀၀ | — | | | |
| | ထန်းလျက် | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁၀ | တောင်သာ/မလိုင်(ဒုံး) | ၂၇၅၀ | ၂၉၀၀ | ↑ ၁၅၀ | | | |
| ၁၁ | ညောင်ဦးဆေးရှယ် (ထန်း) | ၃၁၅၀ | ၃၄၀၀ | ↑ ၂၅၀ | | | |
| ၁၂ | ပခုက္ကူကြမ်း | ၂၈၀၀ | ၂၉၀၀ | ↑ ၁၀၀ | | | |
| ၁၃ | ရေစကြိုထန်းလျက် | ၃၅၀၀ | ၃၄၀၀ | ↓ ၁၀၀ | | | |
| | ကြံသကာ/ သကြား | | | (ကျပ်) | | | |
| ၁၄ | ကြံသကာ | ၂၅၅၀ | ၂၉၀၀ | ↑ ၃၅၀ | | | |
| ၁၅ | သကြား | ၃၃၀၀ | ၃၃၀၀ | — | | | |
| | မန်ကျည်းသီး | | | (ကျပ်) | | | |
| ၁၆ | ပွင့်ကပ် (သစ်) | ၁၅၀၀ | ၁၅၀၀ | — | | | |
| ၁၇ | အသား (သစ်) | ၂၆၀၀ | ၂၅၀၀ | ↓ ၁၀၀ | | | |

SSMaw (Domestic Ygn) MITC

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၂၅-၅-၂၀၂၃ | ၁-၆-၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | ကြက်သွန်ဖြူ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | ကြူကုတ်ရှယ် | ၇၀၀၀ | ၇၀၀၀ | — | ၃၂၀၀ အိတ် ၉၆၀၀၀ ပိဿာ | ၃၆၀၀ အိတ် ၁၀၈၀၀၀ ပိဿာ | ၄၀၀ အိတ် ၁၂၀၀၀ ပိဿာ |
| ၂ | အောင်ပန်း ထူး ၂ | ၄၆၀၀ | ၄၆၀၀ | — | | | |
| ၃ | အောင်ပန်း ထူး ၃ | ၅၃၀၀ | ၅၃၀၀ | — | | | |
| ၄ | အောင်ပန်း ထူး ၄ | ၅၆၀၀ | ၅၆၀၀ | — | | | |
| ၅ | အောင်ပန်း ထူး ၅ | ၆၀၀၀ | ၆၀၀၀ | — | | | |
| | ကြက်သွန်နီ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | မုံရွာရှယ် | ၂၀၅၀ | ၂၀၇၅ | ↑ ၂၅ | ကား ၁၄၅ စီး ၈၇၀၀၀၀ ပိဿာ | ကား ၁၆၆ စီး ၉၉၆၀၀၀ ပိဿာ | ကား ၂၁ စီး ၁၂၆၀၀၀ ပိဿာ |
| ၂ | မုံရွာလတ်ကြီး | ၂၁၅၀ | ၂၀၇၅ | ↓ ၇၅ | | | |
| ၃ | မုံရွာလတ်သန့် | ၂၁၅၀ | ၂၀၇၅ | ↓ ၇၅ | | | |
| ၄ | မုံရွာလတ်ချော | ၁၉၀၀ | ၁၈၀၀ | ↓ ၁၀၀ | | | |
| ၅ | ဆိပ်ဖြူရှယ် | ၂၀၅၀ | ၂၀၅၀ | — | | | |
| ၆ | ဆိပ်ဖြူလတ်ကြီး | ၂၁၅၀ | ၂၀၅၀ | ↓ ၁၀၀ | | | |
| ၇ | ဆိပ်ဖြူလတ်သန့် | ၂၁၅၀ | ၂၀၅၀ | ↓ ၁၀၀ | | | |
| ၈ | ဆိပ်ဖြူလတ်ချော | ၁၉၀၀ | ၁၇၀၀ | ↓ ၂၀၀ | | | |
| | အာလူး | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | ဟဲဟိုး A1 | ၁၆၅၀ | ၁၉၅၀ | ↑ ၃၀၀ | ကား ၅၉ စီး ၃၅၄၀၀၀ ပိဿာ | ကား ၅၇ စီး ၃၄၂၀၀၀ ပိဿာ | ကား ၂ စီး ၁၂၀၀၀ ပိဿာ |
| ၂ | ဟဲဟိုး Ok | ၁၉၅၀ | ၂၂၅၀ | ↑ ၃၀၀ | | | |
| ၃ | ဟဲဟိုး S1 | ၁၉၀၀ | ၂၁၅၀ | ↑ ၂၅၀ | | | |
| ၄ | ဟဲဟိုး S2 | ၁၆၅၀ | ၂၁၅၀ | ↑ ၅၀၀ | | | |

SWTun (Domestic Ygn) MITC

## ပြည်ပဆန်ဈေးနှုန်းများ

၃၁-၅-၂၃ မှ ၆-၆-၂၀၂၃ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 520 - 530 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 510 - 520 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 490 - 500 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 480 - 490 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 490 - 500 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 485 - 490 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 480 - 485 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 475 - 480 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 530 - 540 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 520 - 530 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 510 - 520 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 500 - 510 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 520 - 530 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 510 - 520 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 490 - 500 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 530 - 540 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 520 - 530 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 510 - 520 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 500 - 510 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 530 - 540 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 520 - 530 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 510 - 520 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460 - 470 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 30 | A-1 , 2 (Sortexed) | 440 - 445 | |
| 31 | B-1 , 2 (Sortexed) | 435 - 440 | |
| 32 | B-1,2 (Non-Sortexed) | 430 - 440 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၂-၆-၂၀၂၃)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၃၀၀ | ၆၃၀၀ | - |
| ရန်ကုန် | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၃၀၀ | ၆၃၀၀ | - |
| မန္တလေး | ၁၃၅၀၀ | ၁၃၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၃၀၀ | ၆၃၀၀ | - |
| ပဲခူး | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၆၅၀၀ | ၆၂၀၀ | ↓ |
| မကွေး | ၁၁၀၀၀ | ၁၁၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၀၀၀ | ၆၆၀၀ | ↓ |
| မုံရွာ | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၃၀၀ | ၆၃၀၀ | - |
| စစ်တွေ | ၁၅၀၀၀ | ၁၅၀၀၀ | - | - | - | - | ၈၀၀၀ | ၈၀၀၀ | - |

# ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော စီးပွားဖြစ်နဂါးမောက်သီးစိုက်ခင်း

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝမှ လက်ဆောင်ပေးထားသော မြေဆီမြေနှစ် ရေခံမြေခံကောင်းမွန်ကာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်သလို နှစ်စဉ် မိုးစပါး၊ နွေစပါးစိုက်ဧက ၅၁ သိန်းကျော်၊ ပဲမျိုးစုံစိုက်ဧက ၁၆ သိန်းကျော်နှင့် နှစ်ရှည်သီးနှံများဖြစ်သော ရော်ဘာ စိုက်ဧက ၃၆၇၅၄၊ သီဟိုဠ်စိုက်ဧက ၆၅၃၉၉ နှင့် အခြားသီးနှံများအပြင် ရာသီသီးနှံများကိုလည်း နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းစုကျေးရွာတွင်နေထိုင်သည့်ခြံပိုင်ရှင် ဦးပါးနီက အထက်အညာ ပုပ္ပါးဒေသရှိ နဂါးမောက်သီးစိုက်ပျိုးရေးခြံသို့သွားရောက်လေ့လာပြီး နဂါးမောက်ပျိုးပင်များ ဝယ်ယူ၍ မိမိ၏ခြံတွင် အပင် ၂၀၊ ၃၀ စမ်းသပ်စိုက်ပျိုးခဲ့ရာ မိမိတို့ဒေသ ရေမြေသဘာဝ ရာသီဥတုနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းမှုရှိသည့်အတွက် လွန်ခဲ့သော သုံးနှစ်မှစတင်ပြီး မိမိပိုင်မြေ နှစ်ဧကတွင် နဂါးမောက်သီး အဖြူ၊ အနီ၊ ခရမ်းအပင်ရေ ၂၀၀၀ ခန့်ကို စီးပွားဖြစ်စိုက်ပျိုးခဲ့ကြောင်း၊ နဂါးမောက်ပင်မှာ တစ်နှစ်သားအရွယ်ရောက်သောအခါ အဖူးအပွင့်များထွက်ကာ သီးကင်းဝင်စပြုပြီး များသောအားဖြင့် ဧပြီလကုန်နှင့် မေလဆန်းတွင် စတင်၍ အောက်တိုဘာလအထိ အသီးသီးပြီး ပထမနှစ် စတင်သီးချိန် အလုံးရေ ၃၀၀၀ ခန့် ခူးဆွတ်ရသော်လည်း ဒုတိယနှစ်မှာ အသီးရေ ၇၀၀၀ ခန့် ရရှိလျက် နဂါးမောက်သီးတစ်လုံးကို အကြီးအသေးပေါ်မူတည်၍ ကျပ် ၅၀၀၊ ၁၀၀၀ ဈေးအတွင်း ရောင်းချခဲ့ရာ ကျပ် ၃၅ သိန်းခန့်ရရှိကြောင်း၊ ယခုတတိယနှစ်မှာ ယခင်နှစ်ထက်ပို၍ သီးမှာဖြစ်သလို အပင်သက်တမ်းရင့်လေပို၍သီးသော အပင်မျိုးဖြစ်ကြောင်း ဦးပါးနီက ပြောသည်။

နဂါးမောက်သီးပင်ကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပျိုးပင်တင်သွင်း၍ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးခြံများဖြစ်သော ပုပ္ပါးနှင့် ရန်ကုန်ဥယျာဉ်ခြံတွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ တွယ်ကပ်ပင်နှင့် မြေပေါ်တွား၍ပေါက်သော ရေငတ်ခံနိုင်သည့် ရှားစောင်းမျိုးနွယ်ပင်ဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးပါက လိုအပ်သောအချိန်တွင် ပုံမှန်ရေလောင်းပေးရန် လိုအပ်ကြောင်း၊နဂါးမောက်ပင်၏ အမြစ်သည် မြေအနက်ရှစ်လက်မခန့်သာ အမြစ်ဝင်သဖြင့် ပေါင်းမြက်ကြောက်သော သီးနှံတစ်မျိုးဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးပါက ပေါင်းမြက်အထူးရှင်းရန် လိုအပ်ကြောင်း၊ နဂါးမောက်သီးကို ယခင်က ပုပ္ပါးတွင်သာတွေ့ရပြီး ၂၀၁၄ ခုနှစ်တွင် တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန်မြို့များတွင်လည်း စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးနည်းစနစ်များမှာ တီပုံသဏ္ဍာန်၊ တိုင်စနစ်၊ စင်စနစ်၊ တန်းစနစ်များကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ နဂါးမောက်သီးခြံရှင် ဦးပါးနီက ၎င်း၏ခြံတွင် အပင်မလှုပ်စေရန်နှင့် အပင်မလဲစေရန် အောက်ခြေတွင် အုတ်ခုံနှင့် ကွန်ကရစ် ခြောက်ပေတိုင်ပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်ကို ရှစ်ပေအကွာ တီပုံသဏ္ဍာန် စိုက်ပျိုးထားကြောင်း၊ တစ်ပတ်လျှင် တစ်ကြိမ်ခန့် ပေါင်းမြက်ရှင်းပေးရပြီး စိုက်ပျိုးရာတွင် မြေဩဇာများဖြစ်သော မြေဆွေး၊ ဖွဲခွံ၊ လွှစာ၊ အိုးတိုက်ဆပ်ပြာ၊ ကောက်ရိုးဆွေး၊ နွားချေး၊ ကြက်ချေးတို့ ထည့်သွင်းစိုက်ပျိုးလျက် သဘာဝသီးနှံဖြစ်သောကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး နဂါးမောက်သီး စားသုံးခြင်းဖြင့် ရရှိနိုင်သော ကျန်းမာရေး အကျိုးကျေးဇူးများမှာ နဂါးမောက်သီးသည် ဗီတာမင်စီနှင့် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သည့်အပြင် လိုင်ကို ပိန်းဓာတ်များစွာပါဝင်သောကြောင့် အရွယ်တင် နုပျိုစေပြီး အသီးတွ င် (Antioxidant) အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုဆီးလွန်ရောဂါများ၊ လေသင်တုန်းနှင့် လေဖြတ်ခြင်းရောဂါများ ကာကွယ်ပေးပြီး အဆိပ်အတောက် ဖြစ်စေတတ်သည့် Heavy Mental များ ချေဖျက်ပေးသဖြင့် ကိုလက်စထရောကိုလည်း လျော့ကျစေသည့်အပြင် ချောင်းဆိုး၊ ရင်ကျပ်ရောဂါကိုလည်း သက်သာပျောက်ကင်းစေပြီး အစာအိမ်အတွင်းရှိ အဆိပ်အတောက်များကို ခြေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကို လျော့ကျနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မျက်လုံးအားကောင်းခြင်း သွားနှင့်အရိုးများခိုင်မာစေခြင်းတို့ကြောင့် လူတိုင်းစားသုံးသင့်ပြီး အထူးသဖြင့် နာလန်ထလူမမာများအတွက် အထူးသင့်လျော်ကြောင်း၊ နဂါးမောက်သီးတွင် အစွမ်းအာနိသင် ထက်မြက်စေသည့် Antioxidant ဓာတ်ပြည့်ဝစွာပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့်ဆက်နွှယ်နေသောရောဂါများကို ပျောက်ကင်းစေနိုင်သဖြင့် အမေရိကတိုက် အလယ်ပိုင်းဒေသများတွင် နဂါးမောက်သီးမှာ ဆေးစွမ်းထက်သည့် အသီးအဖြစ် နာမည်ကြီးလျက်ရှိပြီး ယခင်ကနဂါးမောက်သီးကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝယ်ယူရောင်းချသည့်အတွက် ဈေးကွက်မှာ ဈေးကြီးသည့် သီးနှံတစ်ခုဖြစ်ပြီး ယခုလိုမိမိတို့ဒေသမှာ စိုက်ပျိုးခြင်းဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်မှာဖြစ်ကြောင်း ပွင့်လင်းရာသီဆိုလျှင် ပုသိမ်-မြောင်းမြကားလမ်းဘေးရှိ နဂါးမောက်ခြံသို့ ဧည့်ခရီးသွားမှ လာရောက်လေ့လာဝယ်ယူမှုများရှိကြောင်း၊ အိမ်တွင်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးချင်သူများ၊ စီးပွားဖြစ်စိုက်ပျိုးလိုသူများအတွက်လည်း မျိုးတစ်ပင်ကို ကျပ် ၅၀၀၊၁၀၀၀ ဈေးဖြင့် မျိုးရောင်းပေးလျက်ရှိကြောင်း ခြံပိုင်ရှင် ဦးပါးနီက ဆက်လက်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း နဂါးမောက်သီး စိုက်ပျိုးမှု ပိုမိုကျယ်ပြန့်လာစေရန်နှင့် မြေဧကအနည်းငယ်ဖြင့် အချိန်တိုအတွင်း စီးပွားဖြစ်ထွန်းနိုင်ပြီး စတင်စိုက်ပျိုးချိန်မှ နည်းပညာပါ အကူအညီပေး၍ ယခုလိုမျိုးရောင်းချခြင်းနှင့် ဈေးကွက်ရောင်းချမှုအပိုင်းထိ ဒေသတွင်းစီးပွားရေး အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ယခုလိုအလားအလာကောင်းသော ဈေးကွက်ဝင် သီးနှံများတိုးချဲ့ စိုက်ပျိုးနိုင်ရန် အသေးစိတ်ဖြေကြားပေးပါသော ကန်ကြီးထောင့်မြို့နယ် ကွင်းစုကျေးရွာနေ နဂါးမောက်သီးခြံပိုင်ရှင် ဦးပါးနီအား ကျေးဇူးတင်ရှိကြောင်းနှင့် သက်ရှည်ကျန်းမာ စီးပွားတိုးတက်လာဖို့အတွက် နဂါးမောက်သီးပင်များကို အများအပြားတိုးချဲ့စိုက်ပျိုးနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

**မင်းမင်းဦး(ပသ)**

# ပြည်ခရိုင်ရှိ ဆီထွက်သီးနှံများ ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်တွင် ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲနှင့် နေကြာသီးနှံဟူ၍ သုံးမျိုးရှိသည်။ လူတို့ နေ့စဉ်စားသုံးနေသည့် ဆီအများစုမှာ မြေပဲဆီဖြစ်ပြီး နှမ်းဆီနှင့် နေကြာဆီကို လူနည်းစုသာ စားသုံးကြကြောင်းသိရသည်။

**မြေပဲဆန်**

ပြည်ခရိုင်အနေဖြင့် မြေပဲဆန်ကို မိုးမြေပဲနှင့် ဆောင်းမြေပဲဟူ၍ နှစ်မျိုးရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် မြေပဲသီးနှံစိုက်ဧကမှာ ၉၅၉၃၄ဧက စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်းမှာ ၆၂ဒသမ ၁၇ တင်းထွက်ရှိပြီး အထွက်တင်းမှာ ၅၉၆၄၀၄၃ တင်းထွက်ရှိခဲ့သည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မြေပဲစိုက်ဧကမှာ ၇၂၃၀၁ ဧကစိုက်ပျိုးပြီး တစ်ဧကလျှင် ၆၂ဒသမ ၈၄ တင်းထွက်ရှိပြီး အထွက်တင်း စုစုပေါင်းမှာ ၄၅၄၃၄၃၅ တင်းထွက်ရှိကြောင်း သိရသည်။ ပြည်ခရိုင်အတွင်း ထွက်ရှိသော မြေပဲဆန်များကို အခြားတိုင်းဒေသကြီးများမှ ဝယ်ယူမှုရှိသလို ပြည်ဈေးကွက်သို့လည်း ယခုမေလ နောက်ဆုံးပတ်တွင် ကံမဘက်မှ ရက်ခြား ပိဿာ ၃၀ ဝင်အိတ် ၅၀၀-၆၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။ ဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် မြေပဲဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၃၇၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၃၇၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ လုံးဆန် (အနီ)တစ်ပိဿာလျှင် ကျပ် ၃၉၀၀ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ဖြစ်သော ၂၀၂၃ ခုနှစ်၊ မေလ နောက်ဆုံးပတ်တွင် မြေပဲဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၂၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၇၅၀၀နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၇၀၀၊ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၈၁၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

လုံးဆန်(အနီ)ကို မြို့တွင်းရှိ ပဲကျော်သမားများနှင့် မန္တလေးလိုင်းသမားများက ဝယ်ယူမှုရှိခြင်း၊ လုံးဆန်(အဖြူ)ကို ပဲကြော်ဖိုသမားများနှင့် ဆီဆန်ကို ဆီစက်သမားများက ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် မြေပဲဆန်အိတ် ၂၀၀/၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုနှစ်တွင် မြေပဲဆန်ဈေးများ ယခင်နှစ်ထက် မြင့်တက်လာရခြင်းမှာ စိုက်ဧက နည်းသွားပြီး ဝယ်လိုအား များလာသဖြင့် ယခင်နှစ်ထက်စာရင် တစ်ပိဿာလျှင် ထက်ဝက်နီးပါးခန့် ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

**နှမ်း**

ပြည်ခရိုင်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နှမ်းစိုက်ဧကမှာ ၇၃၁၉၁ရှိပြီး တစ်ဧက အထွက်နှုန်းမှာ ၁၀ဒသမ ၅၄တင်းခန့်ထွက်ရှိ၍ စုစုပေါင်း အထွက်တင်းမှာ ၇၇၁၂၁၇ တင်း ထွက်ရှိကြောင်း သိရသည်။ ပြည်ဈေးကွက်သို့ မေလနောက်ဆုံးပတ်တွင် နှမ်းဝင်ရောက်မှုမရှိဘဲ လှော်နှမ်းများဖြင့်သာ အရောင်းအဝယ် အနည်းငယ်ဖြစ်လျက်ရှိသည်။ အရောင်းအဝယ်ဖြစ်သော နှမ်းများမှာ စမုံနက်နှမ်းနှင့် နှမ်းနက်တို့ဖြစ်ပြီး မန္တလေးဝယ်လက်များက အဝယ်ရှိတာတွေ့ရသည်။ ယခုအပတ် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၆၀၀၀၀၊ နှမ်းနက်သုံးတင်း တစ်အိတ်လျှင် ကျပ် ၂၈၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၁၀၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နှမ်းစိုက်ဧကမှာ ၉၇၆၄၄ ဧကတွင် တစ်ဧကအထွက်နှုန်းမှာ ၁၀ဒသမ၉၄ တင်းထွက်ရှိ၍ စုစုပေါင်း အထွက်တင်းမှာ ၁၀၆၈၄၉၄ တင်း ထွက်ရှိသဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်ထက် စိုက်ဧကများပြီး အထွက်တင်းမှာလည်း များလာတာဖြစ်သည်။

နှမ်းဈေးနှုန်းအနေဖြင့်လည်း ယခင်နှစ်တွင် နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ နှမ်းနက်သုံး တင်းတစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀နှင့် စမုံနက်နှမ်းသုံး တင်းတစ်အိတ်လျှင်ကျပ် ၂၁၀၀၀၀ ဈေးဖြစ်ခဲ့သဖြင့် ယခုနှစ်တွင် သုံးတင်းတစ်အိတ်လျှင် တစ်သိန်းကျပ်ခန့် ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ထိုသို့ဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ စိုက်ဧကနည်းသွားပြီး ဝယ်လိုအား များလာသောကြောင့် ဈေးနှုန်းများမြင့်တက်လာရခြင်းဖြစ်သည်။

**နေကြာ**

ပြည်ခရိုင်အနေဖြင့် ဆီထွက်သီးနှံများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးနေကြာစိုက်ဧကမှာ ၄၈၄ ဧကတွင် တစ်ဧကအထွက်နှုန်းမှာ ၁၀ဒသမ၇၈ တင်း ထွက်ရှိပြီး အထွက်တင်းမှာ ၅၂၁၉ တင်းထွက်ရှိသည်။ ဆောင်းနေကြာ စိုက်ဧကမှာ ၄၅၅၈ ဧကတွင် ရိတ်ဧကမှာ ၄၅၅၂ တွင် တစ်ဧကအထွက်နှုန်းမှာ ၁၅ဒသမ၃၈တင်းထွက်ရှိပြီး အထွက်တင်းပေါင်း ၇၀၀၂၃ တင်းခန့် ထွက်ရှိ၍ စုစုပေါင်း နေကြာစိုက်ဧကမှာ ၅၀၄၂ ဧကတွင် အထွက်တင်းပေါင်း ၇၅၂၄၂ တင်းထွက်ရှိကြောင်း သိရ သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်းနေကြာ တစ်မျိုးသာ စိုက်ပျိုး၍ စိုက်ဧကမှာ ၄၅၉ဧကစိုက်ပျိုးပြီး စိုက်ပျိုးသောဧကအတိုင်း ရိတ်သိမ်းနိုင်ခဲ့သည်။ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၇ ဒသမ ၁၂တင်းထွက်ရှိပြီး စုစုပေါင်းအထွက်တင်းမှာ ၇၈၆၀ တင်းခန့် ထွက်ရှိခဲ့သည်။ နေကြာစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ရာသီဥတု ရေ/မြေသဘာဝနှင့် အထူးသင့်တော်ပြီး စိုက်ပျိုးထုတ်လုပ်ကုန်ကျစရိတ်နည်းပါးခြင်း၊ အထွက်နှုန်း ကောင်းခြင်းနှင့် ဆီအထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုသော သီးနှံဖြစ်သည်။ ဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် နေကြာတစ်တင်းလျှင်ကျပ် ၂၅၀၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် နေကြာတစ်တင်းလျှင် ကျပ် ၂၇၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပြည်ခရိုင်အနေဖြင့် ဆီထွက်သီးနှံများကို အထွက်နှုန်းကောင်း၊ မျိုးသန့်မျိုးသန့်များကို ပိုမိုတိုးချဲ့စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းပြီး ဆီထွက်နှုန်းကောင်းလာ၍ ပြည်တွင်း စားသုံးဆီများ ဖူလုံလာမည်ဖြစ်သည်။ ယခုအချိန်တွင် လူအသုံးများသော ဆီမှာမြေပဲဆီဖြစ်သဖြင့် မြေပဲသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ဝေဝေမင်း(ပြည်)**

# [illegible]

ထွန်းသက်ထွန်း

ကုမ္ပဏီတစ်ခု၊ အဖွဲ့အစည်းတစ်ခု သည် ရင်းနှီးငွေတိုးချဲ့ရေးအတွက် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေမည်ဆိုသည်ကို စဉ်းစားရာတွင် ထုတ်ဝေနိုင်သော အမျိုးအစားနှင့် နည်းလမ်းမျိုးစုံကို တွေ့မြင်နိုင်သည်။ အဆိုပါ နည်းလမ်းများကို ထုတ်ဝေမည့်ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်တို့ ဆွေးနွေးကာ အကောင်းဆုံး နည်းလမ်းကို ရွေးချယ်ကြရန်လိုအပ်သည်။ အထူးသဖြင့် ငွေချေးစာချုပ်များ ထုတ်ဝေမည်လား၊ စတော့ရှယ်ယာများ ထုတ် ဝေမည်လား၊ ရောစပ်ငွေချေးသက်သေခံလက်မှတ်များ (Hybrid securities) ထုတ်ဝေမည်လား ဆိုသည်ကို အကျေအလည် စဉ်းစားကြရန်လိုအပ်သည်။

အကယ်၍ ကုမ္ပဏီသည် ငွေချေးစာချုပ်များကို ထုတ်ဝေရန် ဆုံးဖြတ်ပြီးပါက ကုမ္ပဏီသည် ကြွေးမြီ အဆင့်အတန်းသတ်မှတ်သည့်အဖွဲ့ (Rating Agency) များ၏ အကဲဖြတ်မှုကို ခံယူကာ မိမိကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုအဆင့်ရှိသည့် ကုမ္ပဏီ ဟုတ်၊ မဟုတ် စစ်ဆေးကြရသည်။ ကမ္ဘာပေါ်တွင် Rating Agency များစွာရှိသည့်အနက် ထင်ရှားသည့်အဖွဲ့သုံးခုဖြစ်သည့် Standard & Poors, Moody's နှင့် Fitch တို့၏ အကဲဖြတ်ပုံကို လေ့လာနိုင်သည်။ Standard & Poors နှင့် Fitch တို့သည် BBB(-) နှင့်အထက်ကို ရင်းနှီးမြှုပ်နှံမှုအဆင့်အဖြစ် သတ်မှတ်ပြီး Moody's သည် Baa3 နှင့်အထက်ကို ရင်းနှီးမြှုပ်နှံမှုအဆင့်အဖြစ် သတ်မှတ်သည်။ ရင်းနှီးမြှုပ်နှံမှုအဆင့်ဆိုသည်မှာ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း တောင့်တင်းမှုနှင့် ငွေသားလက်ကျန် လိုအပ်ချက်ကို တောင့်ခံနိုင်သည့် စွမ်းရည်မည်မျှရှိသည် ဆိုသည့်အပေါ် ကြည့်ကာ ဆုံးဖြတ်လေ့ရှိသည်။

Moody's မှ Ba1 နှင့် အောက်အဆင့်များကိုလည်းကောင်း၊ S&P နှင့် Fitch မှ BB+ နှင့် အောက်အဆင့်ကို လည်းကောင်း ရင်းနှီးမြှုပ်နှံရန်မသင့်သော အဆင့်ဟု သတ်မှတ်လေ့ရှိသည်။ ကြွေးမြီစာချုပ်စာတမ်းများကို လေ့လာရာတွင် ရင်းနှီးမြှုပ်နှံမှုအဆင့်နှင့် ရင်းနှီးမြှုပ်နှံရန် မသင့်သောအဆင့်ဟု ခွဲခြားသတ်မှတ်ပြီး ရင်းနှီးမြှုပ်နှံမှုအဆင့်ပေါင်းများစွာ ခွဲခြားထုတ်ဝေကြသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုအဆင့် High Grade ငွေချေးစာချုပ်များ၊ ရင်းနှီးမြှုပ်နှံရန်မသင့်သော အဆင့် (ပြန်ရမှုနှုန်း မြင့်ပြီး စိတ်မချရသည့် ငွေချေးစာချုပ် Junk Bond) များ၊ အခြေပစ္စည်းကျောထောက်နောက်ခံပြုသည့် ငွေချေးသက်သေခံလက်မှတ်များနှင့် ကော်မာရှယ် စာတမ်းများကို ထုတ်ဝေကြသည်။

## ငွေချေးစာချုပ်များ

ငွေချေးစာချုပ်ဆိုသည်မှာ ကုမ္ပဏီတစ်ခုသို့ အဖွဲ့အစည်းတစ်ခုက ထုတ်ဝေသည့် ကာလရှည် ကြွေးမြီစာချုပ်စာတမ်းများဖြစ်ပြီး ယင်းတွင် ထုတ်ဝေမည့်ကာလသက်တမ်း၊ ပေးမည့်အတိုးနှုန်း၊ ရောင်းချမည့်တန်ဖိုး စသည်ဖြင့်ပါဝင်သည်။ ယင်းငွေချေးစာချုပ်ကို ဝယ်ယူသူများသည် သတ်မှတ်ကာလများတွင် သတ်မှတ်ထားသည့် အတိုးနှုန်းကို ပုံမှန်ရရှိသလို ကာလသက်တမ်းပြည့်ချိန်တွင် အရင်းငွေကို ပြန်လည်လက်ခံရရှိသည်။ ကာလသက်တမ်းမပြည့်မီ တစ်ဦးနှင့်တစ်ဦး လက်လွှဲရောင်းချ၍ရသည်။

ရင်းနှီးမြှုပ်နှံမှုဘဏ်၏ ငွေချေးစာချုပ် ရောင်းဝယ်ရေးဌာနခွဲသည် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ထုတ်ဝေရောင်းချမည့် ငွေချေးစာချုပ်များကို တာဝန်ခံဝယ်ယူ၍ တစ်ဦးချင်းနှင့် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများသို့ပြန်လည်ရောင်းချလေ့ရှိသည်။ ယင်းသို့ဆောင်ရွက်ခြင်းကို underwriting လုပ်သည်ဟုခေါ်သည်။ ယင်းသို့ ငွေချေးစာချုပ်များကို တာဝန်ခံ ရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တွင် ကြိုတင်မှတ်ပုံတင်ကာ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရသည်။ အဆိုပါ ငွေချေးစာချုပ်များကို တာဝန်ခံ၍ရောင်းချရာတွင် နည်းလမ်းသုံးသွယ်ဖြင့် ရောင်းချလေ့ရှိသည်။ ပထမနည်းမှာ Best Effort နည်းစနစ်ဖြစ်သည်။ ဒုတိယနည်းမှာ Bought Deal underwriting ဖြစ်ပြီး တတိယနည်းစနစ်မှာ Backstop Commitment နည်းစနစ်ဖြစ်သည်။

Best Effort နည်းစနစ်မှာ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် ကုမ္ပဏီက ထုတ်ဝေရောင်းချသည့် ငွေချေးစာချုပ်များကို အများပြည်သူသို့ ကြိုတင်သတ်မှတ်ထားသည့် ဈေးဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ရောင်းချ၍မကုန်သော ငွေချေးစာချုပ်များကို ကုမ္ပဏီသို့ ပြန်လည်ပေးအပ်နိုင်သည့်စနစ်ဖြစ်သည်။ သို့အတွက် ရောင်းချခြင်းနှင့်ပတ်သက်၍ Risk များကို ကုမ္ပဏီမှ ခံယူရခြင်းဖြစ်သည်။

Bought Deal underwriting စနစ်မှာ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် ရောင်းချမည့်ဈေးနှုန်း၊ အရေအတွက် စသည်တို့ကို တာဝန်ခံရပြီး ထုတ်ဝေသည့်ကုမ္ပဏီ၏တာဝန်ကို ပခုံးပြောင်းရယူလိုက်ခြင်းဖြစ်သည်။ သို့အတွက် ရရှိမည့် ဝန်ဆောင်စရိတ်သည်လည်း ပထမနည်းထက် ပိုမိုများပြားမည်ဖြစ်သည်။

Backstop Commitment နည်းစနစ်မှာ ငွေချေးစာချုပ်များကို ရင်းနှီးမြှုပ်နှံမှုဘဏ်မှ အများပြည်သူသို့ တာဝန်ယူ ရောင်းချပေးရာတွင် အကယ်၍ ရောင်းမကုန်ခဲ့သည့် ငွေချေးစာချုပ်များရှိပါက ဘဏ်အနေဖြင့် ယင်းတို့ကို ဝယ်ယူပါမည်ဟူသည့် အာမခံချက်ပေးသည့်စနစ်ဖြစ်သည်။

## အခြေပစ္စည်းကျောထောက်နောက်ခံပြု ငွေချေးသက်သေခံ လက်မှတ်များ

ယင်းတို့ကို Asset Back Securities (ABS) ဟုခေါ်ဆိုသည်။ ယင်းလက်မှတ်များ၏ အဓိကသော့ချက်မှာ အခြားသော အခြေပစ္စည်းများအပေါ်မှ ရရန်ရှိသည့် ငွေသားစီးဆင်းမှုများကို အခြေခံကာ ABS များကို ထုတ် ဝေခြင်းဖြစ်သည်။ ဥပမာ - အပေါင်ပစ္စည်းအခြေခံချေးငွေများ၊ အိမ်ရာချေးငွေများ၊ မော်တော်ကားချေးငွေများ၊ အကြွေးဝယ်ကတ်များ ထုတ်ဝေထားမှုများ၊ ကျောင်းစရိတ် ချေးငွေများမှ လစဉ် အရစ်ကျ ပြန်လည်ကောက်ခံရရှိမည့်ငွေများကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုဘဏ်မှ ABS များကို ဖန်တီးထုတ်ဝေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရရန်ရှိများဖြင့် ငွေသားလည်ပတ်မှု ရပ်တန့်နေသည့်အဖွဲ့ကို လုပ်ငန်းများပြန်လည်သွက်လက်သွားစေရန် ပခုံးပြောင်းတာဝန် ရယူလိုက်ခြင်းဖြစ်သည်။ ထိုသို့ လွှဲပြောင်းရယူလိုက်ခြင်းကြောင့် မူလက ရရန်ရှိများဖြင့် လည်ပတ်နေသည့် ကုမ္ပဏီသည် ငွေသားစီးဆင်းမှုပြေလည်သွားကာ လုပ်ငန်းအသစ်များကို ပြန်လည်ဆောင်ရွက်နိုင်သည့်အခွင့်အရေး ရရှိသွားသည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် ABS များထုတ်ဝေခြင်း၊ လစဉ်ကောက်ခံရန်ရှိနေသည့် ရရန်ပိုင်ခွင့်များကို ကောက်ခံခြင်းနှင့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်းကို အထူးပြုကုမ္ပဏီတစ်ခု (Special Purpose Vehicle, SPV) သို့ အပ်နှံလိုက်ကာ အဆိုပါ SPV သည် ရင်းနှီးမြှုပ်နှံမှုဘဏ်ကိုယ်စား ဆောင်ရွက်ပေးသည်။

အခြေပစ္စည်းအခြေပြု ငွေချေးသက်သေခံလက်မှတ်တစ်ခုမှာ Collateralized Debt Obligation ဖြစ်သည်။ ယင်းမှာ အပေါင်ပစ္စည်းများကို ကျောထောက်နောက်ခံပြုထားသည့် ကြွေးမြီစာချုပ်စာတမ်းများဖြစ်သည်။ ရှင်းရသော် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည် အိမ်၊ ခြံ၊ မြေ၊ ကား အစရှိသည်တို့ကို အပေါင်ပစ္စည်းအဖြစ် လက်ခံကာ လုပ်ငန်းရှင်များသို့ ချေးငွေများထုတ်ချေးလိုက်သည်။ ထိုအခါ အဆိုပါ ငွေရေးကြေးရေးအဖွဲ့ အစည်းမှ ငွေသားများစီးထွက်သွားကာ လက်ထဲတွင် အပေါင်ပစ္စည်းစာချုပ်စာတမ်းများ ကိုင်ဆောင်ထားကာ ငွေချေးယူထားသူများထံမှ ပေးအပ်မည့်အတိုးငွေနှင့် အချိန်စေ့ပါက ပြန်လည်ပေးဆပ်မည့်အရင်းငွေကို ပြန်လည်စောင့်ကြရသည်။ ဤသည်မှာ ငွေကြေးအဖွဲ့အစည်းတစ်ခု၏ ပုံမှန်လည်ပတ်နေသည့် ယန္တရားတစ်ခုဖြစ်သည်။ အကယ်၍ ဤပုံမှန်လည်ပတ်နေသော ယန္တရားသည် ငွေချေးသူမှ အချိန်စေ့ရောက်၍ ငွေများပြန်လည် မပေးဆပ်တော့သည့်အချိန်တွင် လည်ပတ်မှု နှောင့်နှေးသွားသည်။

ထိုအချိန်တွင် ရင်းနှီးမြှုပ်နှံမှုဘဏ်သည် အဆိုပါ လည်ပတ်မှု နှောင့်နှေးနေသည့် ငွေကြေးအဖွဲ့အစည်းထံမှ အပ်နှံထားသည့် အပေါင်ပစ္စည်းများကို လွှဲပြောင်းယူလိုက်ကာ ရရန်ပိုင်ခွင့်များကို ပခုံးပြောင်းတာဝန်ယူလိုက်ခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် အဆိုပါလွှဲပြောင်းရယူထားသည့် အပေါင်ပစ္စည်း (Mortgage) များကို စုစည်းကာ ယင်းတန်ဖိုးနှင့်ညီမျှသည့် ငွေချေးစာချုပ်များကို အများပြည်သူသို့ ထုတ်ဝေရောင်းချခြင်းဖြစ်သည်။

ထုတ်ဝေရောင်းချရာတွင် Tranches ဟုခေါ်သည့် အလွှာများခွဲခြားသတ်မှတ်ကာ ရောင်းချလေ့ရှိသည်။ အများအားဖြင့် Senior Tranches, Mezzanine Tranches နှင့် Equity Tranches ဟူ၍ ခွဲခြားရောင်းချလေ့ရှိသည်။ Senior Tranches သည် ကြွေးမြီအဆင့်အတန်း သတ်မှတ်သည့်အဖွဲ့တစ်ခုက အဆင့် AAA သတ်မှတ်ထားသည့် လက်မှတ်များဖြစ်သည်။ Mezzanine Tranches သည် ကြွေးမြီအဆင့် AA မှ BB အထိ သတ်မှတ်ထားသည့် လက်မှတ်များဖြစ်ပြီး ကြွေးမြီအဆင့် သတ်မှတ်ရန်မလိုသည့် Equity Tranches များဟူ၍ ခွဲခြားထားသည်။


အဆိုပါထုတ်ဝေသည့် ကြွေးမြီစာချုပ်စာတမ်းများကို ပေးအပ်သည့် အတိုးငွေ (coupon rate) အနည်း အများမှာ ကြွေးမြီအဆင့် သတ်မှတ်ချက်နှင့် ပြောင်းပြန်အချိုးကျသည်။ ခိုင်မာသည့်အဆင့် AAA များအတွက် ပေးမည့်အတိုးငွေမှာ နည်းပါးပြီး AA, BB အစရှိသည်တို့အတွက် အတိုးနှုန်းမှာ ပိုမိုများမည်ဖြစ်သည်။ ဆိုလို သည်မှာ ကြွေးမြီစာချုပ်စာတမ်းများသည် ခိုင်မာမှုအားနည်းလေလေ ယင်းကိုဝယ်ယူရန် အတိုးများများပေးပြီး ဆွဲဆောင်ရလေလေ ဖြစ်သည်ဆိုသည်ကို သိထားသင့်သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်များအတွင်း အဆိုပါအခြေပစ္စည်းအခြေပြု ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ကြီးမှာ လျင်မြန်စွာ တိုးတက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ဘဏ်ကြီးများနှင့် တာဝန်ခံဖြန့်ချိသူများ အကျိုးအမြတ်များစွာ ရရှိခဲ့သည်။ သို့သော် ကြွေးမြီအကျပ်အတည်းဖြစ်ခဲ့သည့် ၂၀၀၇ နှစ်လယ်ပိုင်းမှစတင်ကာ အဆိုပါ စာချုပ်စာတမ်းထုတ်ဝေမှုများ ကျဆင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးများစွာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အဆိုအရ အဆိုပါ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံ မှု ဘဏ်ကြီးများအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ထရီလီယံ အရှုံးပေါ်ခဲ့သည်ဟု သိရသည်။

ယင်းသို့ဖြစ်ရခြင်း၏ အခြေခံအကြောင်းရင်းမှာ အဆိုပါ အခြေပစ္စည်းအခြေပြု ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ကြီးသည် လွန်စွာမှ ရှုပ်ထွေးနက်နဲပြီး ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံသူ အများစုမှာ သေချာစွာနည်းမလည်ခြင်းများကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ အမေရိကန်အစိုးရသည် ၂၀၁၀ ပြည့်နှစ်တွင် Dodd-Frank Act ကိုပြဋ္ဌာန်းကာ အရင်းအနှီးဈေးကွက်အတွင်း ပါဝင်ရောင်းဝယ်နေသည့် ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး အစီအစဉ်များကို ချမှတ်ခဲ့ရသည်။

> ငွေချေးစာချုပ်ဆိုသည်မှာ ကုမ္ပဏီတစ်ခုသို့ အဖွဲ့အစည်းတစ်ခုက ထုတ်ဝေသည့် ကာလရှည် ကြွေးမြီစာချုပ်စာတမ်းများဖြစ်ပြီး ယင်းတွင် ထုတ်ဝေမည့်ကာလသက်တမ်း၊ ပေးမည့် အတိုးနှုန်း၊ ရောင်းချမည့်တန်ဖိုး စသည်ဖြင့် ပါဝင်သည်။ ယင်းငွေချေးစာချုပ်ကို ဝယ်ယူသူများသည် သတ်မှတ်ကာလများတွင် သတ်မှတ်ထားသည့် အတိုးနှုန်းကို ပုံမှန်ရရှိသလို ကာလသက်တမ်း ပြည့်ချိန်တွင် အရင်းငွေကို ပြန်လည်လက်ခံရရှိသည်။


မနက်ခင်း နိုးထတိုင်းမှာ အားအင်အပြည့်နဲ့ နေ့ရက်တွေကို စတင်ဖို့အတွက် LA FIT-G ပဲ လိုအပ်ပါတယ်။
LA FIT-G
Multivitamins and Multiminerals with Ginseng Softgel Capsules
12 Vitamins
09 Minerals
Ginseng Extract
နေ့စဉ်သောက်လို့ကျန်းမာသည်...
အယ်လ်အေ ဖစ် ဂျီ
To keep the body in ALL-IS-WELL Condition.
LA FIT-G က တစ်နေ့တာတွက် လိုအပ်တဲ့ ဗီတာမင်နှင့် သတ္တုဓာတ် (၂၁)မျိုးအပြင် ဂျင်ဆင်း သက်စောင့်ဓာတ်ပါ ပါဝင်ပါတယ်။
ဗီတာမင်တွေအားလုံးကို ဆေးတစ်လုံးထဲမှာ စုလင်စွာ ပါဝင်တာမို့ ကိုယ်ခံအားကို အကောင်းဆုံး မြှင့်တင်ပေးနိုင်ပါတယ်။
LA FIT-G တစ်မျိုးထဲ ဆောင်ထားရုံနဲ့ ဗီတာမင်ပြည့်ဝတဲ့ နေ့ရက်တွေကို ပိုင်ဆိုင်နိုင်ပြီး ကိုဗစ်လည်း ကာကွယ်ပြီးသားဖြစ်တာပေါ့။
ကိုဗစ်ကို ကာကွယ်ပြီးတဲ့အပြင် သက်လုံကောင်းခြင်း၊ အမောခံနိုင်ခြင်း၊ လန်းဆန်းတက်ကြွခြင်းတို့ကို ပိုင်ဆိုင်နိုင်ပါတယ်။
လူကြီး တစ်ရက် တစ်လုံးသောက်ရုံနှင့် လုံလောက်ပါသည်။
FDA ထောက်ခံချက် အပြည့်အဝ ရရှိထားပြီးသားဖြစ်လို့ ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်ပါတယ်နော်။
ဗီတာမင်သတ္တုဓာတ် (၂၁)မျိုးနှင့် ဂျင်ဆင်းတို့ ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက် နေ့စဉ် လိုအပ်လျက်ရှိသော ဓာတ်များကို ဖြည့်ဆည်းပေးသည့် သက်စောင့်အားဆေး ဖြစ်ပါသည်။
LA Fit-G
A product of
OXYCARE
Dedication to health almost...
www.oxycarepharma.com
info@oxycarepharma.com
https://www.facebook.com/luckyasiainternational/
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
Marketed and Distributed By:
LA
PHARMA
Lucky Asia International Co. Ltd
No. 190, Bo Myat Htun Street,
Pazundaung TSP, Yangon, Myanmar
Phone: +95-200278, +95-295453


LIVE YOUR LIFE
A PARTNER FOR LIVE
RB
ROYAL BIONIC
COMPANY LIMITED
ROYAL BIONIC
No.88,Mya Kan Thar Street,10 Miles,Sawbwar Gyi Gone,Insein Township,Yangon,Myanmar.
Tel :09 42003 6990 : 09 969 476621
E.mail :royalbioniccoltd@gmail.com


YKL
YKL INTERNATIONAL LTD.
SINMAG MYANMAR SOLD AGENT
SINMAG
SINMAG
Add:127, Lower Kyeemyindaing Rd., Ahlone Tsp., Yangon
Ph:09-73466696,09-43156789

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

## Internet & Mobile Banking Services

လုံခြုံလျှို့ဝှက်
ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်

- Account Transfer
- Mobile Topup ( Phone Bill )
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment





(24) ~ (01) 2301421, 2317166

Phone No : (01) 2301367, 2301368, 2301452, 2301378

# SINOPEC




**Authorized Distributor: 777-1 EXPORT IMPORT COMPANY LIMITED**

**Yangon:**
No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-454511112,454511113,454511114

**Mandalay:**
PaPa(21/1), Corner of 135 (Yaw Min Gyi) Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

COMMERCE
INTERNATIONAL

# စမတ်ကား ဉာဏ်ရည်တုနည်းပညာအတွက် MediaTek နှင့် Nvidia တို့ ပူးပေါင်း

ထိုင်ဝမ်အခြေစိုက် MediaTek ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် Nvidia ကုမ္ပဏီတို့သည် စမတ်ကား ဉာဏ်ရည်တုနည်းပညာ(AI)အတွက် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း corp.mediatek.comတွင် ဖော်ပြထားသည်။

အဆိုပါ အီလက်ထရွန်နစ်ကုမ္ပဏီကြီးနှစ်ခုသည် စမတ်ကားများအတွင်း ဉာဏ်ရည်တု(AI) နည်းပညာများကို ထည့်သွင်းဖြေရှင်းရေးအတွက် ပူးပေါင်းခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

ဉာဏ်ရည်တု (AI) နည်းပညာနှင့် မောင်းနှင်သည့် မောင်းသူမဲ့ကားများတွင် နည်းပညာအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အီလက်ထရွန်နစ်ကုမ္ပဏီကြီးနှစ်ခု ပူးပေါင်းခဲ့ကြခြင်းဖြစ်သည်။

MediaTek နှင့် Nvidia တို့တွင် စမတ်ကားများအတွက် ပြီးပြည့်စုံသည့် ဉာဏ်ရည်တု (AI) နည်းပညာများ ရှိနှင့်ပြီးဖြစ်သည်။ အဆိုပါ ကုမ္ပဏီကြီးနှစ်ခုစလုံးသည် ဉာဏ်ရည်တု (AI) နည်းပညာနယ်ပယ်၌ ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ဆောင်ထားပြီး မောင်းသူမဲ့ကားများ၏ နည်းပညာအခက်အခဲများကိုလည်း ဖြေရှင်းပေးလျက်ရှိသည်။

MediaTek နှင့် Nvidia တို့ ပေါင်းစပ်မှုသည် မောင်းသူမဲ့ကားများ၏ ဉာဏ်ရည်တု (AI) နည်းပညာ အနာဂတ်အတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ဖြစ်ပြီး မောင်းသူမဲ့ကားများကို မြင့်မားသည့် အဆင့်တစ်ခုသို့ တက်လှမ်းစေနိုင်ဖွယ်ရှိနေကြောင်း သိရသည်။ **Source; corp.mediatek.com**




## စင်ကာပူနိုင်ငံ၏ ပို့ကုန်ကဏ္ဍ ကျဆင်း

စင်ကာပူနိုင်ငံ၏ ပို့ကုန်ကဏ္ဍမှာ ယခု ၂၀၂၃ ခုနှစ် ပထမ လေးလပတ်၌ ကျဆင်းခဲ့ကြောင်း asianbusinessreview.com တွင် ရေးသားဖော်ပြထားသည်။ စင်ကာပူနိုင်ငံ၏ ပို့ကုန်ကဏ္ဍမှာ ၂၀၂၃ ခုနှစ် ပထမ လေးလပတ်တွင် ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီး ကုန်ပစ္စည်းစုစုပေါင်းကုန်သွယ်မှုသည် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်းနိုင်ကြောင်း EnterpriseSingapore (Enterprise SG) ၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

ကုန်ထုတ်လုပ်မှု ကျဆင်းမှုနှင့် မျှော်မှန်းထားသည့် ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် မျှော်မှန်းထားသည်ထက် ဆိုးရွားသော စွမ်းဆောင်ရည်ကြောင့် စုစုပေါင်းကုန်သွယ်မှုကို ၈ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု အစိုးရက ခန့်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရေနံနှင့် ရေနံမဟုတ်သော ကုန်သွယ်မှုသည် ၁၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၀ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားခဲ့ရသည်။ ယင်းမှာ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ရေနံမဟုတ်သော ကုန်သွယ်မှုသည် ၉ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။

ထို့ပြင် ပြည်တွင်း အီလက်ထရွန်နစ် ပစ္စည်းများသည် ၂၀၂၂ ခုနှစ် နောက်ဆုံး လေးလပတ်တွင် ၁၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၂၀၂၃ ခုနှစ် ပထမ လေးလပတ်တွင် ၂၅ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဆိုသည်။ **Source; asianbusinessreview.com**



## တရုတ်နိုင်ငံ၏ EV ထုတ်လုပ်မှု အရှေ့တောင်အာရှဈေးကွက်ကို ဦးဆောင်နေ




တရုတ်နိုင်ငံ၏ ထိပ်တန်း လျှပ်စစ် မော်တော်ကားထုတ်လုပ်သူ BYD ကုမ္ပဏီသည် အရှေ့တောင်အာရှ၏ EV မော်တော်ကား ဈေးကွက်ကို တစ်နေ့တခြား စိုးမိုးဦးဆောင်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသား ဖော်ပြထားသည်။

တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူ BYD အနေဖြင့် ဂျပန်ပြိုင်ဘက်များကို နောက်ကောက်ချပြီး အရှေ့တောင်အာရှ ဈေးကွက်ကို ဦးဆောင်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် BYD ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင်လည်း ၎င်း၏ ပထမဦးဆုံးသော EV ထုတ်လုပ်မှုစက်ရုံကို တည်ဆောက်ရန် အစီအစဉ်ရှိကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

ယင်းအပြင် တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူ BYD သည် ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း EV ထုတ်လုပ်မှုစက်ရုံကို တည်ဆောက်ရန် အခွင့်အလမ်းများကို ရှာဖွေလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ BYD သည် အရှေ့တောင်အာရှရှိ အထင်ကရ ဂျပန်နိုင်ငံ မော်တော်ကားထုတ်လုပ်သူအား ၎င်း၏ လျှပ်စစ်မော်တော်ကားများ (EVs)ဖြင့် စိန်ခေါ်နေသည်။ Bangkok International Motor Show တွင် BYD သည် EV များ၏ ဆီစားသက်သာမှုနှင့် ၎င်းတို့၏ ယုံကြည်စိတ်ချရမှုကို ကိုးကား၍ လာရောက်ကြည့်ရှုသူအများအပြားဖြင့် ဦးဆောင်လျက်ရှိနေသည်။

BYD သည် အရှေ့တောင်အာရှတွင် ၎င်း၏ ထုတ်ကုန်လိုင်းကို တိုးချဲ့ရန်စီစဉ်နေပြီး ၂၀၂၄ ခုနှစ်တွင် ကားအစီးရေ ၁၅၀၀၀၀ ထုတ်လုပ်ရန် ရည်ရွယ်ထားကာ ထိုင်းနိုင်ငံတွင် ၎င်း၏ ပထမဆုံး ပြည်ပကုန်ထုတ်စက်ရုံကို တည်ဆောက်နေသည်။ သို့သော်လည်း ကုမ္ပဏီအနေဖြင့် ထုတ်ကုန်ရွေးချယ်မှုနှင့် ရောင်းချပြီးနောက် ဝန်ဆောင်မှုဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

BYD သည် ထိုင်းနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ၎င်း၏ လျှပ်စစ်ဘတ်စ်ကားများအတွက် အမှာစာအများအပြားကို ရရှိထားသည်။ BYD ကထုတ်လုပ်သည့် လျှပ်စစ်ဘတ်စ်ကားများသည် လောင်စာဆီ ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းအထိ သက်သာစေပြီး ဒီဇယ်ဘတ်စ်ကားများနှင့် နှိုင်းယှဉ်ပါက ကာဗွန်ထုတ်လွှတ်မှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု ဆိုသည်။ **Source; Xinhua**

စိုင်းဗညား - စုစည်းသည်

## အလုပ်များအား နည်းပညာဖြင့် အစားထိုးလာမည်ကို အလုပ်သမားအများစု စိုးရိမ်နေ

ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နေကြသည့် လုပ်သားများအနေဖြင့် မိမိတို့၏ လူသားများနေရာတွင် နည်းပညာများအား အစားထိုးပြုလုပ်လာကြမည်ကို အလုပ်သမား ၁၀ ဦးတွင် ခုနစ်ဦးက စိုးရိမ်လျက်ရှိနေကြကြောင်း စစ်တမ်းများအရ သိရသည်။

ထိုကဲ့သို့ လုပ်သားများက စိုးရိမ်နေချိန်တွင် နာမည်ကြီးကုမ္ပဏီအများစုက ၎င်းတို့၏လုပ်ငန်းကို အနာဂတ်၌ သက်သေပြနိုင်ရေးအတွက် နည်းပညာကိုအသုံးချရန်လိုအပ်ကြောင်း ပြောဆိုထားသည်။



လတ်တလော ကောက်ယူခဲ့သည့် စစ်တမ်းများအရ မလေးရှားနှင့် စင်ကာပူနိုင်ငံသား ၇၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ အလုပ်အကိုင်များကို နည်းပညာဖြင့် အစားထိုးမည်ကို စိုးရိမ်နေကြကြောင်း Employment Hero ၏ လေ့လာမှုတွင် ဖော်ပြထားသည်။

ပရော်ဖက်ရှင်နယ် စက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် လုပ်သား ၃၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့ရာတွင် အများစုက ခေတ်မီနည်းပညာကို အနာဂတ်တွင် ပိုမိုအသုံးပြုရန် လိုလားကြကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၎င်းတို့သည် သုံးစွဲသူဝန်ဆောင်မှုပေးသည့် ဆော့ဖ်ဝဲလ်တစ်မျိုးကို အသုံးပြုနေကြပြီလည်း ဖြစ်သည်။ **Source; asianbusinessreview.com**